| iPad Mini2 16GB WiFi | = 300,000 | iPad Air 16GB WiFi | = 500,000 |

လိပ်စာ - အမှတ် (105) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ (ဆူးလေစေတီအနီး)

**To Buy - 09 5412384, To Sell - 0973052197, 0973052198**

# Profit

သင်တန်းကို သင်တန်းလိုသင်တာထက် တကယ့်လုပ်ငန်းခွင်အတိုင်း သင်တာပါ

## Computer & Mobile Training Centre

### Practical A+ Special Course

DesktopများသာမကLaptopများအကြောင်း အသေးစိတ်အချက်အလက်များ အပြင် စနစ်တကျ ပြုပြင်တပ်ဆင်ခြင်းကိုသင်ကြားရမည်ဖြစ်ပါသည်....... Windows XP, 7, 8 Driver, Software, Game installation DOS Command, Disk Management, HardDisk Cloning, System Registry, Group Policy, Data Secuity, Data Backup & Recovery, System Backup & Recovery, Anti Virus, Networking အခြေခံတိုလည်း ထည့်သွင်းသင်ကြားပေးပါသည်၊

**ACER နှင့် MSi တို့မှ Computer Technician များမှ Laptop များအကြောင်း ကူညီသင်ကြားပေးမည်ဖြစ်ပါသည်**

*(Sat & Sun 9:30 to 12:00 , 12:30 to 3:00 , 3:00 to 5:30 PM)*

### Other Application Course

- ❖DTP , i-Office, Advanced Excel
- ❖Graphic Design Course

(ရုံးချိန်ပြင်ပ 6-8 PM တန်းခွဲများလည်းစီစဉ်ထားပါသည်)

### Mobile Phone Training Course

#### Android Courses

- -Mobile Phone setting configuration
- -Software, Game installion
- -System Backup & Restore
- -Firmware Upgrade, Downgrade
- -Using ADB / fastboot command
- -Rooting / DOS Bat file
- -Bootloader unlock & Relock
- -IME flashing & Reparing etc

#### IOS Course

- -History of iOS
- -i O S Setting
- -Using i Tunes/ i Tools
- -Software & Game installation
- -Firmware Upgrade, Downgrade
- -Cydia Sources / Jailbreaking
- -Create Apple ID
- -Network / User unlock etc

Hard Ware =150000ks
Soft ware =150000ks

10% Off

#### Hardware Course

Electronic အခြေခံပစ္စည်းများ၏အလုပ်လုပ်ပုံများကို သင်ကြားပေးခြင်း၊ Multimeter, Power Supply စသည်တို့ဖြင့်Voltage များ တိုင်းတာခြင်း ........... ဖုန်းတစ်လုံးခြင်းအစိတ်အပိုင်းများ ဖြုတ်တတ်လဲလှယ်ခြင်း၊ Short ရှင်းခြင်း၊ IC လဲခြင်း၊ Errors မျိုးစုံတို့ကိုလက်တွေ့လုပ်ငန်းခွင်အတိုင်းဖြေရှင်းတတ်စေရန်သင်ကြားပေးခြင်း၊ Schematic Diagram ဖတ်နည်း၊ Jumper ကျော်နည်းများ၊ Video Lesson များသင်ထောက်ကူပစ္စည်းများနှင့်ထိရောက်စွာ သင်ကြားခြင်း ........

- -ကွန်ပျူတာအခြေခံ မရှိသူများကိုလည်း တက်ရောက်နိုင်ရန် စီစဉ်ပေးထားခြင်း
- -အချိန်တိုအတွင်း ကျွမ်းကျင်တတ်မြောက်စေရန်အတွက် သင်တန်းသားဦးရေကန့်သတ်ထားပါသည်။
- -ဝါရင့်ဆရာများကိုယ်တိုင် စာတွေ့လက်တွေ့ အချိုးညီစွာ ပေါင်းစပ်သင်ကြားပေးပါသည်။
- -လိုအပ်သော Data များကိုအခမဲ့ ပေးခြင်း
- -ကျွမ်းကျင်မှုမရှိသေးဟု ယူဆပါက အခမဲ့ ပြန်လည်တက်ရောက်ခွင့် ရှိပါသည်။
- -ကိုယ်ပိုင်ဆိုင်ဖွင့်လိုသူများကိုလည်းလိုအပ်သော ဝန်ဆောင်မှုများ ပေးပါသည်။

No.18(D-5), ဦးထွန်းလင်းခြံလမ်း၊ သပြေညို (၁) လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ Phone ; 09-73084751, 09-420160229

**Mobile Phone Service Technician** တစ်ယောက်ဖြစ်စေရန်

**အမှန်တကယ်ကျွမ်းကျင်တတ်မြောက်စေရန် 100% အာမခံသည်။**

### သင်တန်းစောစော စာရင်းသွင်းထားမှုစိတ်ချရမည်။ ###

✸ တစ်တန်းလျှင် ✸
*၅* ဦးသာ။

**တန်းခွဲသစ်(၁၂.၁.၂၀၁၅)ရက်စမည်။**

**HARDWARE + SOFTWARE**

**Job Training**

Java

**Hardware+Software 300000Ks**

Android,IOS,JAVA,Symbiam...etc.
Introduction & History of OS
Mobile Setting & Configuration
Application Install
Backup/Restore
ADB / Fastboot Command
Creating Dot Bat file
Firmware Upgrade
Downgrade & Restore
Creating Custom Firmware & Installing
Activating & Hacktivating
Software Problem Fixing & Troubleshooting
Rooting/Unrooting & Jailbreaking
Network/User & Bootloader Unlock...etc.

Basic Electronic
Using Multimeter/Digitalmeter
Power Supply/Heat Gun
Components Testing/replacing(EMMC,CPU,)
Motherboard Tracing & Troubleshooting
Schematic Diagram
Layout Diagram
Theory & Practical
Soldering / Desoldering...etc.

✸ မိမိကိုယ်ပိုင်ဆိုင်ဖွင့်နိုင်သည်အထိတာဝန်ယူသင်ကြားပေးသည်။
(မတတ်သေး၊မကျွမ်းကျင်သေး)ပါကအခမဲ့ပြန်သင်ပေးမည်။
✸ စာတွေ့လက်တွေ့ဖြေဆိုအောင်မြင်ပြီးမှအောင်လက်မှတ်ရရှိမည်။
✸ လိုအပ်သော Data,Firmware,Tools..etc 1000GB နှင့်ဆိုင်ဖွင့်လိုသူများအတွက်
✸ Distributer များနှင့်ဆက်သွယ်ပေးခြင်းစသည့်လိုအပ်သောအကူညီများပေးမည်
စနေ၊တနင်္ဂနွေ အတန်းများလဲဖွင့်လှစ်ထားပါသည်။

-------------အလုပ်လုပ်ချင်သူများလဲအလုပ်ရရှိရန်အာမခံသည်။-------------

**ရက်တိုအမြန်တန်းခွဲရှိသည်။(Special Class)**
(Computer A+ Hardware Course Free)

**A-One Computer & Mobile**
**No.273,39 Street Upper.Kyauktada Tsp.Yangon.**
-0933308391,-09420075862,-09254897392,-09790141509

လူကြီးမင်းထံ ပိုနေသော် လာရောင်းပါ ☆ လိုနေသော် လာလဲယူ/ဝယ်ယူပါ

**ဆလား မိုဘိုင်း**

Brand New or Good Second Hand → Phone & Laptop
ပစ္စည်းသန့်များ ရောင်းသည်၊ ဝယ်လိုသည်၊ အလဲအလှယ် လုပ်ပေးသည်။

**အထူး ဈေးကောင်း၊ ဈေးမှန် ပေးဝယ်လိုသည်။**

SAMSUNG htc LG SONY HUAWEI iPhone iPad

INTEL CORE i3, i5, i7, MAC Book . . . , ACER, SAMSUNG, HP, ASUS, TOSHIBA, SONY vaio, LENOVO, DELL, Model အမြင့် Phone နှင့် Laptops များ ဝယ် လို သည်။

**To Contact - 09430 27553 : 099740 97000 : 09317 75707**
အမှတ် (၂၈၇)၊ ပထမထပ်၊ ဗိုလ်ဆွန်ပတ်လမ်း(အပေါ်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

email : alif.phoneshop@gmail.com

**ALIF**
**Phone Shop**
**& Authorized Money Changer**
(နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး)



Uni Mile PR 600 (CDMA 450) 165,000 Ks
Uni Mile PR 650 (CDMA 450) 125,000 Ks

စင်ကာပူနိုင်ငံမှ တင်သွင်းသော နောက်ဆုံးပေါ် Hand Set မျိုးစုံကို အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။

OOREDOO SIM Card ဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၁၇၀)၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ မဟာဗန္ဓုလလမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 242643, 245107, 09-73003101 E-mail : alif.phoneshop@gmail.com

**NetGuide တွင် ကြော်ငြာများထည့်သွင်းလိုပါက**
**ဖုန်း–၂၂၄၇၁၁၊ ၀၉–၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။**

Myanmar SoftCom Technology

ပြည်တွင်းပြည်ပ **Professional Hardware Technician** တစ်ယောက်အဖြစ်ရပ်တည်လိုသူများအတွက်

Happy New Year အထူးအစီစဉ်အနေဖြင့် Software & Hardware နှစ်မျိုးစလုံးကိုပထမဆုံးတပြိုင်နက်အပ်နှံသူ ၁၀ ဦးအား Phone Toolbox တစ်လုံးစီရယူနိုင်မည်ဖြစ်သည်။

Start date
5.1.2015 (Mon-Fri)
19.1.2015 (Mon-Fri)
17.1.2015 (Sat - Sun)

## Professional Hardware Technician Course

Hot Line Ph-09 5401040

လက်တွေ့စက်ပြင်နေသောအတွေ့အကြုံရှိ Mobile Phone Hardware ပညာရှင်ကိုယ်တိုင်စနစ်တကျသင်ကြားမည်

*Course Contents*

*Special Promotion (Software + Hardware + OJT =300,000)*

- Basic Electronics
- Indentification of IC,Resistor,Capacitor,Transistor
- Introduction of Components & Testing
- Using Multimeter,Digitalmeter
- Soldering /Desoldering
- Using Soldering Machine
- Layout & Schematic Diagram
- PCB Board,Jumpered & Power Management System
- Power Supply and Heat Gun
- Fault Finding on PCB Board
- IC & Parts Testing,Replacing
- Component Parts Replacing & Problem Solving
- Mainboard Tracing & Troubleshooting

- ကျွမ်းကျင်သော Hardware Technician တစ်ယောက်ဖြစ်ချင်သူများ။
- Hardware အတွက် လိုအပ်သော Data များပေးမည်။
- သင်တန်းတက်ပြီးမကျွမ်းကျင်သူများ ၊ သင်တန်းအမည်အမျိုးမျိုးပြောင်းပြီးဖွင့်သည့်သင်တန်းတက်ပြီးစိတ်ညစ်နေသူများ၊ သင်တန်းကြေးမြောက်များစွာပေးရပြီး ဘာဆိုဘာမှ မတတ်သူများ အတွက် အထူးရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။
- Mobile Service နှင့် Network Unlocking နယ်ပယ်တွင် (ရနှစ်ကျော်) အတွေ့အကြုံရှိသော ဆရာများမှစနစ်တကျ သင်ကြားပေးပါသည်။
- အမျိုးမျိုးသော Hardware Error များကို လွယ်ကူရိုးရှင်းသော နည်းလမ်းသစ်များဖြင့် သင်ကြားပေးပါသည်။
- Electronic အခြေခံမှစ၍ Schematic Diagram ၊ Logic Board များအား Repairing ၊ Modifying ၊ Replacing နည်းလမ်းများကို စနစ်တကျ သင်ကြားပေးပါသည်။
မည်သည့် IC မဆို မိနစ်ပိုင်းအတွင်း မှန်ကန်စွာ ဖြုတ်တပ်နိုင်ရမည်။
- Hardware Related Techniques ဖြစ်သော DeadBoot Repairing ကို Riff Box ၊ Jtag Pro ၊ Volcano GPG EMMC တို့ဖြင့် စနစ်တကျ လက်တွေ့ပိုင်းကို အထူးဦးစားပေးသင်ကြားပေးပါသည်။
- ပါဂါမလာသော မည်သည့် Huawei နှင့် Samsung ကိုမဆို ပါဂါပြန်လာအောင် ပြုပြင်ခြင်းများကို စနစ်တကျ သင်ကြားပေးမည်။

Phone:09-5401040,09-450058374. Address:Building 6 /Room 65 /Hlaing Yadanar Housing /Hlaing Township/Yangon myanmarsoftcomtechnology@gmail.com

# လူမှုဘဝအတွက် Google Calendar




**ဆောင်းပါးရှင် – ဒေသက် (ဖြိုးနေဒစ်ဂျစ်တယ်ဓာတ်ပုံ)**

အကြင်သူသည် အိုင်တီလောကကြီးနှင့်မကင်းသူဖြစ်လျှင် သို့တည်းမဟုတ် မိုဘိုင်းအင်တာနက်နှင့်မကင်းသူဖြစ်လျှင် Google Account တစ်ခုကိုပိုင်ဆိုင်ထားပြီး ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ Google Account ဟုပြောလျှင် မျက်စိထဲတန်း၍မြင်မည်မဟုတ်သော်လည်း Gmail ဟုဆိုလျှင် မျက်စိထဲတန်း၍မြင်နိုင်ကောင်းပါသည်။ Gmail သည် Google Account ပင်ဖြစ်ပါသည်။

Google Account ရှိလျှင် Google ကပေးသော အခမဲ့ဝန်ဆောင်မှုများကိုသုံးစွဲနိုင်ပါမည်။ ထိုဝန်ဆောင်မှုများအနက် နေ့စဉ်လူနေမှုဘဝအတွက် အသုံးတည့်သောဝန်ဆောင်မှုတစ်ရပ်မှာ Google Calendar ဖြစ်ပါသည်။ မိမိ၏ချိန်းဆိုချက်များ၊ အစည်းအဝေးများ၊ စီမံကိန်းများ၊ မွေးနေ့များနှင့် အခြားသောအကြောင်းကိစ္စများအတွက် Google Calendar မှာ အသုံးတည့်လှပါသည်။

Google Calendar မှာ ယခုအခါ မိုဘိုင်းဖုန်းပေါ်မှအသုံးပြုနိုင်သဖြင့် ပို၍ပင်အသုံးတည့်လာပါသည်။ Android ဖုန်းတို့၏အသံမှတ်မိသည့်စွမ်းရည်ကြောင့် Calendar ထဲ၌ Event များထည့်သွင်းရာတွင် စကားဖြင့်ပြောဆိုထည့်သွင်းလာနိုင်ပါသည်။ PC နှင့်ဖုန်းထဲတွင် ထည့်သွင်းထားသော Calendar တို့ကိုလည်း အလွယ်တကူ Sync လုပ်နိုင်သဖြင့် အချိန်းအချက်များကို အချိန်မရွေးနေရာမရွေးသိနိုင်ပါသည်။

PC ထဲမှ Calendar တွင် Extra Calendar များထည့်နိုင်ပြီး ယင်းတို့ကိုဖုန်းထဲမှ Calendar တွင်လည်းမြင်နိုင်သည်။ အဆင့်မြင့်စွမ်းဆောင်ရည်ဖြစ်သည့် Lab Extras တို့ကိုမူ PC (သို့မဟုတ်) Mac တွင်ရှိသော Browser မှတစ်ဆင့်သာဝင်ရောက်သုံးစွဲနိုင်ပါမည်။ အဓိကစွမ်းဆောင်ချက်တစ်ရပ်မှာ Google Calendar သုံးသူများသည် Microsoft Calendar သုံးသူများနှင့်ချိတ်ဆက်ပြီး အခမ်းအနားများသို့ အပြန်အလှန်ဖိတ်ကြားမှုပြုလုပ်နိုင်ခြင်းဖြစ်ပါသည်။

Googl Calendar သည် Calendar ပေါင်းများစွာကိုပြနိုင်သည်။ Calendar ကိုဖွင့်ပြီး ဘယ်ဖက်အကွက်ကြီးထဲရှိ Other Calendars စာသားနံဘေးမှ Button တွင် ဘယ်ကလစ်နှိပ်ပါ။ ထို့နောက်ပေါ်လာသောအကွက်ကြီးထဲမှ Browse Interesting Holidays ကိုရွေးပါ။ ယင်းနောက်ရွေးချယ်ပိုင်ခွင့်များထဲမှ Holidays in UK (သို့မဟုတ်) Sports စသည်တို့ကိုရွေးနိုင်သည်။ Sport ခေါင်းစဉ်အောက်မှ Football > English Premier League ကိုရွေးမည်ဆိုလျှင် ပရီးမီးယားလိဂ်ဝင်အသင်းများ ကစားမည့်ပွဲစဉ်တို့ကို နေ့ရက်၊ အချိန်နာရီနှင့်တကွ သိရပါလိမ့်မည်။

Google Calendar သည် စာသားများချည်းသာပါဝင်သဖြင့် ရိုးစင်းလွန်းနေသည်ဟုထင်လျှင် နောက်ခံရုပ်ပုံထည့်သွင်းပေးနိုင်သည့် ပို၍စိတ်ဝင်စားဖွယ်ကောင်းသောရုပ်ထွက်ကိုရရှိပါမည်။ ယင်းသို့ပြုလုပ်ရန်အတွက် Gear Menu သို့ဝင်ပါ။ Labs ကိုရွေးပါ။ ပြီးလျှင် Enable Background Image ကိုဆက်ရွေးပါ။ ပြီးလျှင် Calendar Setting သို့ဝင်ပြီး General Mode သို့ဝင်ပါ။ Calendar background ဟူသည့်နေရာကိုရှာပါ။ ပြီးလျှင် Choose Image ကိုကလစ်နှိပ်ပြီး ဓာတ်ပုံတစ်ပုံကို ကွန်ပျူတာထဲတွင်ရှာပြီးထည့်လိုက်ပါ။

Laptop တစ်လုံးနှင့် အမြဲတမ်းခရီးသွားပြီး Google Calendar သုံးသူအတွက် အင်တာနက်ချိတ်ဆက်မှုမရလျှင် Calendar ကို သုံးနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ Google Calendar ကို Offline သုံးနိုင်ရန်ဆောင်ရွက်ထားရပါမည်။ Chrome Browser ဖြင့် Google Calendar Offline သုံးခြင်းကိုခွင့်ပြုထားပါသည်။ Gear Menu သို့ဝင်ပါ။ Offline ကိုရွေးချယ်ပါ။ Chrome Web Store မှတစ်ဆင့် Google Calendar ကို ကွန်ပျူတာထဲတွင် Install လုပ်ထားပြီးသုံးနိုင်ပါမည်။

Offline သုံးနိုင်သည့်စွမ်းဆောင်ရည်ကို ကွန်ပျူတာတွင်ထည့်သွင်းပေးပြီးနောက် အင်တာနက်အဆက်အသွယ်မရသည့်နေရာတွင် Calendar သုံးမည်ဆိုပါက Gear Icon ရှိရာသို့သွားပါ။ Setting ထဲသို့ဝင်ပါ။ Offline နေရာတွင် ကလစ်နှိပ်ပါ။ Google Calendar သည် Calendar ပေါင်းများစွာနှင့်အလုပ်လုပ်ပေးနိုင်သည်။ လုပ်ငန်းခွင်ထဲမှအလုပ်များအတွက် Calendar ဇယားတစ်ခု၊ မိသားစုနှင့်မိတ်ဆွေအပေါင်းအသင်းများအတွက် Calendar ဇယားတစ်ခု၊ အားလပ်ရက်များအတွက် Calendar ဇယားတစ်ခု စသည်တို့ဖြစ်သည်။ မိမိနှစ်သက်ရာ Calendar တစ်ခုကို Offline ကြည့်ရန် ရွေးချယ်နိုင်သည်။

တချို့သောအချိန်းအချက်များ၊ အစည်းအဝေးများသည် အချိန်မကျသေးဘဲ Calendar တွင် လာပေါ်နေသည့်အတွက် မျက်စိရှုပ်ရခြင်းမျိုးရှိသည်။ ဥပမာအားဖြင့်ဆိုသော် အစည်းအဝေးများသည် မနက် ၃ နာရီခန့်တွင် ကျင်းပလေ့မရှိဘဲ Calendar ၌လာပေါ်ခြင်းမျိုးဖြစ်သည်။ ထိုကိစ္စအတွက် Gear Menu သို့ဝင်ပြီး Labs ဆိုသည့်နေရာတွင် ကလစ်နှိပ်ပါ။ Hide Morning And Night ကိုရွေးပါ။ ပြီးလျှင် Calendar Day View ထဲသို့ပြန်သွားပါ။ 00:00 to 07:00 ကို ကလစ်နှိပ်ပြီး ယင်းကာလကြား၌ပေါ်နေမည့်ကိစ္စများဖျောက်ထားပါ။ ရုံးချိန်မတိုင်မီ အစည်းအဝေးမလုပ်သည်မှာ သေချာပါသည်။

Google Calendar အားဖွင့်ကြည့်လျှင် Day View၊ Week View၊ Month View စသည်ဖြင့် အမျိုးမျိုးကြည့်နိုင်ခွင့်ပေးထားပါသည်။ ယင်းထက်ပိုပြီးကြည့်လိုပါသလား။ Gear Menu မှတစ်ဆင့် Lab သို့ဝင်ပါ။ Year View ကို Enable လုပ်ပါ။ Calendar ၏ ညာဖက်စွန်းတွင်ရှိသောမျှားနေရာတွင် ကလစ်နှိပ်ပါ။ ညာဖက် Panel ကိုဖျောက်ထားလျှင် ပြန်ဖော်ပေးရန်ဖြစ်သည်။ ယင်းနောက်ပေါ်လာသည့် Year View နေရာတွင် ကလစ်နှိပ်ပါ။ ဆယ့်နှစ်လပြက္ခဒိန်ကို မြင်ရပါမည်။

Google Calendar ကို အသုံးပြုခွင့်ရသူများသည် Gmail ရှိပြီးဖြစ်သည်။ ယင်း Gmail ကိုသုံး၍ အခြားသော Calendar သုံးစွဲသူများနှင့် ချိတ်ဆက်နိုင်သည်။ ဥပမာအားဖြင့်ဆိုသော် Outlook.com (သို့မဟုတ်) Windows 8 Calendar သုံးသူများက မိမိအားချိတ်ဆက်ရန် ဖိတ်ကြားနိုင်ခြင်းမျိုးဖြစ်သည်။ မိမိ၏ Gmail Address အား တဖက်လူများက Attendee စာရင်းတွင် ထည့်သွင်းပေးလိုက်ခြင်းဖြင့် မိမိနှင့်အလွယ်တကူချိတ်ဆက်နိုင်ပါသည်။ တဖက်လူက ဖိတ်ကြားလာသောအခမ်းအနားမျိုးရှိလျှင် Yes ကိုနှိပ်ခြင်းဖြင့် မိမိ၏ Calendar ထဲတွင် ယင်းအခမ်းအနားပြုလုပ်မည့်ရက်စွဲနှင့်အချိန်ကို မှတ်ထားပေးပါသည်။

မိမိ၏ Gmail ကျေးဇူးကြောင့် တစ်ဖက်သူများက မိမိအားအခမ်းအနားတစ်ခုအတွက် ဖိတ်ကြားနိုင်သလို မိမိကလည်း တစ်ဖက်လူများအားဖိတ်ကြားနိုင်ပါသည်။ Google Calendar အသုံးပြုသူများအချင်းချင်းသာမက Outlook.com သုံးသူများ၊ Windows 8 Calendar သုံးသူများအား အခမ်းအနားသို့ဖိတ်ကြားနိုင်သည်။ အခမ်းအနားတစ်ခုစီစဉ်သည့်အခါ မိမိဖိတ်ကြားလိုသူတို့၏ အီးမေးလ်လိပ်စာကို Event ၏ ညာဖက်တွင်ရှိသော Add Guest Box ထဲသို့ဖြည့်သွင်းပြီး အလွယ်တကူဖိတ်ကြားနိုင်ပါသည်။

အချိန်းအချက်ကိစ္စများသည် တစ်ခါတရံတွင် မတူညီသောနိုင်ငံများကြားတွင် ပြုလုပ်လေ့ရှိသည်ဖြစ်ရာ တစ်ဖက်နိုင်ငံ၏အချိန်ကိုသိထားရန်လိုပါသည်။ အခြားသောနိုင်ငံတစ်ခု၏စံတော်ချိန်ကို Google သုံးပြီး အလွယ်တကူရှာဖွေနိုင်သော်လည်း အင်တာနက်သုံးပြီး Calendar ကို မကြာခဏဖွင့်ကြည့်လေ့ရှိပါက Calendar Display ထဲတွင် Time Zone Clock များကိုထည့်သွင်းပေးထားနိုင်ပါသည်။ Gear Menu မှတစ်ဆင့် Lab သို့ဝင်ပါ။ World Clock ကို Enable လုပ်ပါ။ Left Panel ကိုဖွင့်ပါ။ ယင်းမှတစ်ဆင့် Setting ထဲသို့ဝင်ပြီး Add Clocks ကိုရွေးပေးပါ။

Google ၏နည်းပညာမြင့်မားလာမှုကြောင့် အချိန်းအချက်များကို ကီးဘုတ်မှရိုက်သွင်းစရာမလိုပဲ စကားဖြင့်ပြောပြီး ထည့်သွင်းနိုင်သည်။ Google Home Page ၏ Search Box အနီးတွင်ရှိသော မိုက်ခရိုဖုန်းပုံကိုနှိပ်ပြီး မိမိထည့်သွင်းလိုရာကို ပါးစပ်မှပြောနိုင်သည်။ မိမိပြောလိုက်သောစကားများ စာလုံးအဖြစ် Screen ပေါ်တွင်ပေါ်လာသည်ကိုတွေ့ရပါမည်။ စာလုံးပေါင်းမှန်၊ မမှန်စစ်ပြီးနောက် Confirm လုပ်ပါ။

Google Calendar သည် အခမ်းအနားတစ်ခုနီးကပ်လာလျှင်သော်လည်းကောင်း၊ အခမ်းအနားအပြောင်းအလဲရှိလျှင်သော်လည်းကောင်း မိမိအားသတိပေးနိုင်သည်။ Gear Menu မှတစ်ဆင့် Setting ထဲသို့ဝင်ပါ။ Calendar နေရာသို့သွားပါ။ Calendar တစ်ခုဘေးရှိ Reminders and Notification နေရာတွင် ကလစ်နှိပ်ပါ။ Email and SMS Option နေရာတွင် အမှန်ခြစ်ပါ။ Daily Agenda သည်လည်း အသုံးဝင်သော Option ဖြစ်ပါသည်။

• • •



## ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ) ၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပပြုလုပ်

(၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာ (၂၆) ရက်နေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ) ၌ (၂၀၁၄–၂၀၁၅) ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးသိန်းဦး မှ နှုတ်ခွန်းဆက်စကားပြောကြား ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပညာသင်ဆု ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် (၂၀၁၃–၂၀၁၄) ပညာသင်နှစ်တွင် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ပညာသင်ဆုများပေးအပ်သော FPT ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကိုလည်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်းသိရသည်။ *M.Z*

## Yangon Heartz Media မှ စီစဉ်ကျင်းပမည့် App Expo 2015

Yangon Heartz Media မှ စီစဉ်ကျင်းပမည့် App Expo 2015 ကို (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီ (၁၉) နှင့် (၂၀)ရက်နေ့တို့တွင် ရန်ကုန်မြို့ရှိ MICT Park ၌ တတိယအကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်း AppExpo ၌ ပြည်တွင်း၊ ပြည်ပရှိ Software နှင့် Solution များ၊ Mobile Application များကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ Yangon Heartz Media မှ တာဝန်ရှိသူတစ်ဦးက ''ပြည်တွင်းက Developer များရဲ့ တိုးတက်လာတဲ့ Software ထုတ်ကုန်တွေကို ဈေးကွက်ပိုမိုရရှိလာစေဖို့နဲ့ လုပ်ငန်းအဆက်အသွယ်ကောင်းတွေ ရရှိလာစေဖို့ ရည်ရွယ်ထားတဲ့ ပြပွဲတစ်ခုဖြစ်ပါတယ်။ ပြပွဲကာလမှာ ပြည်ပနဲ့ ပြည်တွင်းကထုတ်လုပ်တဲ့ Mobile Apps, Web and Software Solution တွေကို မိတ်ဆက်ပြသကြမှာပါ။ ဒီပြပွဲက နေတစ်ဆင့် အလုပ်အကိုင်နဲ့ ဈေးကွက်အခွင့်အလမ်းကောင်းတွေ ရှာဖွေဖော်ထုတ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်''ဟု ပြောသည်။

ထို့အပြင် ပြပွဲအတွင်း Mobile Developer များ၏ တီထွင်ဖန်တီးမှုများ တိုးတက်လာစေရန် ရည်ရွယ်၍ "Best Apps Competition" ကိုလည်း ထည့်သွင်းကျင်းပပြုလုပ်ပေးမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများသည် www.appexpo.2015.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ယမန်နှစ်က ဝင်ရောက်ပြသခဲ့သည့် ကုမ္ပဏီများနှင့် Product များကိုလည်း www.appexpo2014.com ၌ ပြန်လည်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ *M.Z*

## အူရီဒူးမြန်မာအနေဖြင့် နယ်ဒေသများတွင် ကွန်ရက်အသစ်တိုးချဲ့

အူရီဒူးမြန်မာ၏ ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်စေရန်အတွက် ရန်ကုန်မြို့တွင်းရှိ မြို့နယ်များအပါအဝင် နယ်ဒေသများတွင်ပါ ကွန်ရက်များတိုးချဲ့လိုက်ကြောင်း သိရသည်။

အူရီဒူးအနေဖြင့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နှင့် မိုးညိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တို့တွင် ကွန်ရက်များထပ်မံတိုးချဲ့ထားကြောင်းသိရသည်။

''အခုဆိုရှိပြီးသားနေရာတွေမှာ ထပ်တိုးမြှင့်တဲ့အပြင် ကွန်ရက်အသစ်လည်း ထပ်မံတိုးချဲ့နေပါတယ်။ အူရီဒူးရဲ့ဝန်ဆောင်မှု စတင်မိတ်ဆက်တုန်းက မြန်မာပြည်လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းနဲ့စခဲ့ပေမယ့်ဒီလကုန်အထိကို 40 ရာခိုင်နှုန်းအထိဖြန့်ကျက်ဖို့ မျှော်မှန်းထားပါတယ်''ဟု အူရီဒူးမြန်မာ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်း မန်နေဂျာမသီရိကြာညိုကပြောသည်။ အူရီဒူးမြန်မာအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အချက်အချာကျသည့် မြို့နယ်များဖြစ်သော ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် သန်လျင်မြို့နယ်တို့တွင်လည်း ကွန်ရက်များတိုးမြှင့် ဖြန့်ကျက်ခဲ့သလို ပဲခူးတိုင်းဒေသကြီး၏အချက်အချာဖြစ်သော ပဲခူးမြို့၊ ရေဆင်းမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့၊ စစ်ကိုင်းမြို့၊ မုံရွာမြို့၊ ပုသိမ်မြို့တွင်းနေရာများ၌လည်းကွန်ရက်များတိုးမြှင့်ခဲ့ကြောင်း သိရသည်။ *S.M*

## ပြည်တွင်းမှ လူငယ်များဖန်တီးထားသည့် Apps များ၊ Software များပေါင်း၍ App Expo ပြပွဲပြုလုပ်မည်

နိုင်ငံတကာနှင့် ပြည်တွင်းမှ လူငယ်များဖန်တီးထားသည့် Apps များနှင့် ဆော့ဖ်ဝဲများစုစည်း၍ App Expo ပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ App Expo 2015 ပြပွဲတွင် မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် အသုံးတည့်မည့် Apps များကိုပြသသွားမည်ဖြစ်ပြီး ပြည်တွင်းမှလူငယ်များဖန်တီးထားခြင်း ဖြစ်သည်။ Apps ပြပွဲတွင်ထုတ်ကုန်ရှိပြီး ပြပွဲဝင်ရောက်ပြသရန် ငွေကြေးအခက်အခဲရှိသူများအတွက် အခမဲ့ပြသနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

App Expo ပွဲကို ၂၀၁၂ ခုနှစ်တွင် စတင်၍ကျင်းပခဲ့ပြီး ယခုကျင်းပမည့် App Expo 2015 ကို MICT Park တွင် ၂၀၁၅ ဖေဖော်ဝါရီ ၁၉ မှ ၂၀ ရက်အထိပြုလုပ်မှာဖြစ်သည်။ ဒါ့အပြင် App Expo နှင့်ပတ်သက်၍www.appexpo2015.com နှင့် Yangon Heartz ၏ ဖေ့ဘုတ်စာမျက်နှာ yangonheartz တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ *S.M*

## 2014 SP Grateful Party ကျင်းပပြုလုပ်ခဲ့

Golden Power Technology Ltd မှ ကြီးမှူး၍ Silicon Power Grateful Party 2014 ကို (24.12.2014) နေ့တွင် Chatrium Hotel (Pool Garden) ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါ အခမ်းအနားတွင် GPT မှ တာဝန်ရှိသူတစ်ဦးက SP Product ရောင်းချပေးတဲ့ Dealer များနဲ့ Reseller များကို အထူးကျေးဇူးတင်ရှိကြောင်း၊ နောင်နှစ်ပေါင်းများမှာလည်း လက်တွဲညီညီဖြင့် ဆက်လက် ဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် (၂၀၁၄) ခုနှစ်၊ ပထမနှစ်ဝက်အတွက် ရောင်းအားအကောင်းဆုံး Dealer ဆိုင် (၃၀) နှင့် ဒုတိယနှစ်ဝက်အတွက် ရောင်းအားအကောင်းဆုံး Dealer ဆိုင် (၃၀)တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် (၂၀၁၄) ခုနှစ် တစ်နှစ်လုံး Silicon Power Product များသာ ဖြန့်ဖြူးရောင်းချပေးခဲ့သော Dealer ဆိုင် (၁၃)ဆိုင်ကိုလည်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ *M.Z*

## အူရီဒူးဖုန်းကိုဝယ် အပိုဆောင်းငွေယူကြမယ်

အူရီဒူးမြန်မာနှင့်ချိတ်ဆက်ထားသော ဟန်းဆက်အမျိုးအစားများကိုဝယ်ယူပါက ဟန်းဆက်အမျိုးအစားအလိုက် အပိုငွေဖြည့်ပေးမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်ချက်အရ သိရသည်။

အပိုထပ်ဆောင်းငွေပေးမည့် အူရီဒူးမြန်မာနှင့် ချိတ်ဆက်ထားသော ဖုန်းအမျိုးအစားများမှာ Cherry Mobile - M1 Amgoo - AM 2081၊ Singtech G3၊ Coolpad 7060၊ Singtech M1၊ Acer - Z 200၊ Coolpad 7251၊ Coolpad 7232၊ Huawei Y330U၊ Huawei Y610၊ Singtech - Z 500-t၊ Samsung Galaxy V၊ Huawei G 620 တို့ဖြစ်သည်။

ယင်းဟန်းဆက်များထံမှChe-rry Mobile - M1 Amgoo - AM 2081၊ Singtech G3၊ Singtech - Z 500 t အမျိုးအစားများကိုဝယ်ယူပါက တစ်လလျှင်အပိုဆု နှစ်ထောင်နှုန်းဖြင့် ငွေဖြည့်ကတ် ကျပ်နှစ်သောင်းဖိုးပြည့်သည်အထိဖြည့်သွားပေးမှာဖြစ်ပြီးအသုံးပြုသူအနေဖြင့်တစ်လလျှင်အနည်းဆုံးငွေဖြည့်ကတ် 1000 ကျပ်ဖိုးဖြည့်ပေးရမှာဖြစ်သည်။

ကျန်ဟန်းဆက်များထံမှ Cool-pad 7060၊ Singtech M1၊ Huawei Y610 နှင့် Huawei G 620 တို့ကို ဝယ်ယူပါကတစ်လလျှင် အပိုဆု ၃၀၀၀ နှုန်းဖြင့် ကျပ် ၃၀၀၀၀ ဖိုးပြည့်သည်အထိဖြည့်ပေးမှာဖြစ်သည်။ အသုံးပြုသူအနေဖြင့်လည်း လစဉ် ငွေဖြည့်ကတ် 1000 ဖိုးဖြည့်ပေးရမှာဖြစ်သည်။ ဒါ့အပြင် Acer - Z200, Coolpad 7251, Coolpad 7232, Huawei Y330u, Samsung Galaxy V အမျိုးအစားများကိုဝယ်ယူပါက တစ်လလျှင်အပိုဆု ၆၀၀၀ နှုန်းဖြင့်ကျပ် ၆၀၀၀၀ ဖိုးပြည့်သည်အထိ အပိုဆောင်းငွေဖြည့်ပေးမည်ဖြစ်ပြီး သုံးစွဲသူအနေဖြင့် လစဉ် အနည်းဆုံးငွေဖြည့်ကတ် ၃၀၀၀ဖိုးဖြည့်ပေးရမှာဖြစ်သည်။

ယင်းဖုန်းအမျိုးအစားများကို အူရီဒူးဆင်းကတ်ဖြင့် အသုံးပြုရမှာဖြစ်သလို လစဉ်လတိုင်းအနည်းဆုံးသတ်မှတ်ငွေဖြည့်ကတ် (ဥပမာ 1000၊ 3000)ကို ဖြည့်ပေးရမှာဖြစ်သည်။ ဒါ့အပြင် အူရီဒူး၏ အပိုဆောင်းငွေဖြည့်ခြင်းကို အူရီဒူးဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ စာတို (SMS) ပို့ခြင်းများတွင်သာ အသုံးပြုနိုင်မှာဖြစ်သည်။ *SM*

## Citymart နှင့် 100 Plus တို့ပူးပေါင်း၍ Active Family Day Out 2014 ကျင်းပခဲ့

City Mart နှင့် 100 Plus မှပူးပေါင်း၍ မိသားစုများအတွက် တစ်နေ့တာအပန်းဖြေမှု၊ ပျော်ရွှင်မှုများ ရနိုင်သောပွဲတော်ကြီး(Active Family Day Out 2014) ကို ဒီဇင်ဘာ ၂၈ ရက်နေ့ နံနက် ၆နာရီမှ ညနေ ၆နာရီအထိပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့ပါသည်။ ဒီပွဲကို ကျင်းပရတာကမိသားစုများအကြားကျန်းမာရေးနှင့်ဘဝနေထိုင်မှုပုံစံများအကြောင်းကိုအသိပေးလိုသောရည်ရွယ်ချက်ဖြင့်ကျင်းပခဲ့တာဖြစ်သည်။" City Mart နဲ့ပူးပေါင်းပြီး အခုလိုပွဲမျိုးကျင်းပရတာအရမ်းပျော်ပါတယ်။ ပြင်ပပတ်ဝန်းကျင်မှာလမ်းလျှောက်ထွက်တာက မိသားစုတိုင်းအတွက်ရင်းနှီးနွေးထွေးမှုနဲ့အတူကျန်းမာရေးကိုပါ အထောက်အကူဖြစ်စေပါတယ်။ ကျွန်တော်တို့ပွဲကြီးကို စိတ်ပါဝင်စားပြီး လာရောက်စာရင်းပေးထားတဲ့လူအရေအတွက်ကို ကြည့်တာနဲ့ တင်ဒီပွဲကြီးဟာ ပျော်ရွှင်စရာတွေပြည့်နှက်နေမယ်လို့ယုံကြည်ပါတယ်''ဟု 100 Plus မှ Country Manager Mr. Graham မှပြောကြားခဲ့သည်။

အဆိုပါပွဲတွင် မိသားစုအဖွဲ့လိုက်လမ်းလျှောက်ပြိုင်ခြင်း၊ တူညီဝတ်စုံဝတ်ဆင်ခြင်း၊ ဟင်းချက်ပြိုင်ခြင်းနှင့် ကျန်းမာရေးဗဟုသုတမျှဝေခြင်းစသည်တို့ ပြုလုပ်ခဲ့ပြီး နိုင်ငံကျော်အနုပညာရှင်များနှင့် အတွေ့အကြုံဝေမျှခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ *S.M*

HTOO SET LINN Trading Co., Ltd.
No.(108), 20th Street,Upper Block, Latha Township,Yangon.
Phone: 09-730-51306, 01-248914,09-4200-50496.
Mail:HSLTrade11@gmail.com. Office Hour : 9:30 AM to 5:30 PM

GAT
No.(175), Seikkantar Street (Middel Street), Upper Block, Kyauktada Tsp.
PH: 09-73256959, 09-4200 50495
Office Hour : 9:30 AM to 6:30 PM

EVER PRO
No.(97), Hledan Street (Middel Street),Upper Block, Lanmadaw Tsp.
PH: 09-8633796, 09-250 666 106,
Office Hour : 9:30 AM to 6:30 PM

BYE BYE 2014 Year End Sales
16 - Jan-2015
Permotion Period

[ 4 ] - Channel (AHD) Kit
Price: 285,000.ks
Cash Back 10,000 ks
1TB
EVER PRO 1YEAR Warranty

[ 8 ] - Channel (AHD) Kit
Price: 430,000.ks
Cash Back 10,000 ks
2TB
EVER PRO 1YEAR Warranty

Price: 23,000 ks
HIKVISION
720 TVL
3.6 MM
Dealer Price Available

Price: 22,000 ks
HIKVISION
720 TVL
3.6 MM
Dealer Price Available

[ 4 ] - Channel (Analog) Kit
Price: 220,000.ks
Cash Back 10,000 ks
(1) 4channel DVR with (1TB)
(2) 4pcsx 800 TVL, 3.6 mm len
(3) 18meter x4 video cable
(4) 5 AMP Power Cable
(5) 1year Parts & Services
EVER PRO 1YEAR Warranty

[ 8 ] - Channel (Analog) Kit
Price: 330,000.ks
Cash Back 10,000 ks
(1) 8 channel DVR with (1TB)
(2) 8pcsx 800 TVL, 3.6 mm len
(3) 18meter x 8 video cable
(4) 5 AMP Power Cable X2
(5) 1year Parts & Services
EVER PRO 1YEAR Warranty

DVR,NVR,Hybrid DVR,AHD DVR 4,8,16,24,32 CH available!!!

Price: 38,500 ks
HIKVISION
6mm Lens
720 TVL
HIKVISION
Price: 37,000 ks
6mm Lens
720 TVL
Dealer Price Available

[ 4 ] - Channel (IP) Kit
Price : 320,000 ks
Cash Back 10,000 ks
(1) 4 channel NVR with (1TB)
(2) 4pcs 1.0 Megapixel 3.6mm lens
(3) 18meter x 4 RJ 45 Cable
(4) 1year Parts & Services
1YEAR Warranty EVER PRO

[ 8 ] - Channel (IP) Kit
Price : 450,000 ks
Cash Back 10,000 ks
(1) 8 channel NVR with (2TB)
(2) 8 pcs 1.0 Megapixel 3.6mm lens
(3) 18meter x 8 RJ 45 Cable
(4) 1year Parts & Services
1YEAR Warranty EVER PRO

# လူမှုရေးကွန်ရက်ကြီးများ၏ နည်းပညာဗျူဟာအားပြိုင်မှု



ဆောင်းပါးရှင် – မိုးမခ

ကမ္ဘာကျော် လူမှုရေးဝက်ဘ်ဆိုက်ကြီးတွေဖြစ်တဲ့ ဖေ့စ်ဘွတ်နဲ့တွစ်တာဟာ မကြာခင်က ပြင်းထန်တဲ့ပြိုင်ဆိုင်မှုလမ်းကြောင်းတစ်ခုပေါ်ကို ရောက်ရှိလာပြီး အကျိတ်အနယ်ပြိုင်ဘက်များ ဖြစ်လာကြပါတယ်။

ဖေ့စ်ဘွတ်ဟာ လူသိများထင်ရှားတဲ့အတွက် မူလကပင် သူ့မှာ ပရိသတ်တွေရှိနေတာဖြစ်ပေမယ့် တွစ်တာကလည်း မကြာခင်က တရှိန်ထိုး တိုးပွားလာတဲ့ပရိသတ်တွေကြောင့် ဖေ့စ်ဘွတ်ကို စိန်ခေါ်နိုင်တဲ့အနေအထားကို ရောက်လာပါတယ်။

ဒီလိုဖြစ်လာရတဲ့အကြောင်းကတော့ တွစ်တာအနေနဲ့ သူ့ရဲ့လူမှုကွန်ရက်တွေကြားမှာ ရုပ်သံပိုင်းဆိုင်ရာ ဆွဲဆောင်မှုအသစ်တွေကို ဖန်တီးထုတ်လုပ်ပြီး သူ့ပရိသတ်နဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အတွက် ဖြစ်ပါတယ်။

ဒီနေရာမှာတော့ ဖေ့စ်ဘွတ်ဟာ အထနှေးနေပြီးတွစ်တာရဲ့ နည်းဗျူဟာ သွက်လက်မှုကို လိုက်မမီတဲ့အတွက် တွစ်တာအနေနဲ့ ဦးဆောင်မှုနေရာကိုရရှိနေပြီး ပရိသတ်အရေအတွက်ဟာလည်း တိုးပွားနေတယ်လို့ ဆိုပါတယ်။ ဒီအဆိုဟာ လူမှုရေးဆိုင်ရာကွန်ရက်တွေကို စောင့်ကြည့်လေ့လာနေတဲ့ Council For Research Excellence က ပြောဆိုတာဖြစ်ပါတယ်။

ဖေ့စ်ဘွတ်နဲ့တွစ်တာတို့ရဲ့ အားပြိုင်မှုနဲ့ပတ်သက်ပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့ရဲ့ တွေ့ရှိချက်အရ အဓိကကျတဲ့ ဖေ့စ်ဘွတ်နဲ့တွစ်တာတို့ရဲ့ ကွဲပြားခြားနားနေမှုအချက်တစ်ခုကတော့ ဖေ့စ်ဘွတ်အနေနဲ့ သူ့ရဲ့ပရိသတ်တွေကြားမှာ ပရိသတ်တွေရဲ့ဆန္ဒနှင့်အညီ ရုပ်သံတင်ဆက်မှုတွေကို ချပြရမယ့်အစား ကြော်ငြာများဝင်ရောက်မှုဟာ ပရိသတ်များရဲ့အာရုံကို အနှောင့်အယှက်ဖြစ်စေသလို ရုပ်သံကဏ္ဍများရဲ့တင်ဆက်မှုဟာ အရေးပါတဲ့အချိန်အပိုင်းအခြားနဲ့ ကွာဟမှုတွေရှိနေတယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူ့ပရိသတ်တွေရဲ့ Prime Time ကို အမိအရယူနိုင်ဖို့နဲ့ သူတို့ကိုင်တွယ်သုံးစွဲနေတဲ့ Device မျိုးစုံတွေထဲကို ပေါက်ပေါက်ရောက်ရောက်ရှိအောင် လုပ်ဖို့လိုသေးတယ်လို့ ဖေ့စ်ဘွတ်ရဲ့ဈေးကွက် ဒါရိုက်တာတစ်ဦးဖြစ်တဲ့ စတိဗ်အာဗင်က ပြောဆိုသွားတာဖြစ်ပါတယ်။

ဖေ့စ်ဘွတ်နဲ့ တွစ်တာတို့ဟာ သူတို့ရဲ့ ရုပ်သံအစီအစဉ်တွေအတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်တွေ ကြီးကြီးမားမားနဲ့ ယှဉ်ပြိုင်နေကြသလို ရင်းနှီးမြှုပ်နှံမှုတွေလည်း အကြီးအကျယ် ပြုလုပ်နေကြတာ ဖြစ်ပါတယ်။ တွစ်တာဟာ Second SYNC ကို ဝယ်ယူလိုက်ပြီး သူ့ရဲ့မဟာဗျူဟာမှာ အဓိကအရေးပါတဲ့ Bluefin Labs ကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါတယ်။ အလားတူပင် ဖေ့စ်ဘွတ်ကလည်း သူ့ရဲ့ရုပ်သံလုပ်ငန်းအတွက် ICE Truck နဲ့ ပူးပေါင်းလိုက်ပြီး ရုပ်သံပရိသတ်တွေ သူ့ဆီရောက်လာအောင် ကြိုးပမ်းခဲ့ပြန်ပါတယ်။

ဒီနေရာမှ တွစ်တာနဲ့ဖေ့စ်ဘွတ်တို့ရဲ့ ဝန်ဆောင်မှုအပိုင်းကိုလည်း မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဖေ့စ်ဘွတ်အနေနဲ့ သူ့ပရိသတ်အတွက် Auto Play ADS ကို ၁၅ စက္ကန့်အတွင်း ဖန်တီးပေးနေချိန်မှာ တွစ်တာကတော့ ၆ စက္ကန့်အတွင်းမှာရရှိအောင် စွမ်းဆောင်နိုင်တာ ဖြစ်ပါတယ်။

ဒီအဓိပ္ပါယ်ကတော့ ဖေ့စ်ဘွတ်နဲ့တွစ်တာတို့ရဲ့ TV Live Shows တွေမှာ လျင်လျင်မြန်မြန်နဲ့ ဝန်ဆောင်မှုပေးရာမှာဘယ်သူက ပိုပြီးသာသွားတယ်ဆိုတာ ပြသလိုက်တဲ့ ညွှန်းကိန်းတစ်မျိုးဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ကတော့ သူ့ပရိသတ်ကို ယခုထက် ပိုပြီးဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးပမ်းရဦးမယ့် အနေအထားဖြစ်ပါတယ်။

ဖေ့စ်ဘွတ်ဟာသူ့ရဲ့ မီဒီယာအေဂျင်စီတွေကို အတော်များများ အသုံးပြုနိုင်ပေမယ့် ထိရောက်တဲ့ဝန်ဆောင်မှု မပေးနိုင်သေးဘူးလို့ ဝေဖန်ပြောဆိုနေကြတာ ဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ဟာ Ubisoft နဲ့ ပူးပေါင်းပြီးသူ့ရဲ့ ၇၇ သန်းသော ဖောက်သည်တွေကို သူ့ဆီမှာ အပိုင်သိမ်းသွင်းနိုင်ဖို့ ကြိုးစားနေပေမယ့် ပိုမိုကျယ်ပြန့်စုံလင်လှတဲ့ တွစ်တာရဲ့စည်းဝိုင်းထဲ ရောက်နေတဲ့ ဖောက်သည်တော်တော်များများကြောင့် အခက်တွေ့နေတယ်လို့ TV ဈေးကွက်သမားအချို့က သုံးသပ်ဝေဖန်ပြောဆိုကြပါတယ်။

နယူးယောက်က Pivotal သုတေသနအုပ်စုရဲ့ အဆိုအရ တွစ်တာရဲ့ လူမှုကွန်ရက်တစ်ခုအဖြစ် ဖန်တီးထားတဲ့ TV Chatter ဟာ အလွန်ထုထည်ကြီးမားတဲ့ ယူနစ်တစ်ခုဖြစ်နေတဲ့အတွက် တွစ်တာအဖို့ ပရိသတ်အနိုင်အမာ ရရှိနေသလို အချိန်ကာလအတော်ကြာအောင် စည်းရုံးသိမ်းသွင်းထားနိုင်တဲ့ မဟာဗျူဟာလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဖွယ်ရာရှိကြောင်း ဘရိုင်ယန်ဝိုက်ဇာက သုံးသပ်ပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ Pivotal က Stock လုပ်ငန်းများဆိုင်ရာ သုတေသီတစ်ဦးလည်း ဖြစ်ပါတယ်။

တွစ်တာအနေနဲ့ သူ့ဖောက်သည်တွေကို ပိုမိုပြီးချောတာရေးကျအောင် ရုပ်သံတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပေးထားတဲ့အတွက် ပရိသတ်ရဲ့လိုအင်ဆန္ဒနဲ့ ကိုက်ညီနေတာကလည်း တွစ်တာကို တစ်ဖန်းသာစေတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူတွေရဲ့တကယ့်လိုအပ်ချိန်မှာ ဘယ်လိုအစီအစဉ်မျိုးကို ဝန်ဆောင်မှုပေးရမလဲဆိုတဲ့အချက်ကို တွစ်တာက စောစောပိုင်းကာလများကပင် သိရှိနေတာဖြစ်ပါတယ်။

ရုပ်သံပြကွက်တွေကို ပရိသတ်လက်ထဲ ချောချောမွေ့မွေ့ရောက်အောင် ပြုလုပ်နိုင်ခြင်းဟာ တွစ်တာရဲ့ကြော်ငြာသမားတွေအတွက်လည်း ပိုမိုအလုပ်ဖြစ်တာကြောင့် တွစ်တာရဲ့ဝင်ငွေဟာတိုးပွားလာပြီး ငွေကြေးအရ ခိုင်မာမှုရှိလာတဲ့အတွက် နာမည်ကျော် Coca-Cola တို့လို စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ အထောက်အကူကိုလည်း အများကြီးရနိုင်ခွင့်ရှိနေတာ ဖြစ်ပါတယ်။ ဒီအခွင့်အရေးမျိုးဟာ ဖေ့စ်ဘွတ်အတွက်တော့ ခက်ခဲနေဦးမှာဖြစ်ကြောင်း ကြော်ငြာလုပ်ငန်းရှင်များက ပြောဆိုခဲ့တာဖြစ်ပါတယ်။

ဖေ့စ်ဘွတ်နဲ့ တွစ်တာတို့ရဲ့ ပြိုင်ဆိုင်မှုတွေအပေါ် သူတို့ရဲ့ပရိသတ်တွေက ဘယ်ပုံဘယ်နည်း တုံ့ပြန်တယ်ဆိုတာနဲ့ပတ်သက်ပြီး လေ့လာကြည့်ရာမှာ သူတို့ရဲ့ပရိသတ်အင်အားစုတွေရဲ့ အချိုးအစားဟာလည်း အရေးပါတဲ့အချက်တစ်ခု ဖြစ်ပါတယ်။

ဖေ့စ်ဘွတ်မှာ ရုပ်သံကြည့်တဲ့ အမျိုးသားနဲ့ အမျိုးသမီးအချိုးဟာ သိသိသာသာ ကွာခြားနေပါတယ်။ အမျိုးသားက ၈၃ ရာခိုင်နှုန်းသာရှိပြီး အမျိုးသမီးက ၁၁၅ ရာခိုင်နှုန်းရှိပါတယ်။ ခြားနားမှု ၃၂ ရာခိုင်နှုန်းဖြစ်လို့ အတော်ပင်ကွာခြားတဲ့သဘောဖြစ်ပါတယ်။ တွစ်တာကတော့ အမျိုးသား ၉၈ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၁၀၂ ရာခိုင်နှုန်းသာဖြစ်လို့ ၄ ရာခိုင်နှုန်းသာ ကွာခြားမှုရှိတာဖြစ်ပါတယ်။ ဒီအဓိပ္ပါယ်အရ တွစ်တာဟာ အမျိုးသမီးပရိသတ်ကို ပိုမိုဆွဲဆောင်ထားတဲ့ အနေအထားမျိုးဖြစ်ပါတယ်။

နောက်တစ်ခုက ဖေ့စ်ဘွတ်နဲ့တွစ်တာတို့ အသက်အရွယ်အပိုင်း အခြားအရ လေ့လာကြည့်ရင် တွစ်တာမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိ လူငယ်လူရွယ်ပရိသတ် ၁၃၂ ရာခိုင်နှုန်းရှိနေပြီး ဖေ့စ်ဘွတ်မှာတော့ ၁၀၀ ရာခိုင်နှုန်းသာရှိပါတယ်။ ဒီသဘောအရ ဖေ့စ်ဘွတ်ထက်စာရင် တွစ်တာကို လူငယ်တွေ ပိုပြီးကြိုက်တဲ့လက္ခဏာပါပဲ။ အလားတူပင် အသက် ၂၅ နှစ်မှ ၃၄ နှစ်အထိ လူလတ်ပိုင်းအရွယ်တွေရဲ့ အချိုးအစားကို ကြည့်ရင်လည်း တွစ်တာက၁၁၈ ရာခိုင်နှုန်းဖြစ်နေပြီး ဖေ့စ်ဘွတ်မှာတော့ ၁၀၉ ရာခိုင်နှုန်းသာရှိတဲ့အတွက် လူလတ်ပိုင်းကလည်း တွစ်တာကို ပိုမိုသုံးစွဲတဲ့သဘောရှိပါတယ်။

တစ်ဖန်အသက်အရွယ်အရ သက်လတ်ပိုင်းလို့ဆိုနိုင်တဲ့ ၃၅ နှစ်မှ ၄၄ နှစ်အတွင်း အရွယ်ပုဂ္ဂိုလ်များကတော့ ဖေ့စ်ဘွတ်က ၁၁၃ ရာခိုင်နှုန်းရှိနေပြီး တွစ်တာမှာ ၁၀၀ ရာခိုင်နှုန်းသာရှိတဲ့အတွက် သက်လတ်ပိုင်းတွေက ဖေ့စ်ဘွတ်ပရိသတ်ဖြစ်သွားပါတယ်။ တွစ်တာပရိသတ်က ၁၀၀ ရာခိုင်နှုန်းသာရှိပါတယ်။ အလားတူပဲ အသက် ၄၅ နှစ်မှ ၅၄ နှစ်အရွယ်သက်ကြီးပိုင်းဝင်စအရွယ် ပုဂ္ဂိုလ်များမှာလည်း ဖေ့စ်ဘွတ်က ၈၄ ရာခိုင်နှုန်းရှိပြီး တွစ်တာက ၆၁ ရာခိုင်နှုန်းသာရှိပါတယ်။

ဒီအခြေအနေတွေကို ကြည့်ခြင်းဖြင့်တွစ်တာကို လူငယ်လူလတ်ပိုင်းများက အများဆုံးအားပေးကြပြီး ဖေ့စ်ဘွတ်ကတော့ လူကြီးပိုင်းတွေက အများဆုံး အသုံးပြုနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖေ့စ်ဘွတ်ဟာ တွစ်တာရဲ့လူငယ်ပရိသတ်ကို ဆွဲဆောင်သိမ်းသွင်းနိုင်ဖို့ အတော်ပင်ကြိုးစားရဦးမှာဖြစ်ပါတယ်။

တွစ်တာရဲ့အသက် ၄၅ နှစ်မှ ၅၄ နှစ်အတွင်း ပရိသတ်ဟာ ၆၁ ရာခိုင်နှုန်းသာရှိပြီး ဖေ့စ်ဘွတ်မှာတော့ ၈၄ ရာခိုင်နှုန်းအထိရှိနေခြင်းဟာ လူလတ်ပိုင်းနည်းတူ လူကြီးပိုင်းကလည်း ပိုမိုအားပေးတာကို တွေ့ရပါတယ်။

အားလုံးကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် တွစ်တာရဲ့ပရိသတ်ဟာ လူငယ်ပိုင်းမှာအများစုရှိနေပြီး ဖေ့စ်ဘွတ်ကတော့ လူကြီးပိုင်းပရိသတ်က လွှမ်းမိုးနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တွစ်တာရဲ့ TV View ဟာ လူငယ်ကြိုက် အစီအစဉ်တွေ များပြားနေတဲ့သဘောမျိုးရှိပြီး ဖေ့စ်ဘွတ်ကတော့ ဒီအခြေအနေကို သူ့ရှိဖို့ကြိုးစားရမယ့် သဘောရှိပါတယ်။

ဒီနေရာမှာ စဉ်းစားသုံးသပ်ရမယ့် အခြေအနေတစ်ရပ်ရှိပါတယ်။ ဖေ့စ်ဘွတ်ဟာ ပရိသတ်အင်အားထုကြီးမားတဲ့ လူမှုရေးဆိုင်ရာ ကွန်ရက်ကြီးတစ်ခုဖြစ်နေပြီး တွစ်တာနဲ့နှိုင်းစာရင် လေးဆခန့်ကြီးမားတဲ့ ပရိသတ်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူငယ်ထုအများစုရှိနေတဲ့ တွစ်တာရဲ့ အစီအစဉ်တွေကို ကျော်လွှားနိုင်ခြင်း မရှိသေးတဲ့အချက်ဟာ ဖေ့စ်ဘွတ်အတွက် ပဟေဠိတစ်ခုသဖွယ် ဖြစ်နေပါတယ်။ ဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့ Pivotal သုတေသနအုပ်စုရဲ့ ဝါရင့်သုတေသီတစ်ဦးဖြစ်တဲ့ ဘရိုင်ယန်ဝိုက်စာရဲ့သုံးသပ်ချက်ကို ခြေရာခံနိုင်ရင် ဖေ့စ်ဘွတ်အတွက် များစွာအကျိုးရှိနိုင်မှာ ဖြစ်ပါတယ်။ ဘရိုင်ယန်ဝိုက်စာရဲ့ ပြောဆိုချက်ကတော့ အခုလို ဖြစ်ပါတယ်။

''တွစ်တာဟာ သူ့ရဲ့မဟာဗျူဟာရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ ဈေးကွက်ကျွမ်းကျင်သူတွေနဲ့ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးလေ့ရှိပါတယ်။ ဒီအခြေအနေနဲ့ လုပ်ရပ်တွေဟာ သူ့ရဲ့ပုံဖော်လိုတဲ့ လမ်းကြောင်းကို ကောင်းစွာအထောက်အကူပြုတဲ့အတွက် သူ့ပရိသတ်ကို ကောင်းစွာထိန်းသိမ်းထားနိုင်တာဖြစ်သလို TV ရှိုးတွေရဲ့ ဈေးနှုန်းသက်သာမှုနဲ့ ကွန်ရက်ချိတ်ဆက်ရ လွယ်ကူလျင်မြန်မှုတွေဟာ ပရိသတ်ကို ကာလကြာရှည်စွာ ထိန်းသိမ်းထားနိုင်တဲ့သူ့ရဲ့ အရည်အချင်းတွေပဲ ဖြစ်ပါတယ်။''




## Acer Aspire E5-471G (i5)

**ရွှေလမင်းနဂါးကုမ္ပဏီ**
**01-2301797, 01-2301798,01-217233**
**09-250177762**

ခေတ်မီတိုးတက်နေသော IT ခေတ်ကြီးထဲတွင် လူတန်းစားမရွေး အသုံးပြုနေသော Laptop များထဲမှ Acer Brand သည်ဈေးကွက်တွင် လူကြိုက်အများဆုံး Brand ဖြစ်သည့် Acer မှ အသစ်ထပ်မံတင်သွင်းသော Essential Series E5-471G (i5) နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ Intel 4th Gen Core i5-4210U Processor သည်(Turbo Boost Technology) ပါဝင်သောကြောင့် CPU Speed ကို 1.7 GHz မှ 2.7 HGz အထိတိုးမြှင့်လုပ်ဆောင်ပေးနိုင်ပြီး Memory 4GB DDR3L Low Voltage Ram ကိုတပ်ဆင်ပေးထားသည့်အပြင် Ram Slot အပိုပါရှိ၍ ထပ်တိုးတပ်ဆင်အသုံးပြုနိုင်ပါသည်။ 500GB HDD က များစွာသော Data တွေကိုသိမ်းဆည်းပေးနိုင်ပြီး DVD Drive ကို Super Multi Double Layer အပြင်နောက်ထွက်ရှိမည့် M-Disc ကိုပါ Ready ဖြစ်စေမှာပါ။ မျက်နှာပြင် 14" inches နှင့် Cinecrystal HD LED LCD နည်းပညာကြောင့် ရုပ်ထွက်ကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုခံစားနိုင်မှာဖြစ်ပြီး Nvidia Gefore GT820 2GB Graphic Card က သီးသန့်ပါရှိ၍ရုပ်ထွက်နှင့် Graphic Software များကို အကောင်းဆုံးအထောက်အကူပေးနိုင်မှာအမှန်ပါပဲ။ ဒီဇိုင်းပိုင်းမှာ သေသပ်လှပပြီး Post Geometric pattern design ဟုခေါ်ဆိုသောပုံရိပ်လေးများနှင့်ပုံဖော်ထားပြီး၊ အရောင်မှာ အဖြူ၊ အနက် (၂)ရောင်ရွေးချယ် ဝယ်ယူနိုင်လို့ လူကြိုက်မင်းတို့ကို စိတ်ကျေနပ်မှုအကောင်းဆုံးပေးနိုင်မှာ အမှန်ပါ။ Wireless Wifi 802.11 b/g/n ကိုအသုံးပြုပေးထားပြီး Bluetooth 4.0 version တို့ကသုံးစွဲရလွယ်ကူ၊ လျင်မြန်စေသည့်အပြင် HDMI, VGA, GbLAN နှင့် USB 3.0 Ports များလည်း စုံလင်စွာထည့်သွင်းတပ်ဆင်ပေးထားပါသည်။ အာမခံသက်တမ်း (၂)နှစ်ပါရှိ၍ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်ပါသည်။

## Acer Projector P 1283




**ရွှေလမင်းနဂါးကုမ္ပဏီ**
**01-2301797, 01-2301798,01-217233**
**09-250177762**

Acer မှအစဉ်တစိုက်ဝယ်ယူအားပေးကြသော customer များအတွက် ရုံးသုံး၊ ကျောင်းသုံး၊ လုပ်ငန်းသုံးရန်အတွက် Acer မှ အသစ်ထပ်မံထုတ်လုပ်လိုက်သော Projector P1283 အမျိုးအစားဖြစ်ပါသည်။ P1283 Projector အမျိုးအစားမှာ ဈေးနှုန်းသင့်တင့်၍ ဒီဇိုင်းပုံစံ အသစ်ဖြစ်သောကြောင့် သုံးစွဲသူတွေကြိုက်နှစ်သက်စေမှာပါ။ Resolution အနေဖြင့် Native XGA (1024 x 764) ပါဝင်သောကြောင့် ပုံမှန် Projector များထက် Resolution ကို ကောင်းစွာကြည့်ရှုခံစားနိုင်ပြီး Contrast Ratio မှာ 17,000 : 1 အထိ ပါရှိသောကြောင့် resolution ကို ကောင်းကောင်းနှင့် contrast ratio မြင့်မြင့် ကြည့်ရှုအသုံးပြုနိုင်ပါသည်။ ပုံမှန်ထက်ပိုကောင်းမွန်သော Brightness မှာ 3,000 ANSI lumens အထိရရှိပြီး Lamp Life ဟုခေါ်သော မီးသီးသက်တမ်းမှာ Standard Mode အနေဖြင့် 5,000 Hours အထိရှိပြီး Eco Mode အနေဖြင့် 6,000 Hours အထိ ရရှိနိုင်ပါသည်။ ထပ်မံတိုး၍ Exteme Eco Mode အနေဖြင့် 10,000 Hours အထိအသုံးပြုနိုင်ပါသည်။ Input interface အနေဖြင့် Analog RGB/ Component Video x 2, Compostie Video x 1, S-Video, HDMI/ MHL< PC Audio x 2, ပါဝင်သောကြောင့်လိုအပ်သည့်အခါ အသုံးပြုသည့်အပြင် Output interface အနေဖြင့် D-Sub, Pc Audio ကိုပါတွဲဖက်အသုံးပြုနိုင်ပါသည်။ DLP 3D ပါဝင်သောကြောင့် ပြည့်စုံကောင်းမွန်သောရုပ်ထွက်ကိုပိုင်ဆိုင်နိုင်မှာပါ။ ကောင်းစွာစွမ်းဆောင်နိုင်သော စွမ်းရည်၊ လှသောဒီဇိုင်းများကြောင့် လက်မလွှတ်သင့်သော Projector တစ်မျိုးဖြစ်ပါတယ်။




## Bushnell Equinox Gen 1 Night Vision 2x28 Monocular

**AVID System Co., Ltd.**
**01-1222884, 09-73150188**

ညပိုင်းအချိန် အမှောင်ထုကို ရှင်းလင်းပြတ်သားစွာထွင်းဖောက်မြင်နိုင်သည့် ညကြည့်မှန်ဘီလူးအမျိုးအစားလေးပါ။ Magnification zoom 2 ဆနှင့် 100 m အထိဖမ်းယူကြည့်ရှုနိုင်ပြီး Lens အရွယ်အစား 28 mm Objective ပါရှိပါတယ်။ အဝေးဆုံးမြင်နိုင်အားအများဆုံးအကွာအဝေးကို 656' / 200m နှင့် Eye Relief 12 mm ထိကြည့်နိုင်ပြီး, Infrared Illuminator (IR) (Wide/Narrow) function ကိုထည့်သွင်းပေးထားတဲ့အတွက် မြင်ကွင်းကို ပိုမိုကြည်လင်ပြတ်သားစွာမြင်နိုင်ရန်စွမ်းဆောင်ပေးပါတယ်။ ရာသီဥတုကာကွယ်နိုင်တဲ့ IPX4 Water-Resistant ကိုအသုံးပြုထားပြီး Battery အမျိုးအစားမှာ 2x CR 123/20hrs အထိအသုံးပြုနိုင်တာကြောင့် တော်ရုံမျက်စိဖြင့်မမြင်နိုင်တဲ့ အမှောင်ထုညပိုင်းမှ တခြားမီးရောင်များမလိုအပ်ဘဲ Security အတွက် ပိုမိုအကျိုးကျေးဇူးခံစားနိုင်မှာဖြစ်ပါတယ်။ အပူချိန်ကို -22° to 113° F / -30° to 45° C အထိလက်ခံနိုင်ပြီး 8.8 oz / 20 g ပေါ့ပါးတဲ့အလေးချိန်ရှိတာကြောင့် သယ်ဆောင်သိမ်းဆည်းရလွယ်ကူစေပါတယ်။

## ELECOM Stereo Headphone Model :EHP-CS3580 Series

**CYBER PLUS Trading Co., Ltd.**
**01-227593, 09-7305648**
**09-91016645**

အသစ်ထပ်မံဝင်ရောက်လာတဲ့ Stereo Headset လေးဖြစ်ပါတယ်။ Smart Phone နှင့် iPhone နှစ်မျိုးလုံးတွင် အသုံးပြုနိုင်ပြီး built in MIC ပါရှိပါတယ်။ အသံကြည်လင်ပြတ်သားမှုရှိပြီး အသံအရည်အသွေးကောင်းမွန်သော Grand Bass Systems ကိုအသုံးပြုထားပါတယ်။ driver unit φ 15.4 mm ကို တပ်ဆင်အသုံးပြုထားတဲ့အတွက် မြင့်မားတဲ့အသံအရည်အသွေးကို နားဆင်နိုင်မှာဖြစ်ပါတယ်။ volume အတိုးအကျယ်ပြုလုပ်နိုင်သော Button ပါဝင်ပြီး iPhone၊ Smartphone၊ Tablet များတွင် Buttom နှိပ်တဲ့ အချက်အရေအတွက်ပေါ်မူတည်ပြီး (Call/End/Next/Previous song/ Fast-Forward/Rewind) များကိုလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ သီချင်းနားထောင်ခြင်း၊ ဖုန်းပြောဆိုခြင်းများပြုလုပ်နိုင်ပြီး သီချင်းနားထောင်ရာတွင် နားကိုသက်သောင့်သက်သာဖြစ်စေရန် ဖော့အစွပ်လေးများပါရှိပါတယ်။ ကြိုးများရှုပ်ထွေးမှုမရှိအောင်သိမ်းဆည်းထားနိုင်သော cord keeper၊ မတူညီသော ear cap အပို (၂)စုံပါရှိပါတယ်။ အရောင်အနေဖြင့် အနက်ရောင်နှင့် အနီရောင်ဆိုပြီး (၂)ရောင်ရှိပါတယ်။




## ADV - 1580HD Digital Video Camera

**Kobeno Accessories mobile Game**
**Sale & Service**
**09-73224989, 01-256417**

Yashica အမှတ်တံဆိပ် ADV-1580 HD model digital video camera အမျိုးအစားဖြစ်ပါတယ်။ Image sensor 5.0 mega pixels ပါဝင်ပါတယ်။ display အားဖြင့် 2.5" TFT LCD Screen ပါဝင်ပါတယ်။ 5 xoptical 700 m နှင့် 4 x Digital Zoom အသုံးပြုနိုင်ပါတယ်။ HDMI Port ပါဝင်ပြီး AV Output လည်း ပါဝင်ပါတယ်။ F=6.8 (w)mm - 34 (1)၊ Focal Length နှင့် 100 m - infinity / Macro : 1 cm - 8 cm Focus Range အသုံးပြုနိုင်ပါတယ်။ Video format အားဖြင့် AVI ဖြစ်ပြီး Photo ကို JPG ဖြင့် သိမ်းဆည်းပေးမှာဖြစ်ပါတယ်။ Built in Recharged Battery ပါဝင်ပါတယ်။




## Portable Wireless Card Reader & Power Bank (WiFi Stash)

**F@X**
**01-252627, 0991039206**

မိမိတန်ဖိုးထားသိမ်းဆည်းခဲ့တဲ့ ရုပ်ရှင်ကားကောင်းကောင်းတွေ၊ သီချင်းကောင်းကောင်းလေးတွေနဲ့ အမှတ်တရ ဓာတ်ပုံများစွာကို မိသားစု၊ ချစ်သူ၊ ခင်သူ သူငယ်ချင်းများနဲ့ ပြန်လည်မျှဝေခံစားချင်တယ်ဆိုရင်တော့ ဒီ Portable wireless flash drive လေးက ကူညီပေးမှာပါ။ Memory Stick တို့ External Hard Drive တို့ထဲမှာရှိနေတဲ့ Office Document တွေ Media Files တွေကို Stream လုပ်တဲ့အခါမှာ USB Port မကောင်းတာတို့၊ USB OTG Cable တွေနဲ့အလုပ်မလုပ်တာတို့၊ ဓာတ်ပုံကလွဲပြီးအခြား Media Files တွေ Support မလုပ်တာတို့ရှိတတ်ပါတယ်။ ယခု Wifi Stash လေးကတော့ Wireless ပါတဲ့မည်သည့် Computer, Phone နဲ့အခြား Media Player များနဲ့မဆို လွယ်ကူပြီးအဆင်ပြေစွာ ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ SD/MMC/TF/M2 နဲ့ USB Flash Drive ကြိုက်ရာသုံးနိုင်ပြီး External Hard Drive ဆိုရင်တော့ 500 GB လောက်ထိ Support လုပ်ပါတယ်။ Build in Battery က 2000 mAh ရှိပြီး Smart Phone တွေအတွက် Power Bank လိုလည်း သုံးနိုင်ပါတယ်။ Server တစ်ခုလို ထားပြီး လူအယောက် ၂၀ လောက်မျှသုံးလို့လည်း ရပါတယ်။ Wifi ခလုတ်လေးတစ်ချက် နှိပ်လိုက်ရုံပါပဲ။ Driver မလို Software မလို Internet Access မလိုပါဘူး။ အထူးသဖြင့်တော့ Apple Series ကိုင်ဆောင်ထားသူတွေ အများကြီးအဆင်ပြေသွားမှာပါ။




## Laser Pointer (LP 3000)

**F@X**
**01-252627, 0991039206**

လှပသေသပ်တဲ့ Laser Pointer Ball Pen လေးပါ။ Laser Color က အနီရောင်ဖြစ်ပြီး 15mW အားလောက်ရှိပါတယ်။ အဖြူရောင်မျက်နှာပြင်ကို ကောင်းစွာထိုးဖောက်နိုင်ပြီး Laser Point ကြီးကြီး သုံးချင်သူများအကြိုက်တွေ့မှာပါ။ အပြာရောင်စာကြည့်မီးလည်း ပါပါတယ်။ Ball Pen Design လေးဖြစ်လို့ စာရေးလို့လည်း ရပါတယ်။ Touch Pen လေးလို ဖုန်း Screen ကို လည်း Touch လုပ်နိုင်ပါတယ်။ သေးသွယ်ပေါ့ပါးပြီး အရောင်လေးတွေလည်း စုံစုံလင်လင် ဝယ်ယူရရှိနိုင်ပါတယ်။



Vol . 3, Issue . 67

## Short News



### Samsung မှ လန်ဒန်စတိုးကို ပိတ်သိမ်း

Samsung သည် နှစ်ကုန်တွင် ၎င်း၏ လန်ဒန် experience store ကို ပိတ်သိမ်းခဲ့ပြီးနောက် အချိန်ပြည့်ဝန်ထမ်း ၅၃ ယောက်နှင့် အချိန်ပိုင်းဝန်ထမ်း ၅ ယောက်တို့အား အလုပ်မှရပ်စဲခဲ့သည်။ UK ရှိ ကျန်စတိုးများကို ထိခိုက်မှုမရှိစေရဟုလည်း Samsung မှ အာမခံပေးခဲ့သည်။

### ဂျပန်မှ အင်တာနက်လုံခြုံရေး မြှင့်တင်

ဂျပန်သည် မြောက်ကိုရီးယား၏ Online မှ တိုက်ခိုက်မှုကို စိုးရိမ်သဖြင့် အင်တာနက်လုံခြုံရေးကို မြှင့်တင်ခဲ့ကြောင်းသိရသည်။ တိုက်ခိုက်ခံရပါက တုံ့ပြန်ရမည့်အခြေအနေကိုတွက်ဆနေပြီး ဂျပန်အခြေစိုက်ကုမ္ပဏီများ၏ လုံခြုံရေးကိုလည်း မြှင့်တင်ခဲ့ကြောင်း သိရသည်။



### Sony မှ Twitter အား တရားစွဲမည်ဟုဆို

Sony ၏ လျှို့ဝှက်ချက်များ Twitter မှတစ်ဆင့် ပျံ့ပွားခဲ့သဖြင့် ထို account များကို ပယ်ဖျက်ခြင်းမရှိပါက တရားစွဲဆိုမည်ဟု Sony မှ သတိပေးခဲ့သည်။ Twitter သည် ၎င်းတို့၏ မူဝါဒနှင့်မကိုက်ညီသော account များကိုသာမက အစိုးရအဖွဲ့အစည်းများမှ တောင်းဆိုသော account များကိုလည်း ဖျက်ပေးတတ်သည်။

### Xiaomi MiPad 2 တွင် intel SoC ပါဝင်နိုင်

Xiaomi မှ MiPad 7.9 ၏ နောက်မျိုးဆက်အား ထုတ်လုပ်လျက်ရှိပြီး intel chipset ကို ရွေးချယ်ထားကာ 1.8 GHz မြန်နှုန်းရှိမည်ဟုဆိုသည်။ ယခင်အရွယ်အစားအတိုင်းဖြစ်ပြီး 2048 x 1536 pixels resolution, 2GB RAM, 16GB storage နှင့် Android 4.4 KitKat တို့ ပါဝင်မည်ဟု ခန့်မှန်းကြသည်။



## Sony ၏ ရုပ်ရှင် "The Interview" ပထမအပတ်မှာပင် ဒေါ်လာ ၁၅ သန်း ရရှိခဲ့

Sony Pictures ၏ လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သော The Interview ရုပ်ရှင်သည် Online တွင် ရုံမတင်မီပင် စတင်ရောင်းချ/ငှားရမ်းမှုပြုခဲ့ပြီး ပထမလေးရက်၌ အကြိမ် ၂သန်းအထက်ရယူခဲ့ကြသဖြင့် ဒေါ်လာ ၁၅ သန်း အထက်ရရှိခဲ့ကြောင်း သိရသည်။ ရုပ်ရှင်ရုံများ၌လည်း အကန့်အသတ်ဖြင့်ပြသခဲ့ပြီး The Interview သည် Sony ၏ အအောင်မြင်ဆုံးရုပ်ရှင်စာရင်း၌ ဝင်ရောက်သွားခဲ့သည်။ ထိုရုပ်ရှင်အား ရိုက်ကူးရာတွင် ကုန်ကျစရိတ် ဒေါ်လာ ၄၄ သန်းရှိခဲ့ပြီး ရုပ်ရှင်ရုံ ၃၃၁ ရုံမှလည်း ၄ ရက်အတွင်း၌ပင် ဒေါ်လာ ၂.၈ သန်းရရှိခဲ့ကြောင်း သိရသည်။ ရုပ်ရှင်အား ယခုကဲ့သို့ သမားရိုးကျမဟုတ်သည့် နည်းလမ်းဖြင့် ထုတ်လွှင့်ရခြင်းမှာ လူအများအား ကြည့်ရှုခွင့်ရစေလို၍ဖြစ်ကြောင်း Sony မှ ဆိုခဲ့သည်။ ရုပ်ရှင်ရုံအများစု၌လည်း လက်မှတ်များရောင်းကုန်ခဲ့ပြီး Online ၌လည်း ထိပ်တန်းစာရင်း၌ရှိနေခဲ့သဖြင့် ကျေနပ်ကြောင်းလည်း Sony မှဆိုသည်။ ဇာတ်လမ်းအရ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို လုပ်ကြံပုံဖြစ်ပြီး ထိုရုပ်ရှင်ကြောင့်ပင် Sony သည် မြောက်ကိုရီးယားနှင့် ဆက်စပ်သည်ဟုယူဆရသော ဟက်ကာများ၏တိုက်ခိုက်မှုကို ခံခဲ့ရကာ လျှို့ဝှက်ချက်များ ပေါက်ကြားခဲ့သည်။ ဟက်ကာများ၏ခြိမ်းခြောက်မှုကြောင့် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်မည့်မူလအစီအစဉ်မှာလည်း အစပိုင်းတွင် ပယ်ဖျက်ခဲ့သော်လည်း သမ္မတအိုဘားမား၏ပြစ်တင်မှုနှင့် ပရိသတ်များ၏ တောင်းဆိုမှုကြောင့် Sony သည် ပြသလိုသည့် ရုပ်ရှင်ရုံများတွင် ပြသခွင့်ကို ခွင့်ပြုပေးခဲ့သည်။ The Interview အား platforms အများအပြားနှင့် ရုပ်ရှင်ရုံများစွာတွင် ထပ်မံပြသွားမည်ဟုလည်းဆိုခဲ့သည်။ ယခုအခါ YouTube Movies, Google Play, Xbox နှင့် Sony ၏ website ဖြစ်သော Seetheinterview.com တို့တွင် ရနိုင်ပြီး iTunes ၌လည်း ငှားရမ်းခ ၆ ဒေါ်လာ (သို့) ၁၅ ဒေါ်လာဖြင့် ဝယ်ယူနိုင်သည်။



## PlayStation Network တိုက်ခိုက်ခံရ

Sony ၏ Online ဂိမ်းတစ်ခုဖြစ်သော PlayStation Network သည် ခရစ္စမတ်တွင် DDOS ဖြင့် တိုက်ခိုက်ခံခဲ့ရသည်။ စနေနေ့ကအထိ Sony ၏ PlayStation Network သည် တိုက်ခိုက်မှုကြောင့် ပြင်ဆင်ရဆဲဖြစ်သည်။ PSN သာမကဘဲ Microsoft ၏ Xbox Live ပါ ဗုဒ္ဓဟူးနေ့က Connection ဆိုင်ရာပြဿနာများ စတင်ဖြစ်ခဲ့သည်။ Lizard Squad ဟုခေါ်သော ဟက်ကာအဖွဲ့မှ ၎င်းတို့လက်ချက်ဖြစ်ကြောင်း Twitter မှ ဆိုခဲ့ပြီး DDOs (distributed denial-of-service) ဖြင့် တိုက်ခိုက်ခဲ့သော်လည်း ထိုအဖွဲ့ပါဝင်ကြောင်း သေချာစွာသက်သေပြနိုင်ခြင်းမရှိခဲ့ချေ။ ထိုသို့တိုက်ခိုက်ပြီး ၃ ရက်အကြာ စနေနေ့မှာပင် Sony ၏ PlayStation Knowledge Center မှ network အား Offline အဖြစ် သတ်မှတ်ထားဆဲဖြစ်ပြီး အင်ဂျင်နီယာများမှ Online ဂိမ်းကစားနိုင်ရန် ပြင်းပြင်းထန်ထန်ကြိုးစားလျက်ရှိသည်ဟု Twitter တွင် ဖော်ပြခဲ့သည်။ Sony မှ ပြဿနာကို ရှင်းလင်းပြောကြားခြင်းမရှိခဲ့သော်လည်း PlayStation Blog မှ post အရမူ DDOS ဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။

Lizard Squid ကမူ သောကြာနေ့က Twitter မှတစ်ဆင့် PSN နှင့် Xbox Live အား DDOS တိုက်ခိုက်မှုကို ရပ်တန့်ခဲ့ပြီဟုဆိုကာ Tor anonymity service ထဲ ခြေဦးလှည့်မည်ဟု ဆိုထားသည်။ Tor Project မှာလည်း သောကြာနေ့ကပင် တိုက်ခိုက်ခံခဲ့ရသော်လည်း ကာကွယ်နိုင်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ Microsoft ၏ Xbox Live မှာမူ ပြန်လည်သုံးစွဲနိုင်ပြီဖြစ်သော်လည်း network ကို ဝင်မရခြင်းမှာ ယာယီသာဖြစ်ပြီး ဂိမ်းစက်များကြောင့် မဟုတ်ကြောင်းကိုလည်း PlayStation မှ ကြေညာထားခဲ့သည်။

## ၂၀၁၅ တွင် PlayStation ဂိမ်းများကို ဂိမ်းစက် မပါဘဲ Samsung TV ဖြင့် ကစားနိုင်မည်

Samsung ၏ စမတ် TV များသည် 2015 ၏ ပထမနှစ်ဝက်အတွင်း၌ PlayStation Now gone steaming ဝန်ဆောင်မှုကိုသုံးစွဲနိုင်တော့မည်ဖြစ်သည်။ Samsung စမတ် TV များသည် PlayStation ဂိမ်းစက်မလိုဘဲ ကစားခွင့်ရမည်ဖြစ်ပြီး စတင်ချိတ်ဆက်သုံးစွဲနိုင်မည့်နေရာများမှ US နှင့် ကနေဒါ network များဖြစ်သည်။ PlayStation Now ကို TV ဆီတိုက်ရိုက်လွှင့်ကာ သုံးစွဲရန်အတွက် ဂိမ်းစက်မလိုသော်လည်း Sony ၏ Dualshock Controller လိုအပ်မည်ဖြစ်ပြီး TV နှင့် ချိတ်ဆက်ပြီးပါက TV မှ app ကို ဖွင့်ကာ PS3 ဂိမ်း 200 ကျော်မှ နှစ်သက်ရာကိုရွေးချယ်၍ ကစားနိုင်မည်ဖြစ်သည်။ ဂိမ်းများကိုလည်း cloud မှ streaming ဖြင့် ပေးပို့သည်ဖြစ်ရာ download ရယူရန်လည်းမလိုအပ်ချေ။ Online တွင် မိတ်ဆွေများနှင့်ပါ ပူးပေါင်းကစားနိုင်ပြီး Cloud ၌ပင် save မှတ်ကာ ဆက်လက်ကစားနိုင်မည်ဖြစ်သည်။ Streaming ဖြစ်၍ နှောင့်နှေးမှု (lag) များဖြစ်ပေါ်နိုင်သဖြင့် သုံးစွဲမည့် အင်တာနက်လိုင်းသည် လုံလောက်စွာ မြန်ဆန်မှုရှိရမည်ဖြစ်သည်။ ထိုဝန်ဆောင်မှုအသစ်အတွက် ရက်စွဲအတိအကျကို မကြေညာခဲ့သလို US နှင့် ကနေဒါပြင်ပတွင် ဝန်ဆောင်မှုရလာနိုင်ခြင်းရှိ၊ မရှိကိုလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။

## မြောက်ကိုရီးယားမှ အင်တာနက်ပြတ်တောက်မှုအတွက် US အား ပြစ်တင်



မြောက်ကိုရီးယားသည် စနေနေ့က အင်တာနက်ပြတ်တောက်မှုအတွက် US အား ပြစ်တင်ခဲ့ပြီး Sony Pictures ၏ ဟက်ကာများကို ကြိုးကိုင်ပါဝင်သည်ဟူသော စွပ်စွဲချက်ကိုလည်း ဆက်လက်ငြင်းပယ်ခဲ့သည်။ နိုင်ငံ၏လုံခြုံရေးကော်မရှင်မှလည်း Sony ၏ The Interview ကို ပြသစေရန် ဖိအားပေးခဲ့သော အမေရိကန်သမ္မတ အိုဘားမားအား "မျောက်" ဟုခေါ်ဝေါ်၍ ပြစ်တင်ရှုံ့ချခဲ့သည်။ မြောက်ကိုရီးယားသည် ခရစ္စမတ်ရက်တွင် ရုံတင်မည့် The Interview ရုပ်ရှင်အား ကာလကြာရှည်စွာ ပြစ်တင်ရှုံ့ချမှုပြုလုပ်ခဲ့ပြီး နောက်နိုဝင်ဘာလနှောင်းပိုင်းတွင် Sony Pictures သည် ဟက်ကာများ၏တိုက်ခိုက်မှုခံရကာ ကုမ္ပဏီ၏ documents များစွာကိုခိုးယူ၍ အင်တာနက်၌ လွှင့်တင်ပစ်ခဲ့သည်။ "Guardian of Peace" အမည်ရ ဟက်ကာအဖွဲ့မှာ ၎င်းတို့လက်ချက်ဖြစ်သည်ဟုဆိုသော်လည်း FBI ကမူ မြောက်ကိုရီးယားပါဝင်ကြောင်း ဆိုခဲ့သည်။ သမ္မတအိုဘားမားမှလည်း သင့်လျော်သောတုံ့ပြန်မှုပြုမည်ဟု ဆိုထားသည်။ ဟက်ကာများမှ ပြသသောရုပ်ရှင်ရုံများကိုပါ တိုက်ခိုက်မည်ဟု ခြိမ်းခြောက်သဖြင့် Sony မှ ပြသခြင်းမပြုရန်ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အား သမ္မတအိုဘားမားအပါအဝင်အများကပြစ်တင်ကြသဖြင့် The Interview အား Online မှ ရောင်းချ/ငှားရမ်းရုံသာမက ရုပ်ရှင်ရုံများ၌ပါပြသခဲ့သည်။ အိုဘားမား၏တုံ့ပြန်မည်ဟူသော စကားအပြီးတွင် မြောက်ကိုရီးယား၏ အင်တာနက်လိုင်းသည် နှေးကွေးလာခဲ့ပြီး တစ်ချိန်တွင် လုံးဝပြတ်တောက်သည်အထိဖြစ်ခဲ့ကာ ပြဿနာများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ US ကမူ ၎င်းတို့လက်ချက်မဟုတ်ကြောင်းဆိုထားပြီး ထိန်းသိမ်းမှုစနစ်ညံ့ဖျင်း၍ဟု ထောက်ပြခဲ့သည်။ သို့သော်မြောက်ကိုရီးယားကမူ US မှ လက်တုံ့ပြန်ခြင်းဟုသာ အခိုင်အမာယူဆထားပြီး လူမိုက်ကဲ့သို့ ပြုမူသည်ဟု စွပ်စွဲခဲ့သည်။

## Apple မှ ဟက်ကာများကို ကာကွယ်ရန် Mac update ပြုလုပ်



Apple သည် ပထမဆုံးအကြိမ်အဖြစ် သုံးစွဲသူ၏ခွင့်ပြုချက်ရယူခြင်းမရှိဘဲ Mac update များကို အလိုအလျောက်ပို့ပေးခဲ့ကာ ဟက်ကာများ၏ထိန်းချုပ်ခံရခြင်းမှ ကာကွယ်ပေးခဲ့သည်။ အလိုအလျောက်လုပ်ဆောင်ပေးခဲ့သော Security update သည် Apple laptops, desktops များကို အသစ်ရှာဖွေတွေ့ရှိခဲ့သော လုံခြုံရေးအားနည်းချက် CVE-2014-9295 ၏ ရန်မှကာကွယ်ပေးပြီး ၎င်းသည် OSX အပါအဝင် Linux နှင့် Unix တို့အား ထိခိုက်ခဲ့သည်။ Apple ၏ ပြောရေးဆိုခွင့်ရှိသူ Bill Evans မှ Update အား ပြည့်စုံချောမောခဲ့ပြီး Mac သုံးစွဲသူများသည် ကွန်ပျူတာအား restart ပြုရန်ပင်မလိုဟုဆိုခဲ့သည်။ ထိုလုံခြုံရေးအားနည်းချက်အား US Department of Homeland Security နှင့် Carnegie Mellon University တို့မှ ဖော်ပြခဲ့ခြင်းဖြစ်ပြီး Apple တစ်ခုတည်းကို ထိခိုက်ခဲ့ခြင်းမဟုတ်ပေ။ ကွန်ပျူတာ၏ network time protocol(NTP) မှတစ်ဆင့် ကွန်ပျူတာ၏ နာရီနှင့်ချိတ်ဆက်ကာ ဟက်ကာများအနေနှင့် ကွန်ပျူတာကိုထိန်းချုပ်နိုင်ကြောင်းသိရသည်။ Apple ၏ ခွင့်ပြုချက်မယူဘဲ update လျင်လျင်မြန်မြန်လုပ်ခဲ့ခြင်းသည် ထိုအားနည်းချက်၏ အန္တရာယ်ကြီးမှုကိုပြသနေသကဲ့သို့ရှိသည်။ Apple သည် အလိုအလျောက် update လုပ်ခြင်းကို စတင်ပြောဆိုနေသည်မှာ ၂နှစ်ခန့်ရှိခဲ့ပြီး ယခုမှပထမဦးစွာ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ အလိုအလျောက် update လုပ်ခြင်းကို မနှစ်သက်ပါကလည်း System Preferences > App Store မှတစ်ဆင့် ပိတ်ထားနိုင်ကြောင်း သိရသည်။

## Google မှ ပထမဆုံးပြီးစီးသည့် မောင်းသူမဲ့ကားကို ပြသ

Google သည် ၎င်းတို့၏ပထမဆုံးစမ်းသပ်ထုတ်လုပ်သည့် မောင်းသူမဲ့ကားကို ပြသခဲ့သည်။ ပုံစံအရ မေလက ပြသခဲ့သည့်ကားနှင့် ဆင်တူသော်လည်း ယခုကားမှာလုပ်ငန်းအားလုံးကို ပြည့်ဝစွာလုပ်ဆောင်လာနိုင်ပြီဖြစ်သည်။ ယခင်ကားမှာ ရှေ့မီးပင်မလင်းနိုင်ဟု Google မှဆိုသည်။ မောင်းသူမဲ့ကားစီမံကိန်းကို ၂၀၁၀ ကစတင်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် Google X ဟု research ဖြစ်လာခဲ့ကာ Google Glass နှင့် ကင်ဆာကုသနိုင်ရေးအတွက် nanoparticles များကိုပါ စမ်းသပ်လျက်ရှိသည်။ Google သည် X research ဖြင့် ၎င်း၏ search engine လုပ်ငန်းမှခွဲထုတ်ကာ ကွဲပြားသောလုပ်ငန်းများ၌ အခြေချရန် ရည်မှန်းပုံရသည်။ ယခုပြသသော နမူနာပုံစံမှာ ယခင်ကထက် ဒီဇိုင်းပြောင်းလဲမှုအချို့ရှိခဲ့ပြီး ပိုမိုတောက်ပသော အသွင်ကိုဆောင်ခဲ့သည်။ ကားကိုစမ်းသပ်ရာ၌ ကယ်လီဖိုးနီးယား စည်းမျဉ်းနှင့်ကိုက်ညီစေရန် ကိုယ်တိုင်မောင်းနှင်ခြင်းဖြင့်သာ စမ်းသပ်ခဲ့ကြောင်းဆိုသည်။ Google သည် စမ်းသပ်မှုများကို သီးခြားပြုလုပ်လျက်ရှိသော်လည်း ကားထုတ်လုပ်သောကုမ္ပဏီ တစ်ခုခုနှင့်ပူးပေါင်းကာ မောင်းသူမဲ့ကားများကို ငါးနှစ်အတွင်း ဈေးကွက်ထဲသို့ပို့ဆောင်ရန် စိတ်ဝင်စားလျက်ရှိသည်။

# Phone Guide

OUR SELECTED MARKET COLLECTIONS

Mobile Collection　Mobile Comparison　Mobile Update Prices & Gadgets



## Xiaomi Mi Band

25,000/-

ကယ်လိုရီလျော့ကျနှုန်း၊ နှလုံးခုန်နှုန်းစတာတွေကို တိုင်းတာသိရှိစေနိုင်မယ့် Product တစ်ခုဖြစ်ပါတယ်။ Xiaomi Smartphone တွေအပြင် အခြား Android Devices တွေ၊ iOS Devices တွေနဲ့ပါ တွဲဖက်အသုံးပြုလို့ရမှာပါ။ ဒီပစ္စည်းလေးကို Smartphone နဲ့ တွဲဖက်အသုံးပြုချင်ရင် ဖုန်းထဲမှာ Mi Band ဆိုတဲ့ Apps ကို Install လုပ်ပေးရမှာဖြစ်ပါတယ်။ အသုံးပြုတဲ့အခါမှာလည်း Bluetooth နဲ့ ချိတ်ဆက်ရမှာပါ။ လက်မှာပတ်တဲ့အချိန်မှာလည်း ဖုန်းဝင်လာခဲ့ရင် Vibrate ဖြစ်လာပါလိမ့်မယ်။ ကြိုးကိုတော့ Leather နဲ့ပြုလုပ်ထားကာ အနက်ရောင်တစ်မျိုးတည်းသာ ဝယ်ယူရရှိနိုင်ပါတယ်။

My Mobile | 01-225649



## OPPO VOOC PowerBank

≃ 60,000/-

မကြာမီ ပြည်တွင်းဈေးကွက်ထဲကိုဝင်ရောက်လာတော့မယ့် OPPO အမှတ်တံဆိပ် VODC PowerBank လေးနဲ့မိတ်ဆက်ပေးပါရစေ။ OPPO အမှတ်တံဆိပ် Mobile Devices တွေနဲ့ တွဲဖက်အသုံးပြုနိုင်သလို အခြား Brand တွေနဲ့ပါ အဆင်ပြေလွယ်ကူစွာ တွဲဖက်အသုံးပြုနိုင်မှာပါ။ သူ့ထဲမှာ သိုလှောင်နိုင်စွမ်းရှိတဲ့ Battery Capacity ကတော့ (6000) mAh ဖြစ်ပါတယ်။ ဒီ Powerbank နဲ့ Smartphone ကို အားသွင်းတဲ့အခါမှာလည်း Charging Speed က ၄ ဆဖြစ်တာကြောင့် အားပြည့်တာ ပိုမိုမြန်ဆန်စေပါလိမ့်မယ်။ အလေးချိန်ကလည်း 150g ပဲရှိတာကြောင့် တစ်နေရာကနေတစ်နေရာကို အလွယ်တကူသယ်ယူအသုံးပြုနိုင်ပါတယ်။

OPPO | 09-402710928

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## Yamaha PDX - 11

150,000/-

Yamaha အမှတ်တံဆိပ် Docking Speaker အမျိုးအစားဖြစ်ပါတယ်။ ဖုန်းထည့်လို့ရမယ့် Dock ကတော့ Speaker ရဲ့ အထက်ပိုင်းမှာရှိပါတယ်။ အသံထွက်ကြည်လင်ပြတ်သားမှုရှိတာ Woofer အသံပါ, ပါရှိပါတယ်။ Android Device မျိုးစုံနဲ့ တွဲဖက်အသုံးပြုနိုင်သလို iDevice များနဲ့ပါ တွဲဖက်အသုံးပြုနိုင်ပါတယ်။ AC မီးအားနဲ့ အသုံးပြုနိုင်ပြီး DC နဲ့ ပါ အသုံးပြုချင်တယ်ဆိုရင်တော့ 6AA alkaline batteries တွေကိုထည့်သွင်းပေးရပါမယ်။ အရောင်အနေနဲ့ကတော့ အနက်ရောင်၊ နက်ပြာရောင်၊ အစိမ်းရောင်နဲ့ အဖြူရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင်မှာပါ။

Yamaha | 01-253691



## Xiaomi Mi Handfree

24,000/-

Xiaomi အမှတ်တံဆိပ် Piston Model အမျိုးအစား Mi Handfree ဖြစ်ပါတယ်။ ဆန်းသစ်လှပတဲ့ ဒီဇိုင်းပုံစံနဲ့ဖန်တီးပြုလုပ်ထားကာ Bass အသံထွက် အရမ်းကောင်းပါတယ်။ အသုံးပြုတဲ့အခါမှာလည်း နားနာကျင်မှုမဖြစ်စေဖို့အတွက် နားအစွပ်တွေကို Silicon နဲ့ စနစ်တကျပြုလုပ်ထားပြီး နားအစွပ်အပို ၃ ခုလည်း ပါရှိပါတယ်။ မည်သည့် Mobile Device နဲ့မဆို တွဲဖက်အသုံးပြုလို့ရမှာပါ။ အရောင်အနေနဲ့ကတော့ အညိုရောင်၊ ရွှေရောင် စတာတွေကို ဝယ်ယူရရှိနိုင်ပါလိမ့်မယ်။

My Mobile | 01-225649



## Yamaha NX - P 100

260,000/-

Mobile Devices တွေနဲ့ တွဲဖက်အသုံးပြုနိုင်တဲ့ Yamaha အမှတ်တံဆိပ် Bluetooth Speaker ဖြစ်ပါတယ်။ ဖုန်ဒဏ်နဲ့ ရေစိုဒဏ်ကို ခံနိုင်ရည်ရှိတဲ့ Product တစ်ခုပါ။ Bass အသံထွက်ကောင်းမွန်မှုရှိပြီး ဖုန်းဝင်လာတဲ့အခါမှာလည်း ဒီ Speaker ကနေပဲ ဖုန်းပြောလို့ရပါတယ်။ သူ့ရဲ့အားသာချက်တစ်ခုကတော့ ဖုန်းတွေကိုပါ အားပြန်ဖြည့်ပေးနိုင်ပါတယ်။ သိုလှောင်ထားနိုင်တဲ့ Battery Capacity ကတော့ (6000) mAh ဖြစ်ပါတယ်။ ဒါ့အပြင် NFC Function ပါရှိတဲ့ Mobile Device တွေနဲ့လည်း တွဲဖက်အသုံးပြုလို့ရမှာပါ။

Yamaha | 01-253691




## Huawei Micro SD Card with Adapter

6,000/-

Huawei အမှတ်တံဆိပ် Micro SD Card (8GB) အမျိုးအစားဖြစ်ပါတယ်။ မိုဘိုင်းဖုန်းတွေနဲ့ ဓာတ်ပုံရိုက်ကူးမယ်ဆိုရင် ပုံအရေအတွက် ၂၀၀၀ ဝန်းကျင်၊ Video တွေရိုက်ကူးမယ်ဆိုရင် ၂ နာရီဝန်းကျင်နဲ့ သီချင်း Copy ယူလျှင် ၁၄၀ နာရီဝန်းကျင်အထိ ရယူသိမ်းဆည်းအသုံးပြုနိုင်ပါတယ်။ ရေစိုခံ၊ အကြမ်းခံတဲ့ Product တစ်ခုဖြစ်ကာ Adapter လက်ဆောင်ရရှိမှာဖြစ်ပါတယ်။

Multi Generation | 09-73240123

Vol . 3, Issue . 67

# MOBILE USED PHONE

## 1. Samsung Galaxy S5 (White)

Price : 420,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 5.1", Super AMOLED capacitive touchscreen |
| Memory | : 16GB, 2GB RAM |
| Camera | : 16 Megapixel, 5312 x 2988 pixels, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.4.2 (KitKat) |

## 2. LG G Flex

Price : 380,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 6.0", Curved P-OLED capacitive touchscreen |
| Memory | : 32GB, 2GB RAM |
| Camera | : 13 Megapixel, 4160 x 3120 pixels, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.2.2 (Jelly Bean) |

## 3. HTC One (E8)

Price : 350,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 5.0", Super LCD3 capacitive touchscreen |
| Memory | : 16GB, 2GB RAM |
| Camera | : 13 Megapixel, 4128 x 3096 pixels, autofouc, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.4.2 (KitKat) |

## 4. Samsung Galaxy Note 3

Price : 330,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 5.7", Super AMOLED capacitive touchscreen |
| Memory | : 16GB, 3GB RAM micro SD, up to 64GB |
| Camera | : 13 Megapixel, 4128 x 3096 pixels, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.3 (Jelly Bean) |

## 5. Huawei Honor 3C

Price : 110,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 5.0", 720 x 1280 pixels, IPS LCD capacitive touchscreen |
| Memory | : 16GB, 3GB RAM micro SD, up to 32GB |
| Camera | : 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.2.2 (Jelly Bean) |

## 6. Apple iPhone 5 (Black)

Price : 320,000 Ks



| | |
|---|---|
| Network | : 2G, 3G, 4G (LTE) |
| Display | : 4.0", LED-backlit IPS LCD, capacitive touchscreen |
| Memory | : 32GB, 1GB RAM DDR2 |
| Camera | : 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : iOS 6, upgradable to iOS 7.1.2 upgradable to iOS 8.1.2 |

*အထက်ပါအချက်အလက်များကို www.ads.com.mm ဖုန်း-၀၁-၁၂၂၂၈၃၇ မှ ကူညီပံ့ပိုးပါသည်။*

*မိမိရောင်းချလိုသော Used Phone ပုံနှင့် အချက်အလက် အပြည့်အစုံကို netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။*

# Preview

## LG FxO

| | |
|---|---|
| Display | : Approx. 4.7 inches / IPS |
| Dimensions | : Approx. 139.0 x 70.0 x 10.5 mm |
| Memory | : Approx. 16GB (ROM) / Approx. 1.5GB (RAM) |
| Storage | : micro SDXC (TM) (64GB max.) |
| Camera | : Main : Approx. 8 million pixels<br>Sub : Approx. 2.1 million pixels |
| OS | : Firefox OS 2.0 |
| CPU | : MSM8926 1.2GHz Quad core |
| Processor | : Qualcomm Snapdragon 400 series |
| Add-ons | : Bluetooth, NFC, Wi-Fi, micro USB |
| Battery | : 2,370mAh |
| Call time | : Approx. 1,010 minutes |
| Standby time | : Approx. 720 hours (LTE) / Approx. 820 hours (3G) |
| Weight | : Approx. 148g |
| Color | : Gold |



LG ဟာ ထူးခြားတဲ့ဒီဇိုင်းနဲ့ ဖုန်းတွေကိုထုတ်လုပ်လေ့ရှိပါတယ်။ အခုလည်း ၂၀၁၄ ကိုနှုတ်ဆက်ခါနီးမှာ ထူးခြားတဲ့ဖုန်းတစ်လုံးကို မိတ်ဆက်ခဲ့ပါတယ်။ ဂျပန်မှာမိတ်ဆက်ခဲ့တာဖြစ်ပြီး ကျန်နိုင်ငံတွေကိုရောက်ရှိဖို့ မသေချာသေးပါဘူး။ နောက်ထပ်ထူးခြားချက်က လူသုံးများတဲ့ Android ကိုပယ်ဖျက်ပြီး Firefox OS ကိုသုံးစွဲထားတာပါပဲ။ ဂျပန်မှာရှိတဲ့ Operator KDDI က ဖြန့်ဝေရောင်းချမှာဖြစ်ပြီး ဂျပန်မှာ ပထမဆုံးထုတ်ဝေတဲ့ Firefox OS သုံးဖုန်းဖြစ်လာခဲ့ပါတယ်။ Mozilla Corporation ရဲ့အဆိုအရ LG Fx0 ကိုအမြန်ဆုံးလူကြိုက်များအောင်ဆောင်ရွက်သွားမှာဖြစ်ပြီး ဒါကြောင့်ပဲ ထူးခြားတဲ့ဒီဇိုင်းကိုသုံးခဲ့ပုံရပါတယ်။

LG Fx0 ဟာ အထဲကိုထွင်းဖောက်မြင်နိုင်တဲ့ကိုယ်ထည်နဲ့ပြုလုပ်ထားပြီး Home Button ဟာ Firefox Logo ပုံစံဖြစ်ပါတယ်။ ဒီလိုဒီဇိုင်းဖန်တီးရခြင်းဟာ Firefox OS ရဲ့ပွင့်လင်းမြင်သာမှုကို သရုပ်ဖော်တာလည်းဖြစ်ပါတယ်။ LG Fx0 ဟာ LG ရဲ့ထုတ်ကုန်အနေနဲ့ ထူးခြားတဲ့အမည်ဖြစ်ပြီး ဒီဇိုင်နာ Tokujin Yoshioka ရဲ့လက်ရာဖြစ်ကာ Firefox Logo ကိုအသားပေးဖော်ပြထားပါတယ်။ အဖုံးကိုဖွင့်စရာမလိုဘဲ အတွင်းက Hardware တွေကို မြင်သာရပါတယ်။ LG Fx0 ဟာ တခြားသော Firefox OS သုံးတဲ့ဖုန်းတွေနဲ့မတူညီဘဲ အလယ်အလတ်တန်းစားဖုန်းတစ်လုံးပဲဖြစ်တာကိုတွေ့ရပါတယ်။ ဒါပေမဲ့ ဒီဇိုင်းကို အဓိကထားထားသလို အလယ်အလတ်ဖုန်းဖြစ်ပေမယ့် ဒီနေ့ခေတ်ရဲ့အဆင့်မြင့်နည်းပညာတွေ ပါဝင်နေတာကလည်း ထူးခြားချက်ဖြစ်ပါတယ်။ ဒါကြောင့်ပဲ Firefox OS သုံးတဲ့ဖုန်းတွေထဲမှာ ဈေးအကြီးဆုံးလည်းဖြစ်နေခဲ့ပါတယ်။

LG Fx0 ရဲ့ဒီဇိုင်းဟာ ပုံစံအရ LG G3 နဲ့တူညီပြီး Touch Screen ကတော့ ပိုသေးပါတယ်။ ဒီဖုန်းမှာ ၄ ႋ ၇ လက်မ IPS Display ပါဝင်ပြီး 720 x 1280 pixels Resolution ရှိပါတယ်။ Pixels သိပ်သည်းဆကတော့ 312 ppi ရှိပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်အတွက် အလယ်အလတ်အဆင့်ရှိတဲ့ Qualcomm ရဲ့ Snapdragon 400 Chip ကိုသုံးထားပြီး Quad-core 1.2GHz မြန်နှုန်းရှိပါတယ်။ RAM ကလည်း 1.5GB ပါဝင်တဲ့အတွက် လုံလောက်မှုရှိတဲ့ပမာဏပဲဖြစ်ပါတယ်။ သိုလှောင်နိုင်မှုပမာဏကလည်း 16GB ထိပါဝင်ထားပြီး ထပ်မံလိုအပ်သေးရင်လည်း Micro SD နဲ့ 64GB ထိ တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။

ဖုန်းရဲ့ကျောဘက်မှာပါဝင်တဲ့ အဓိကကင်မရာဟာ 8MP ဖြစ်ပြီး LED Flash ပါဝင်ပါတယ်။ ရှေ့ဘက်မှာ 2.1MP ကင်မရာပါဝင်လို့ Selfie အတွက်လည်း မဆိုးလှဘူးလို့ဆိုရမှာပါ။ 139 x 70 x 10.5 mm အရွယ်အစားရှိပြီး 148 g လေးပါတယ်။ 2370mAh ဘက်ထရီကိုသုံးစွဲပေးထားပြီး ကွန်ရက်ချိတ်ဆက်မှုအနေနဲ့ 3G, 4G Network ထိရနိုင်ပါတယ်။ Wi-Fi 802.11 b/g/n, NFC, GPS, Bluetooth 4.0 စတာတွေပါဝင်ပါတယ်။ KDDI Operator ကပဲ ဂျပန်မှာသီးသန့်ရောင်းချမှာဖြစ်ပြီး အနည်းငယ်သောပမာဏကို ဒီဇင်ဘာ ၂၅ မှာ စတင်ရောင်းချပါလိမ့်မယ်။ ဂျပန်ဈေးကွက်တစ်ခုလုံးကို ၂၀၁၅ ဇန်နဝါရီ ၆ ရက်မှစတင်ရောင်းချမှာဖြစ်ပြီး ၄၁၄ ဒေါ်လာဈေးနှုန်းသတ်မှတ်ထားပါတယ်။

# Apple Phone Comparison

| | Apple iPhone 5  | Apple iPhone 5S  | Apple iPhone 6 Plus  | Apple iPhone 6  |
|---|---|---|---|---|
| Network | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G |
| Weight | 112 g | 112 g | 172 g | 129 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB |
| Operating System | iOS 6 (upgradable to iOS 7.1.2) | iOS 7 (upgradable to iOS 7.1.2) | iOS 8 (upgradable to iOS 8.1.2) | iOS 8 (upgradable to iOS 8.1.2) |
| Dimensions (mm) | 123.8 x 58.6 x 7.6 | 123.8 x 58.6 x 7.6 | 158.1 x 77.8 x 7.1 | 138.1 x 67 x 6.9 |
| Camera (rear/front) | 8 MP / 1.2 MP | 8 MP / 1.2 MP | 8 MP / 1.2 MP | 8 MP / 1.2 MP |
| CPU | Dual-core 1.3GHz Swift (ARM v7-based) | Dual-core 1.3GHz Cyclone (ARM v8-based) | Dual-core 1.4GHz Cyclone (ARM v8-based) | Dual-core 1.4GHz Cyclone (ARM v8-based) |
| Display | 4.0", LED-backlit IPS LCD, (640 x 1136 pixels) | 4.0", LED-backlit IPS LCD, (640 x 1136 pixels) | 5.5", LED-backlit IPS LCD, (1080 x 1920 pixels) | 4.7", LED-backlit IPS LCD, (750 x 1334 pixels) |
| Memory | 32GB, 1GB RAM DDR2 (No Card Slot) | 16GB, 1GB RAM DDR3 (No Card Slot) | 16GB, 1GB RAM (No Card Slot) | 16GB, 1GB RAM (No Card Slot) |
| Price | 699,000 Ks | 665,000 Ks | 860,000 Ks | 830,000 Ks |
| Phone | 01-371923 | 01-371924 | 09-73211103 | 09-73211103 |

## Affordable Phones



### 1. Singtech Z500T
Price : 95,000 Ks

Network : 2G, 3G
Display : 5.0",IPS capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 5Megapixel, auto focus, LED flash front : camera 0.3 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4(KitKat)
Phone : 09-253380008



### 2. Pantech Pocket P9060
Price : 55,000 Ks

Network : 2G, 3G
Display : 4.0", TFT capacitive touchscreen
Memory : Internal 2GB, micro SD, up to 32GB
Camera : 5 Megapixel, autofocus,
Connectivity : GPRS, EDGE,WLAN, Bluetooth
OS : Android OS, v 2.3 (Gingerbread)
Phone : 09-254281812



### 3. G-Five Smart 1
Price : 56,000 Ks

Network : GSM
Display : 4", WVGA capacitive touchscreen
Memory : Internal 2GB, micro SD, up to 32GB
Camera : 2.0 Megapixel,front : camera VGA
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4 (KitKat)
Phone : 01-542020

## Featured Phones



### 1. Singtech i50
Price : 135,000 Ks

Network : 2G, 3G
Display : 5.0", capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 8 Megapixel, autofocus, front : camera 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4(KitKat)
Phone : 09-253380009



### 2. G-Five Classic 7
Price : 165,000 Ks

Network : 2G, 3G
Display : 5.5", IPS capacitive touchscreen
Memory : Internal 8GB,micro SD, up to 32GB
Camera : 8 Megapixel, autofocus,LED Flash, front camera: 2.0 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4 (KitKat)
Phone : 01-542020



### 3. Singtech i-Tab Mini
Price : 159,000 Ks

Network : 2G, 3G
Display : 7.85",FWVGA capacitive touchscreen
Memory : Internal 8GB
Camera : 5 Megapixel, autofocus, front : camera 2.0 Megapixel
Connectivity : GPRS, EDGE,WLAN, Bluetooth
OS : Android OS, v 4.2 (Jelly Bean)
Phone : 09-253380008

## New Entries Phones



### 1. Singtech A33
Price : 58,000 Ks

Network : 2G, 3G
Display : 4.0", WVGA capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 2.0 Megapixel, front camera 0.3 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.2 (Jelly Bean)
Phone : 09-253380008



### 2. Huawei Ascend G7
Price : 319,000 Ks

Network : 2G, 3G, 4G
Display : 5.5", IPS LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 32GB
Camera : 13 Megapixel,auto focus LED flash front : camera 5 MP
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.4.4 (KitKat)
Phone : 01-398436



### 3. Singtech i20
Price : 65,000 Ks

Network : 2G, 3G
Display : 4.0", WVGA capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 5 Megapixel, autofocus, front : camera 0.3Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.2 (Jelly Bean)
Phone : 09-253380009

## CDMA Phones



### 1. HTC Desire 600C
Price : 265,000Ks

Network : GSM + CDMA 800MHz
Display : 4.5", capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.1.2 (Jelly Bean)
Phone : 01-391730



### 2. Samsung Galaxy Mega Plus
Price : 322,000 Ks

Network : GSM + CDMA 800MHz
Display : 5.8",TFT capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.2.2 (Jelly Bean)
Phone : 01-398436



### 3. Huawei Honor 3C
Price : 134,000 Ks

Network : GSM + CDMA 800MHz
Display : 5.0", capacitive touchscreen
Memory : Internal 4GB,micro SD, up to 32GB
Camera : 8 Megapixel, auto focus, LED flash front : camera 0.9Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.3 (Jelly Bean)
Phone : 01-391730

# TOP 10 SMART PHONES



### 1. Samsung Galaxy Note Edge
(1,020,000 Ks)

Network : 2G, 3G, 4G
Display : 5.6", Super AMOLED capacitive touchscreen
Memory : Internal 32GB,micro SD,up to 128GB
Camera : 16 Megapixel, autofocus, LED flash, front : 3.7MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.4.4 (Kitkat)
Phone : 01-225649



### 2. OPPO N1 mini (369,000 Ks)

Network : 2G, 3G, 4G
Display : 5", IPS LCD capacitive touchscreen
Memory : Internal 16GB
Camera : 13 Megapixels, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.3 (Jelly Bean)
Phone : 09-73069467



### 3. Sony Xperia T2 Ultra (255,000 Ks)

Network : 2G, 3G, 4G
Display : 6", IPS LCD capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 13 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.3 (Jelly Bean)
Phone : 09-5176225



### 4. iPhone 6 Plus (16GB) Gold
(990,000 Ks)

Network : 2G, 3G,4G
Display : 5.5",LED backlit IPS LCD capacitive touchscreen
Memory : Internal 16GB
Camera : 8 Megapixel, autofocus, dual-LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : iOS 8
Phone : 01-241196 (Ext : 124)



### 5. HTC ONE E8 LTE (435,000 Ks)

Network : 2G, 3G, 4G
Display : 5.0", Super LCD3 capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : 13 Megapixel, autofocus, LED flash, front 5MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.4.2 (KitKat)
Phone : 01-398436



### 6. Samsung Galaxy Grand II (white)
(270,000 Ks)

Network : 2G, 3G
Display : 5.25", TFT capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.3 (Jelly Bean)
Phone : 01-220054



### 7. Sony Xperia C3 (279,000 Ks)

Network : 2G, 3G
Display : 5.5", IPS LCD capacitive
Memory : Internal 8GB, micro SD, up to 32GB
Camera : 8 Megapixel, autofocus, LED flash,
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.2(KitKat)
Phone : 01-391789



### 8. HTC One M8 LTE (609,000 Ks)

Network : 2G, 3G, 4G
Display : 5.5",Super LCD3 capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : Dual 4 Megapixel, auto focus, dual-LED flash front : camera 5Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.4.2 (Kitkat)
Phone : 01-398436



### 9. iPhone 6 (16GB) Gold (829,000 Ks)

Network : 2G, 3G,4G
Display : 4.7",LED-backlit IPS LCD capacitive touchscreen
Memory : Internal 16GB
Camera : 8 Megapixel, autofocus, dual-LED Flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : iOS 8
Phone : 01-241196 (Ext:124)



### 10. Samsung Galaxy SIII Neo (White)
(267,000 Ks)

Network : 2G, 3G
Display : 4.8",Super AMOLED capacitive touchscreen
Memory : Internal 16GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.3 (Jelly Bean)
Phone : 09-73220055

Vol . 3, Issue . 67

# PHONE REVIEW...

## Samsung Galaxy Note Edge

မိုဘိုင်းဈေးကွက်မှာ နာမည်ရှိတဲ့ Super AMOLED နည်းပညာနဲ့ ပြုလုပ်ဖန်တီးထားတဲ့ ဖုန်းရဲ့မျက်နှာပြင်ကို Samsung Galaxy Note Edge မှာ ပါရှိမှာဖြစ်ပြီး Samsung ရဲ့ ထူးခြားတဲ့အသွင်နဲ့ Note Edge ရဲ့ Design ဟာ သုံးစွဲသူအများအပြားကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။ ဘေးဘောင်သွယ်ဝိုက်နေတဲ့ ပုံစံမျက်နှာပြင်ကို အသားပေးဖွဲ့စည်းတည်ဆောက်ထားတာဖြစ်ပြီး တစ်မူထူးခြားတဲ့ စမတ်ဖုန်းတစ်လုံးဆိုလည်း မမှားပါဘူး။ Qualcomm Snapdragon 805 processor ပါဝင်တာမို့ ဖုန်းအတွက် အလုပ်ကောင်းကောင်း ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

### Design and Build

Galaxy Note Edge ရဲ့ မျက်နှာပြင်ဟာ note 4 ထက် အနည်းငယ်မျှ သေးငယ်သော်လည်း ဘေးဘောင်သွယ်ဝိုက်နေတဲ့ အနေအထားဒီဇိုင်းကြောင့် လူအများရဲ့ အာရုံစူးစိုက်ခြင်းကို ခံနေရပါတယ်။ မျက်နှာပြင် ကြည်လင်ပြတ်သားပြီး အရောင်အသွေး စုံလင်အောင်ပေးစွမ်းနိုင်တာတွေက Samusng ရဲ့ အားသာချက်တွေ ဖြစ်ပါတယ်။ နည်းပညာအဆင့်အတန်းမြင့်မားပြီး သုံးစွဲမှုအပိုင်း အဆင်ပြေအောင်ပြုလုပ်ပေးထားဖြစ်ပါတယ်။ Screen အရွယ်အစားကြီးမားပြီး သုံးစွဲရခက်ခဲမှုမရှိအောင် Samsung Note Edge ကို လက်နှစ်ဖက်လုံး ကိုင်တွယ်အသုံးပြုနိုင်အောင် ဖန်တီးပေးထားပါတယ်။ Note Edge ရဲ့ ကျောဘက်ကို Leather Coating နဲ့ ဒီဇိုင်းအရလှပပြီး ဆွဲဆောင်မှုရှိစေအောင် တည်ဆောက်ပေးထားပါတယ်။ အခြား samsung ရဲ့စမတ်ဖုန်းများနဲ့ မတူညီတဲ့အချက်ကတော့ Note Edge ရဲ့ Power/ Lock Button ကို ဖုန်းရဲ့ ညာဘက်အပေါ်နားမှာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

### Display

မျက်နှာပြင်အရွယ်အစားမှာ အရင် Note 4 ရဲ့မျက်နှာပြင် 5.7 လက်မထက် 0.1 လက်မနည်းတဲ့ 5.6 လက်မ display ဖြစ်ပြီး ရုပ်ထွက် ပိုမိုကောင်းမွန်တဲ့ 1600 x 2560 pixel ကို အသုံးပြုထားပါတယ်။ အဆင့်မြင့်မျက်နှာပြင် သိပ်သည်းဆ 524 ppi ပါရှိပြီး Gorilla Glass 3 နဲ့ စင်းရာခြစ်ရာတွေမှ ကာကွယ်ပေးပါတယ်။ Flashlight, Voice Recorder, Timer, Rules စတဲ့ app တွေ လွယ်ကူစွာ အသုံးပြုဖို့ Edge Windows ကို တွဲဖက်အသုံးပြုနိုင်ပါတယ်။ Fingerprint sensor နဲ့ S Pen Stylus features တွေကိုလည်း ကောင်းကောင်း အသုံးချနိုင်ပါတယ်။ ဘေးဘောင်သွယ်ဝိုက်ပြီး သီးခြား display တစ်ခုအနေနဲ့ ပါဝင်တာက ထူးခြားချက်လို့ ဆိုနိုင်ပါတယ်။

### Operating System and Software

Galaxy Note Edge မှာ Android 4.4.4 (KitKat) version ပါဝင်ပြီး Google ရဲ့ နောက်ဆုံးပေါ် Android 5.0 (Lollipop) ကိုပါ မြှင့်တင်အသုံးပြုနိုင်ဦးမှာ ဖြစ်ပါတယ်။ 5.6 လက်မ QHD display နဲ့ 16MP rear camera ကို ရုပ်ထွက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ပြီး 4K video တွေ ရိုက်ကူးနိုင်ပါတယ်။ Font camera က full HD 1440p ဗီဒီယိုကို ရိုက်ကူးပေးနိုင်မယ့် 3.7MP ပါဝင်ပါတယ်။ ဓာတ်ပုံရိုက်ရာတွင် Curved section မှ shortcut များကိုပါ တွဲဖက် အသုံးပြုနိုင်ပြီး ဓာတ်ပုံဝါသနာပါသူများအတွက် အသုံးဝင်စေပါလိမ့်မယ်။

### Performance

Qualcomm Snapdragon 805 chipset ကို သုံးထားပြီး Quad-core 2.7GHz Krait 450 clock speed နဲ့ မြန်နှုန်းမြင့်စွမ်းဆောင်ပေးနိုင်ပါတယ်။ RAM 3GB ကို ပြည့်ပြည့်ဝဝ အသုံးပြုလို့ရအောင် ထောက်ပံ့ပေးထားပါတယ်။ Memory storage ကို 16GB နဲ့ 32GB (၂) မျိုး ရွေးချယ်နိုင်ပြီး micro SD နဲ့ 128GB ထိ တိုးမြှင့်နိုင်ပါတယ်။ ဘက်ထရီစွမ်းဆောင်ရည် မြင့်မားတဲ့ Li-Ion 3000mAh battery သုံးစွဲပေးထားပါတယ်။




### Specification

| | | |
|---|---|---|
| Display | : | 5.6 inches, Super AMOLED capacitive touchscreen |
| Memory | : | 32GB, 3GB RAM, micro SD, up to 128GB |
| Camera | : | 16 Megapixel, 3.7MP (front), autofocus, LED flash |
| OS | : | Android OS, v 4.4.4 (KitKat) |
| Phone | : | 01-225649 (My Mobile) |

## Samsung Galaxy S Duos 2




Samsung Galaxy S Duos 2 ဟာ 2G, 3G network များမှာ အသုံးပြုနိုင်တဲ့ Dual-SIM အမျိုးအစားစမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။ 4.78 x 2.48 x 0.42 လက်မအရွယ်အစားရှိပြီး 118 g အလေးချိန်ရှိပါတယ်။ Screen display 4 လက်မရှိပြီး သိပ်သည်းဆ 223 ppi ပါဝင်ပါတယ်။ 480 x 800 pixels resolution ထောက်ပံ့ပေးနိုင်တဲ့ TFT capacitive touchscreen အမျိုးအစားပါ။ 4.2.2 (Jelly Bean) အမျိုးအစား Android OS ဖြစ်ပါတယ်။ LED flash ပါဝင်ကာ 2592 x 1944 pixels resolution ရှိတဲ့ ဓာတ်ပုံများကို 5MP rear camera နဲ့ ရိုက်ကူးနိုင်ပါတယ်။ HD 720p ဗီဒီယိုကို 30fps နဲ့ ရိုက်ကူးပေးနိုင်ပါသေးတယ်။ ရှေ့ဘက်မှာတော့ VGA အဆင့်ကင်မရာ ပါဝင်ပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် BCM Dual-core 1.2GHz processor ပါဝင်ပြီး Broadcom Video core IV ဂရပ်ဖစ်ဖြစ်ပါတယ်။ RAM ကတော့ 768MB ပါဝင်ပြီး 4GB internal storage ပါရှိပါတယ်။ ဖုန်းအတွက် Li-Ion 1500mAh battery သုံးစွဲပေးထားပါတယ်။

### Specification

| | | |
|---|---|---|
| Display | : | 4.0 inches, TFT capacitive touchscreen |
| Memory | : | 4GB, 768MB RAM, micro SD, up to 64GB |
| Camera | : | 5 Megapixel, autofocus, LED flash, Geo-tagging |
| OS | : | Android OS, v 4.2.2 (Jelly Bean) |
| Phone | : | 09-421744000, 421744111 (Today's Mobile) |

## AIS Lava Iris 708




AIS Pro (Lava Iris 708) ဟာ နည်းပညာမြင့်မားပြီး 2G, 3G network နှစ်မျိုးစလုံးမှာ Dual-SIM အသုံးပြုနိုင်မှာဖြစ်ပါတယ်။ MPT, Ooredoo, Telenor SIM card အားလုံးနဲ့ ကိုက်ညီမှုရှိပြီး ဈေးနှုန်းချိုသာတဲ့ စမတ်ဖုန်းတစ်လုံးဖြစ်ပါတယ်။ 4.5 လက်မ qHD display အမျိုးအစားဖြစ်ပြီး IPS screen ကို သုံးထားတဲ့အတွက် ရုပ်ထွက်အထူးကောင်းမွန်ပါတယ်။ Black screen swipe gester နဲ့ user creative gesture feature တို့ ပါဝင်တာတွေကြောင့် ဖုန်းရဲ့အမြင့်ဆုံးစွမ်းဆောင်ရည်ကို ပြသနေပါတယ်။ Android version ဟာ 4.4.2 (KitKat) ဖြစ်ပြီး Star OS (Android based) ကို အသုံးပြုထားတာကြောင့် UI မှာ အခြားဖုန်းများထက် ဆွဲဆောင်မှုရှိပါတယ်။ ဖုန်းရဲ့အဓိကကင်မရာ 8MP ပါဝင်ပြီး ရှေ့ဘက်ကင်မရာမှာ 5MP ဖြစ်ပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် Quad-core 1.3GHz processor ပါဝင်ပြီး RAM 1GB အပြည့် သုံးစွဲနိုင်ပါတယ်။ 8GB memory ပါဝင်ပြီး 64GB ထိ ထပ်မံတိုးချဲ့အသုံးပြုနိုင်ပါတယ်။ ဖုန်းအတွက် battery 2000mAh ကို ပံ့ပိုးပေးထားပါတယ်။ ထိုင်းနိုင်ငံမှ တင်သွင်းပြီး warranty အနေနဲ့ one to one exchange ရမှာ ဖြစ်ပါတယ်။

### Specification

| | | |
|---|---|---|
| Display | : | 4.5 inches, IPS capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 64GB |
| Camera | : | 8 Megapixel, 5 MP (front camera) |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 01-552566 (Thein Minn) |

## Huawei Honor 6

Huawei Honor 6 ဟာ Dual-SIM အမျိုးအစားဖြစ်ပြီး 2G, 3G network များမှာ အသုံးပြုနိုင်ပါတယ်။ 5.50 x 2.74 x 0.30 လက်မအရွယ်အစားနှင့် အလေးချိန် 130 g ရှိပါတယ်။ ၅ လက်မ display နှင့် IPS LCD capacitive touchscreen အမျိုးအစားဖြစ်ပြီး 1080 x 1920 pixels resolution ပေးစွမ်းနိုင်ပြီး 445 ppi pixels သိပ်သည်းဆ ပါဝင်ပါတယ်။ Android OS 4.4.2 (KitKat) အမျိုးအစားကို emotion UI 2.3 နှင့် တွဲဖက်အသုံးပြုနိုင်ပါတယ်။ ဖုန်းရဲ့အဓိကကင်မရာ 13MP က 4128 x 3096 pixels အရည်အသွေးမြင့် ရုပ်ပုံများဖန်တီးပေးနိုင်ပြီး 1080p full HD ဗီဒီယိုကို 30fps နဲ့ ရိုက်ကူးနိုင်ပါတယ်။ ရှေ့ဘက်ကင်မရာမှာ 5MP ဖြစ်ပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် HiSilicon Kirin 920 chipset, Quad-core 1.7GHz နဲ့ Quad-core 1.3GHz processor တို့က အပြည့်အဝပေးနိုင်ပြီး 3GB RAM ပါဝင်ပါတယ်။ ဂရပ်ဖစ်ကတော့ Mali-T628 MP4 ဖြစ်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 16GB နဲ့ 32GB နှစ်မျိုး ရွေးချယ်နိုင်ပါတယ်။ ဖုန်းအတွက် Li-Po 3100 mAh battery သုံးစွဲပေးထားပါတယ်။




### Specification

| | | |
|---|---|---|
| Display | : | 5.0 inches, IPS LCD capacitive touchscreen |
| Memory | : | 16GB, 3GB RAM, micro SD, up to 64GB |
| Camera | : | 13 Megapixel, 5MP (front), autofocus, dual-LED flash |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 09-421744000, 421744111 (Today's Mobile) |

# Phone Shop

## THANDAR Mobile

(မော်လမြိုင်)



မချောစု (Sale)



တည်နေရာ - အမှတ် (၃၀၃-စီ)၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
Ph : 057-24662, 09-425273525

### THANDAR Mobile ဆိုင် အကျဉ်းချုပ်

THANDAR Mobile အရောင်းဆိုင်ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၅ ရက်နေ့က စတင်ဖွင့်လှစ်ရောင်းချပေးခဲ့တာဖြစ်ပြီး Mobile handset မျိုးစုံ Accessories မျိုးစုံနှင့် ငွေဖြည့်ကတ်အမျိုးအစားစုံလင်စွာကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါတယ်။ အဝေးမှတစ်ဆင့် ပြန်လည်ရောင်းချလိုသူများအတွက် ကားဂိတ်အရောက် ပို့ဆောင်ပေးမှာဖြစ်တယ်။

### THANDAR Mobile ဆိုင်မှ ဝယ်ယူရရှိနိုင်သော Handset အမျိုးအစားများ

THANDAR Mobile ဆိုင်မှ Model မြင့် အမျိုးအစားများအပြင် လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်တဲ့ Keypad ဖုန်းများကိုပါ ရောင်းချပေးပါတယ်။ ဝယ်ယူရရှိနိုင်သော အမှတ်တံဆိပ်များမှာ Huawei,Samsung, Coolpad, OPPO, Nokia Keypad များအပြင် CDMA 450 MHZ နှင့် 800 MHZ အတွက် ZXET, SYH အမျိုးအစားများကိုပါ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### THANDAR Mobile ဆိုင်မှ ဝန်ဆောင်မှုများ

THANDAR Mobile အရောင်းဆိုင်မှ Android ဖုန်းများကို ဝယ်ယူအားပေးသော Customer တိုင်းအတွက် Game, Music နှင့် Screen guard များကို ကပ်ပေးမှာဖြစ်ပြီး လိုအပ်တဲ့ Software များကိုပါ တစ်ခါတည်းထည့်သွင်းပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Samsung, Huawei ဟန်းဆက်များအတွက် Official warranty ပေးသွားမှာဖြစ်ပြီး ဝယ်ပြီးတစ်ရက်နှစ်ရက်အတွင်း User ကြောင့် မဟုတ်ဘဲ အဆင်မပြေတာရှိရင် ပြန်ပြီးလဲလှယ်ပေးသွားမှာ ဖြစ်ပါတယ်။

### THANDAR Mobile ဆိုင်မှ Customer များကို ပေးချင်သော Message

THANDAR Mobile အရောင်းဆိုင်မှ လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်အောင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်သာ ရောင်းချပေးပါတယ်။ ဝယ်ယူပြီး (၁၊ ၂)ရက်အတွင်းမှာ Users တွေကြောင့် မဟုတ်ဘဲ error ဖြစ်ပေါ်ပါက Customer များ စိတ်ကျေနပ်မှုရှိတဲ့အထိ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာပါ။ Accessories ပိုင်း အားသာချက်အနေနဲ့ တစ်နေရာတည်းမှာတင် Brand မျိုးစုံကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်၊ မော်လမြိုင်မြို့ခံဖြစ်တဲ့အတွက် Customer တွေရဲ့ လိုအပ်ချက်ကို အတတ်နိုင်ဆုံးစေတနာထားပြီး ဖြေရှင်းပေးတယ်။ လေ့လာချင်လို့ပဲဖြစ်ဖြစ်၊ ဝယ်ယူချင်လို့ပဲဖြစ်ဖြစ် ကြွလှမ်းလာမယ့် မိဘပြည်သူများကို နွေးထွေးစွာနဲ့ ကြိုဆိုနေမှာပါ။

# KEY SPECS Comparison PHONE





## Samsung Galaxy Note 4 VS Huawei Ascend Mate 7

Samsung Galaxy Note Series တွေဟာ မိုဘိုင်းလောကထဲသို့ ၂၀၁၀ ကတည်းက စတင်ဝင်ရောက်အခြေချခဲ့ပြီး အရွယ်အစားကြီးမားတဲ့ ပထမဆုံးမျိုးဆက်သစ် Galaxy Note ထွက်ရှိလာတာကြောင့် မိုဘိုင်းဖုန်းသုံးစွဲသူတွေကို အံ့အားသင့်သွားစေပါတယ်။ Note 4 ဟာဆိုရင် သူ့ရဲ့ထူးခြားတဲ့ ဒီဇိုင်းအသွင်အပြင်နဲ့ Samsung ရဲ့ ထုတ်ကုန်တွေထဲမှာ အကောင်းဆုံး နောက်ဆုံးပေါ်စမတ်ဖုန်းတစ်လုံးဖြစ်ပါတယ်။ တောင့်တင်းခိုင်မာတဲ့သတ္တုဘောင်၊ နောက်ဆုံးပေါ် Snapdragon 805 processor နဲ့ 16MP အရည်အသွေးမြင့်ကင်မရာ features တွေက Galaxy Note 4 ကို အဆင့်မြင့်စမတ်ဖုန်းတစ်လုံးအသွင် ဆောင်ရွက်ထောက်ပံ့ပေးထားပါတယ်။ Huawei Ascend Mate 7 မှာ လက်ဗွေရာကို တိကျသေချာအောင် ဖတ်ပြနိုင်တဲ့ fingerprint sensor ပါဝင်ပါတယ်။ Internal Storage အတွက် Ascend Mate 7 မှာ 16GB နဲ့ 32GB နှစ်မျိုးရွေးချယ်နိုင်ပြီး Note 4 မှာတော့ Internal 32GB ကနေ 128GB အထိ တိုးမြှင့်နိုင်စေပါတယ်။

### 1 Design

**Samsung Galaxy Note 4:** Samsung Galaxy Note 4 ရဲ့ ဒီဇိုင်းပိုင်းဟာ မာကျောပြီးကြံ့ခိုင်တဲ့ သတ္တုဘောင်ဘောင်နဲ့ cover က Leather အသားပုံစံ ပြင်ဆင်ထားတာကြောင့် ပိုမိုခမ်းနားတဲ့အသွင်နဲ့ စိတ်ကြိုက်တွေ့စေနိုင်ပါတယ်။ Finger print sensor နဲ့ SPen Stylus ကိုပါ တွဲဖက်အသုံးပြုနိုင်ပါတယ်။





**Huawei Ascend Mate 7:** Huawei Ascend Mate 7 ဟာ သုံးစွဲသူတွေကို ယုံကြည်မှုအပြည့်အဝနှင့် အသုံးပြုရလွယ်ကူအောင် ဒီဇိုင်းဖန်တီးပေးနိုင်တဲ့ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်ထားပါတယ်။ အထူးသဖြင့် သတ္တုကိုယ်ထည်နဲ့ လုပ်ထားတဲ့ဒီဇိုင်းက အတော်လေး သပ်ရပ်လှပမှု ရှိပါတယ်။

### 2 Processor

**Samsung Galaxy Note 4:** Samsung Galaxy Note 4 ရဲ့ Processor ပိုင်းဟာ နောက်ဆုံးပေါ်အား အပြည့်အဝပေးစွမ်းနိုင်တဲ့ Qualcomm Snapdragon 805 chipset ကို မြန်နှုန်းမြင့် သုံးစွဲပေးထားပါတယ်။ RAM က လုံလောက်မှုရှိနိုင်တဲ့ 3GB ကို သုံးပေးထားပါတယ်။





**Huawei Ascend Mate 7:** အဆင့်မြင့်စမတ်ဖုန်းတစ်လုံး ဆိုတဲ့အတိုင်း Huawei ဟာ Mate 7 အတွက် HiSilicon Kirin 925 octa-core processor ကို ရွေးချယ် အသုံးပြုပေးထားပါတယ်။ RAM အတွက် 3GB ကို အပြည့်အဝ သုံးစွဲနိုင်ပါတယ်။

### 3 Display

**Samsung Galaxy Note 4:** Samsung Galaxy Note 4 ဟာ Quad HD resolution ပေးစွမ်းနိုင်တဲ့ 5.7 လက်မအရွယ် Super AMOLED Display အမျိုးအစားဖြစ်ပြီး 515 ppi pixel သိပ်သည်းဆဖြစ်ပါတယ်။ မျက်နှာပြင်ကို အဆင့်မြင့် Gorilla Glass 4 နဲ့ ဖုံးအုပ်ကာကွယ်ပေးထားပါတယ်။





**Huawei Ascend Mate 7:** Huawei Ascend Mate 7 အရွယ် အနည်းငယ်ပိုကြီးတဲ့ ၆ လက်မအရွယ် display ဖြစ်ပြီး ရုပ်ပုံသိပ်သည်းဆ 368 ppi ရှိပါတယ်။ ကြည်လင်ပြတ်သားပြီး ကောင်းမွန်တဲ့ Full HD 1080 x 1920 pixel resolution ရရှိအောင် ထောက်ပံ့ပေးနိုင်ပါတယ်။

### 4 Verdict

**Samsung Galaxy Note 4:** Samsung ကုမ္ပဏီမှ အရည်အသွေးမြင့် စမတ်ဖုန်းများကို သုံးစွဲသူစိတ်ကြိုက် အပြည့်အဝခံစားနိုင်အောင် Note 4 ကို ဖန်တီးပေးလိုက်တာဖြစ်ပြီး ဆန်းသစ်ပြီးလှပတဲ့ ဒီဇိုင်းပုံစံနှင့် သတ္တုကိုယ်ထည်ကိုလည်း ပိုင်ဆိုင်ထားပါတယ်။ အရည်အသွေးမြင့်မြင့် ရိုက်ကူးနိုင်ဖို့ 16MP ကင်မရာစွမ်းဆောင်ရည်ကိုလည်း တွေ့မြင်နိုင်မှာပါ။

**Huawei Ascend Mate 7:** Screen size ကြီးကြီးကိုမှ ကြိုက်နှစ်သက်ပြီး ရှာဖွေသုံးစွဲချင်သူတွေအတွက် Huawei Ascend Mate 7 ဟာ ၆ လက်မအရွယ် display ကို ပေးစွမ်းတာကြောင့် နှစ်ခြိုက်သဘောကျမှာ သေချာပါတယ်။ Software နဲ့ Hardware ပိုင်းမှာလည်း သာလွန်ကောင်းမွန်ပြီး Android 4.4.2 (KitKat) အမျိုးအစား ဖြစ်ပါတယ်။

# Buying Guide



OUR SELECTED MARKET COLLECTIONS



## Mobile Phone Telephoto Lens

30,000/-

Mobile Phone ရှိ အတူပါဝင်သော Camera များမှာ အဝေးသို့ Zoom ဆွဲရာတွင် Camera အကြီးများလောက်မရဘဲရှိတတ်ပါတယ်။ ထို့ကြောင့် မိမိ mobile ဖြင့် ခရီးသွားရင်းနှင့် အဝေးရှိရှုခင်းများအား Camera အကြီးတစ်လုံးကဲ့သို့ Zoom ဆွဲ၍ ဓာတ်ပုံရိုက်နိုင်ရန်အတွက် Phone Model မြင့်များနှင့်အလွယ်တကူတွဲဖက်တပ်ဆင်နိုင်သော Multi telephoto lens များဖြစ်ပါသည်။ Zoom အဆ 12 ခန့်ချဲ့၍ ကြည်လင်ပြတ်သားစွာ ဓာတ်ပုံရိုက်နိုင်ပါတယ်။

**Matrix II** | 01-378845, 02-68182



## Special Platform Of Repair Mobile (F-204)

24,500/-

Mobile Phone service technician တွေ mobile training သင်တန်းတွေမှာ အလုပ်တွေကိုprofessionalတစ်ယောက်လိုလက်တွေ့ကျကျ မြန်မြန်ဆန်ဆန်နဲ့ပြီးမြောက်စေနိုင်ဖို့အတွက် အသုံးပြုနိုင်တဲ့ New Product ပစ္စည်းလေးပဲဖြစ်ပါတယ်။ ဒီ Product လေးက သေးငယ်လှတဲ့ Phone circuit board လေးတွေကိုပြုပြင်ထိန်းသိမ်းရာမှာ အလွယ်တကူဖြစ်စေနိုင်ဖို့ ထိန်းညှိပေးနိုင်မှာပဲဖြစ်ပါတယ်။ Blower, Heate Gan များကို တပ်ဆင်ပြီး မိမိသတ်မှတ်ရာနေရာကို တိကျစွာရောက်ရှိနိုင်အောင် ဆောင်ရွက်အသုံးပြုနိုင်ဖို့ Large bracket, Small Bracket နှစ်ခုပါဝင်ပေးထားပါတယ်။ 2.5 Screw Driver တစ်ချောင်းလည်း တွဲလျက်ပါရှိပါတယ်။ ရေရှည်သုံးအကြမ်းခံနိုင်အောင် Steel Plate များကိုသာ အသုံးပြု ပြုလုပ်ထားတာမို့ သုံးစွဲသူများ စိတ်ကြိုက်ဖြစ်စေနိုင်မှာဖြစ်ပါတယ်။ မိမိရဲ့လုပ်ငန်းပိုင်းဆိုင်ရာတွေမှာ အလုပ်အတွက် အဖော်မွန်ကောင်းလေးတစ်ခုဖြစ်ဖို့အတွက်ကို အသုံးပြုသင့်တဲ့ new product လေး ဖြစ်လာနိုင်မှာ အသေချာပါပဲ။

**Fax** | 01-252627, 0991039206

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more




## Asus K451L

580,000/-

မိမိလုပ်ငန်းအတွက် အသုံးပြုရန်နှင့် ကိုယ်တိုင်သင်ကြားရေးအတွက် ရွေးချယ်အသုံးပြုတော့မယ်ဆိုရင် Asus brand ဖြစ်တဲ့ K451L စိတ်ချရဆုံး laptop အမျိုးအစားပဲဖြစ်ပါတယ်။ 4th generation Processor ဖြစ်တဲ့ Core i5. U4200 ကို တပ်ဆင်ထားပြီး 1.6 GHz ရရှိမှာဖြစ်ပါတယ်။ မြန်နှုန်းမြင့် Ram 4GB DDRIII ကို တပ်ဆင်ထားပြီး data သိမ်းဆည်းရန်အတွက် 500GB ကိုအသုံးပြုထားပါတယ်။ Graphic အပိုင်းကိုတော့ Gamer များနှင့် Auto cad အသုံးပြုသူများအကြိုက်တွေ့စေမယ့် NvidiaGeforce HD graphic ကို အသုံးပြုထားပြီး 2GB အထိ ရရှိမှာဖြစ်ပါတယ်။ ခရီးသွားလာရင် ကိုင်ဆောင်အသုံးပြုချင်သူများ အတွက်လည်း ပေါ့ပါးပြီးပါးလွှာတာကြောင့် သွားလေရာ သယ်ဆောင်သွားရမှာ အဆင်ပြေစေနိုင်မှာပဲဖြစ်ပါတယ်။ Bluetooth 4.0, USB 3.0, HDMI, VGA port များပါဝင်မှာဖြစ်ပြီး webcam, mic တို့လည်းပါဝင်မှာဖြစ်ပါတယ်။ 14" screen size အရွယ်အစားရှိတဲ့ LED LCD ကို အသုံးပြုထားပါတယ်။ ကိုယ်တိုင်အသုံးပြုချင်တဲ့သူများအတွက်လည်း အဆင်ပြေနိုင်သလို လူကြီးသူမများလက်ဆောင်ပေးရန်အတွက်ပါအသုံးဝင်တဲ့ Asus K451L လေးဖြစ်ပါတယ်။

**SCS Computer** | 01-290384, 09-73000101



## Selfie Photo Stick

11,000/-

မိမိကိုယ်ကိုယ် မိမိဓာတ်ပုံရိုက်ရန်ဝါသနာပါသူများအတွက် Special Selfie Bluetooth Phto Stick လေးပဲဖြစ်ပါတယ်။ ရောက်လေရာနေရာတွင် မိမိပုံနှင့် သေးရှုခင်းများအား မြင်ကွင်း view ကျယ်ကျယ်ဖြင့် ဓာတ်ပုံရိုက်နိုင်ပါတယ်။ Phone အားထို Stick တွင်တပ်ဆင်၊ အကွာအဝေး 4 ပေအထိထားပြီး ထို Stick မှ Shoot button, Zoom Button, Fous button များနှိပ်၍ လိုသလို Phone Camera အား ထိန်းချုပ်ဓာတ်ပုံရိုက်နိုင်ပါတယ်။ Phone ဖြင့်ကြိုးမလို၊ Bluetooth ဖြင့် ချိတ်ဆက်ရန်သာလိုပြီး 1 နာရီခန့် charging သွင်းရုံဖြင့် တစ်နေ့ကုန်တောက်လျှောက်အသုံးပြုနိုင်ပါတယ်။

**Matrix II** | 01-378845, 02-68182




## Digital Multimeters UT 58C Series

34,900/-

Electrical ဆိုင်ရာတိုင်းတာရေးသမားများနှင့် Phone, Laptop Service technician တွေအတွက်တော့ မရှိမဖြစ်လိုအပ်စေနိုင်မယ့် Multimeter လေးပဲဖြစ်ပါတယ်။ Multi ဆိုတဲ့အတိုင်းလိုအပ်တဲ့တိုင်းတာရေးဆိုင်ရာ unit မျိုးစုံကို တိုင်းတာနိုင်မှာပဲဖြစ်ပါတယ်၊ AC/DC Maximum volt ကို 1000°C ထိတိုင်းတာနိုင်မှာမို့ လုပ်ငန်းခွင်တွေမှာ အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ digit LCD display နဲ့ပြသပေးမှာဖြစ်ပြီး AC/DC current, Diode, Continuity, ohm, frequency, Transistor များအပြင် temperature (°C) ကိုလည်း တိကျမှန်ကန်စွာဖြင့် တိုင်းတာသိရှိနိုင်မှာပဲဖြစ်ပါတယ်။ hold system လည်းပါဝင်ပေးထားတဲ့အတွက် အသုံးပြုရာမှာလွယ်ကူအဆင်ပြေစေနိုင်မှာပဲဖြစ်ပါတယ်။ မိမိရဲ့အလုပ်ချိန်အတွင်းလုပ်ဆောင်မှုများစွာကို အကောင်းဆုံးကူညီပေးနိုင်မယ့် new product အသစ်လေးပဲဖြစ်ပါတယ်။

**Fax** | 01-252627, 0991039206




## Elecom Micro SD Card Case Model : CMC-SDCPP36 Series

10,000/-

အသစ်ထွက်ရှိလာသော ELECOM အမှတ်တံဆိပ် Micro SD Card Case လေးဖြစ်ပါတယ်။ သေသပ်လှပပြီး plastic ဖြင့်ပြုလုပ်ထားသော Box လေးဖြစ်ပါတယ်။ Camera ရိုက်ကူးသူများနှင့် SD ကတ် အပိုဆောင်ထားသူများအတွက် စနစ်တကျသိမ်းဆည်းထားနိုင်မယ့် Box လေးတစ်ခုဖြစ်ပြီး ဒီ Box လေးထဲမှာ SD Card (18) ခု Micro SD Card (18) ခု ထားရှိနိုင်မည်ဖြစ်ပါတယ်။ အရောင်အနေဖြင့် အနက်၊ ပန်းရောင်၊ အဖြူရောင်ဆိုပြီး (၃) ရောင်ရှိမှာဖြစ်ပါတယ်။

**Cyber Plus** | 01-221792, 01-227593, 09-73056483(YGN) 09-91016645(MRG)

## Panasonic AG-HPX250 P2 (Camcorder)




အလွန်အရည်အသွေးမြင့်မားတဲ့ပုံရိပ်များကို ဖမ်းယူရိုက်ကူးနိုင်ရန်အတွက် Panasonic က 1/3" Type 2.2Mp 3MOS Image Sensor ပါရှိတဲ့ Camcorder ကို ထုတ်လုပ်လိုက်ပါတယ်။ ၎င်းရဲ့ 3MOS Image Sensor က မှန်ဘီလူးတွေရဲ့လုပ်ဆောင်ချက်တွေကို အမြင့်မားဆုံးနှင့်အကောင်းမွန်ဆုံးဖြစ်အောင် ပြုလုပ်ပေးတာကြောင့် အဝေးကပုံရိပ်တွေကို ဆွဲယူရိုက်ကူးရာမှာ ကြည်လင်ပြတ်သားမှုရှိစေမှာဖြစ်ပါတယ်။ ၎င်းဟာ 1080p Full HD ဗီဒီယိုတွေကို 23.98fps ဖြင့်ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ HPX250 ရဲ့လုပ်ဆောင်ချက်မြင့်မားတဲ့ 22x zoom lens က professional HD video production အတွက် ဒီဇိုင်းထွင်ကာ အထူးဖန်တီးထုတ်လုပ်ပေးထားပါတယ်။ 921,000 dot (1920x480) high resolution ရှိတဲ့ 3.45" LCD monitor နှင့် 1226K dots ပါရှိတဲ့ 0.45" color viewfiinder တို့ပါရှိပြီး LCD Monitor ရဲ့ Mirror mode က shotting interview တွေလုပ်ရာမှာ အလွန်အဆင်ပြေစေမှာဖြစ်ပါတယ်။ လက်တုန်ခါခြင်းကြောင့်ဖြစ်တဲ့ ပုံရိပ်များဝေဝါးခြင်းကို အကောင်းဆုံးကာကွယ်နိုင်ရန် OIS (Optical Image Stabilization) ကိုထောက်ပံ့ပေးထားပါတယ်။ Dual P2 memory card slots ပါရှိပြီး ရိုက်ကူးပြီးသားဓာတ်ပုံနှင့်ဗီဒီယိုများကိုကောင်းမွန်စွာသိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ အခြားလုပ်ဆောင်ချက်များစွာလည်းပါရှိတဲ့အပြင် HPX250 camcorder ဟာ ပေ့ါပါးကျစ်လစ်ခိုင်ခံ့တဲ့ဒီဇိုင်းနှင့် ဖန်တီးထုတ်လုပ်ထားတာကြောင့် ခရီးသွားတဲ့အခါမှာပဲဖြစ်ဖြစ် အလွယ်တကူသယ်ဆောင်သွားနိုင်ပါတယ်။ ပါဝါစားသုံးမှုအနေနဲ့ 15W with monitor in use ဖြစ်ပြီး 7.2 V DC via battery နှင့် 7.9V DC via AC adapter တို့ကိုအသုံးပြုထားပါတယ်။ (7" x 7.69" x 17.25" ) အရွယ်အစားရှိပါတယ်။ ဈေးနှုန်းကတော့ ၄,၁၉၅ ဒေါ်လာပါ။

## Canon PowerShot D20




တောင်တက်ခရီး၊ ပင်လယ်ကမ်းခြေခရီးသွားတဲ့အခါတွေမှာ အသုံးပြုဖို့သင့်တော်တဲ့ကင်မရာတစ်လုံးနဲ့ မိတ်ဆက်လိုက်ပါတယ်။ 12.1MP CMOS sensor ကိုသုံးထားပြီး ပုံထွက်အထူးကောင်းပါတယ်။ Optical zoom က ၅ ဆဆွဲနိုင်ပြီး digital zoom ကို ၄ ဆဆွဲနိုင်ပါတယ်။ အဝေးမြင်ကွင်းတွေရိုက်နိုင်သလို အုပ်စုလိုက်ပုံတွေရိုက်နိုင်ပါမယ်။ DIGIC 4 Image processor က ကင်မရာလုပ်ဆောင်ချက်မြန်စေပြီး ဘက်ထရီစားနှုန်းလည်းသက်သာပါတယ်။ HS စနစ်က ပုံတွေကိုတောက်ပပြီးကြည်လင်ပြတ်သားစေပါတယ်။ Intelligent IS ကတော့ ပုံဝေဝါးမှုကိုကာကွယ်ပေးပါတယ်။ display အတွက် 3.0" LCD screen ကိုသုံးထားပါတယ်။ ရေအောက်ကို ၃၃ ပေထိယူဆောင်သုံးနိုင်ပြီး ၁၄ ဒီဂရီဖာရင်ဟိုက်ထိအအေးဒဏ်ခံနိုင်သလို ၅ ပေအမြင့်ကပြုတ်ကျလည်း ကင်မရာပျက်စီးမှုမရှိပါဘူး။ HDTV နဲ့လည်းတိုက်ရိုက်ချိတ်ဆက်နိုင်မှာပါ။ ဈေးနှုန်းကတော့ ၁၆၉ ဒေါ်လာကျသင့်မှာဖြစ်ပါတယ်။

## Nikon Coolpix P340




Nikon COOLPIX P340 ဒစ်ဂျစ်တယ်ကင်မရာဟာ 12.2MP 1/1.7" CMOS Sensor တို့ပါရှိတာကြောင့်အလင်းရောင်ကောင်းမွန်စွာမရရှိတဲ့နေရာတွေမှာတောင် တိကျတဲ့ပုံရိပ်တွေကို သဘာဝကျကျရိုက်ကူးနိုင်ပြီး အလင်းရောင် အင်မတန်အားနည်းတဲ့နေရာများတွင်လည်း Flash ဖွင့်ပြီး အကြည်လင်အပြတ်သားဆုံးဖြစ်အောင်ရိုက်ကူးနိုင်မှာပါ။ Full HD 1080p video များကို stereo sound ဖြင့်ရိုက်ကူးနိုင်မှာပါ။ ဒါ့အပြင် 3.0" 921k-Dot AR-Coated LCD Monitor ကိုထောက်ပံ့ပေးထားပါတယ်။ 5x Zoom-NIKKOR lens က အဝေးကပုံရိပ်တွေကိုဆွဲယူရိုက်ကူးရာမှာ ကြည်လင်ပြတ်သားအောင်ကူညီပေးပါတယ်။ Wi-Fi Connectivity ပါရှိတာကြောင့် smartphone အစရှိတဲ့ mobile devices များနှင့်ချိတ်ဆက်နိုင်ကာ ဓာတ်ပုံများကိုမျှဝေနိုင်မှာဖြစ်ပြီး ၎င်း mobile devices များကို remote control အဖြစ်အသုံးပြုနိုင်မှာပါ။ ပြန်လည်အားသွင်းနိုင်တဲ့ Lithium-Ion ဘက်ထရီကိုအသုံးပြုထားပါတယ်။ ဈေးနှုန်းကတော့ ၃၄၆ . ၉၅ ဒေါ်လာဖြစ်ပါတယ်။

CAMERA REVIEW...

# Sony CyberShot DSC-RX10




Sony ကထုတ်လုပ်ထားတဲ့ point-and-shot compact ကင်မရာဖြစ်ပြီး ရုပ်သေပုံတွေနဲ့ ဗီဒီယိုတွေကို အရည်အသွေးမြင့်မြင့်နဲ့ထုတ်ပေးနိုင်ပါတယ်။ 20.2MP 1" Exmor R CMOS Sensor အကြီးကိုအသုံးပြုထားတဲ့အတွက် တကယ့်ကိုအရည်အသွေးမြင့်မားတဲ့ပုံတွေကိုထုတ်ပေးနိုင်တာဖြစ်ပါတယ်။ Sensor နည်းပညာကြောင့် အလင်းရောင်အားနည်းတဲ့အခါတွေမှာ ဓာတ်ပုံရိုက်ရင်လည်း ပုံတွေကကြည်လင်ပြတ်သားပြီး ရုပ်ထွက်ကောင်းပါတယ်။ ဒါ့အပြင် ISO ကိုလည်း ၁၂,၈၀၀ ထိတင်ရိုက်နိုင်ပါတယ်။ RX 1 နဲ့ RX 100 ကင်မရာတို့ကိုအဆင့်မြှင့်တင်ထားတဲ့ကင်မရာဖြစ်ပြီး BIONZ X Image processor အသစ်ကိုအသုံးပြုထားပါတယ်။ Processor က ကင်မရာရဲ့လုပ်ဆောင်ချက်ကိုအထူးမြန်ဆန်စေပြီး ပုံရိုက်နှုန်းမှာ တစ်စက္ကန့်ကို 10fps နှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပါတယ်။ ဒါ့အပြင် noise ဖြစ်မှုကိုလည်းလျှော့ချပေးပြီး အရောင်အသွေးက တကယ့်ကိုချောမွေ့မှုရှိပါတယ်။ Carl Zeiss Vario-Sonnar T optical zoom lens ကိုသုံးထားပြီး optical zoom ကို ၈ . ၃ ဆအထိဆွဲယူနိုင်ပါတယ်။ Focal length က 24-200 mm ရှိပြီး မြင်ကွင်းကျယ်ပုံတွေနဲ့ အုပ်စုလိုက်ပုံတွေရိုက်နိုင်ပါတယ်။ Aperture size က f/2.8 ရှိပါတယ်။ အလင်းရောင်အားနည်းတဲ့အခါတွေမှာ ဒါမှမဟုတ် zoom ကို အများကြီးချဲ့သုံးတဲ့အခါတွေမှာဖြစ်တတ်တဲ့ ကင်မရာမငြိမ်မှုကိုလျှော့ချပေးတဲ့ Optical SteadyShot image stabilization စနစ်ကိုအသုံးပြုထားပါတယ်။ Lens ကမျက်နှာပြင်အလင်းပြန်မှု၊ အရောင်စူးတောက်မှုတို့ကိုမဖြစ်စေဘဲ တကယ့်ကိုကြည်လင်ပြတ်သားတဲ့ပုံတွေကိုရရှိနိုင်ပါတယ်။ Direct Drive, Supersonic Wave Motor(SSM) က autofocus နှုန်းထားကိုမြန်ဆန်ချောမွေ့စေပြီး Eye AF စနစ်က ပုံရိပ်ရဲ့မျက်လုံးကို အသေအချာ focus ချိန်နိုင်ပါတယ်။ အားကစားပွဲတွေလို လျင်မြန်တဲ့လှုပ်ရှားမှုပုံရိပ်တွေကိုလိုက်ရိုက်ရာမှာလည်း focus နှုန်းအထူးမြန်ဆန်ပြီး မှန်ကန်တိကျမှုရှိပါတယ်။ ပုံအနေအထားကြည့်ဖို့နဲ့ playback လုပ်ဖို့အတွက်တော့ 3.0" Xtra Fine LCD monitor ကိုသုံးထားပါတယ်။ တိမ်းနိုင်ယိမ်းနိုင်တဲ့ဒီဇိုင်းကြောင့် ရှုထောင့်အနိမ့်အမြင့်အားလုံးကို အဆင်ပြေအောင်ချိန်နိုင်ပါတယ်။ WhiteMegic နည်းပညာက LCD ရဲ့မျက်နှာပြင်တောက်ပမှုကိုမြှင့်တင်ပေးပြီး အလင်းရောင်တောက်ပမယ့်အခြေအနေတွေမှာလည်းအဆင်ပြေပါတယ်။ XGA OLED Tru-Finder electronic viewfinder လည်းအသုံးပြုနိုင်ပါတယ်။ Full HD 1080p video တွေကိုလည်း frame rate အမျိုးမျိုးနဲ့ဖမ်းယူနိုင်ပြီး AVCHD format နဲ့ MP4 format နှစ်မျိုးလုံးရိုက်နိုင်ပါတယ်။ 60p/ 30p/ 24p/ 120p frame rate တွေနဲ့ဖမ်းယူနိုင်ပါတယ်။ အသံဖမ်းဖို့အတွက် စတီရီယိုမိုက်ခရိုဖုန်းပါပြီး သီးခြားမိုက်ခရိုဖုန်းလည်းတွဲသုံးနိုင်ပါတယ်။ Headphon jack ပေါက်ပါပြီး ကင်မရာကနေအသံကို တိုက်ရိုက်ဖမ်းယူနားဆင်နိုင်ပါတယ်။ ဗီဒီယိုရိုက်ကူးစဉ် exposure ကို manual ထိန်းချုပ်နိုင်ပါတယ်။ စမတ်ဖုန်းတို့ tablet တို့ကို ကင်မရာနဲ့တိုက်ရိုက်ချိတ်ဆက်နိုင်ဖို့အတွက် Wi-Fi နဲ့ NFC စနစ်အသုံးပြုနိုင်ပြီး ကြိုးမဲ့စနစ်နဲ့ချိတ်ဆက်မှုပြုနိုင်ပါတယ်။ ကင်မရာထဲကပုံတွေကို စမတ်ဖုန်းဆီ အလွယ်တကူကူးယူနိုင်ပြီး စမတ်ဖုန်းကို remote control အဖြစ်အသုံးပြုကာ ကင်မရာကိုလှမ်းပြီးထိန်းချုပ်နိုင်ပါသေးတယ်။ အဲဒီလိုလုပ်ဖို့အတွက် Sony PlayMemories app ကိုတွဲသုံးရမှာဖြစ်ပါတယ်။ ကင်မရာရဲ့ကိုယ်ထည်ကိုမဂ္ဂနီဆီယမ်နဲ့ပြုလုပ်ထားပြီး ရေငွေ့ရိုက်ဒဏ်၊ ဖုန်ဝင်ဒဏ်ခံနိုင်တဲ့အတွက် အပြင်မှာ အကြမ်းပတမ်းသုံးမယ်ဆိုရင်လည်း စိတ်ချလက်ချသုံးနိုင်ပါတယ်။ Flash ပါရှိပြီး သီးခြား flash တွေ၊ မိုက်ခရိုဖုန်းတွေ၊ မီးတွေ၊ monitor တွေနဲ့ တစ်ခြားသောကင်မရာနဲ့ဆက်စပ်ပစ္စည်းတွေချိတ်ဆက်အသုံးပြုဖို့အတွက် Multi-interface hot shoe ပါရှိပါတယ်။ အချက်အလက်သိမ်းဆည်းမှုအတွက် SD card တွေ၊ micro SD card တွေနဲ့ Memory Stick memory card တွေလည်းအသုံးပြုနိုင်ပါတယ်။ ကင်မရာ setting တွေကိုလည်းလျင်မြန်စွာနဲ့အသုံးပြုနိုင်ပါလိမ့်မယ်။ HDMI output terminal ပါပြီး HDTV ၊ ကွန်ပျူတာ၊ external recorder တို့တွဲသုံးနိုင်ပါတယ်။ ကင်မရာကအကြမ်းခံပြီး တာရှည်အသုံးပြုနိုင်ပါတယ်။ ပုံတွေကို JPEG/RAW format တွေနဲ့သိမ်းဆည်းနိုင်ပါတယ်။ ဈေးနှုန်းကတော့ ၉၉၈ ဒေါ်လာဖြစ်ပါတယ်။




# CLASH OF CLANS : Best Town Hall Layouts & Farming Guide

Clash of Clans ဂိမ်းကို ကစားတဲ့သူတွေ မြန်မာနိုင်ငံမှာ အတော်ကြီးကို များပါတယ်။ Clash of Clans လို့ ဆိုလိုက်တာနဲ့ လူငယ်တော်တော်များများ သိကြပါတယ်။ ဒါပေမဲ့ Clash of Clans ဟာ တစ်ခါနှစ်ခါကစားရုံနဲ့ လွယ်လွယ်တတ်သွားနိုင်တဲ့ ဂိမ်းမျိုးတော့မဟုတ်ပါဘူး။ လူအချင်းချင်း ယှဉ်ပြိုင်ကစားရတာ ဖြစ်တဲ့အတွက် ကွန်ပျူတာ AI နဲ့မတူဘဲ ကွဲပြားတဲ့ ရည်ရွယ်ချက်နဲ့ မြို့ပုံစံတွေကို တွေ့ရပါတယ်။ ခံစစ်အသားပေးခံမင်သူတွေက Town Hall ကို ဦးစားပေးကာကွယ်ထားကြပေမယ့် resources များများလိုချင်သူတွေကတော့ Farming ပုံစံနဲ့ Storage ကိုပဲ ဦးစားပေးကာကွယ်ကြပါတယ်။ Farming အသားပေးကစားလိုသူတွေအတွက် Farming သဘောတရားကို လေ့လာနိုင်ပြီး Base ကို စနစ်တကျ တည်ဆောက်ချင်သူတွေအတွက်လည်း အချိန်အများဆုံးယူဖို့လိုအပ်တဲ့ Town Hall Level - 5 ကနေ Level - 8 ထိ base တည်ဆောက်ပုံတွေကိုပါ ဖော်ပြပေးလိုက်ပါတယ်။

## How To Farm in Clash of Clans

Clash of Clans ကို ကစားရတာ စိတ်ဝင်စားစရာကောင်းပေမယ့် upgrade တွေ ဈေးကြီးလာတဲ့အခါမှာ လိုအပ်တဲ့ resource ရဖို့စောင့်ရတာ ရက်အတော်ကြာပြီး စိတ်ရှည်စရာမရှိပါဘူး။ ဒီနေရာမှာ Farming ကို အသုံးချရမှာဖြစ်ပြီး ကိုယ့်ထက်အင်အားငယ်သူတွေကို တိုက်ခိုက်ပြီး လိုအပ်တဲ့ resource ကို ရယူနိုင်ပါတယ်။

### » Preparing to Farm ...







#### 1 Farming ဆိုတာ ...

Farming ဆိုတာ ကိုယ့်ထက်အင်အားနည်းတဲ့မြို့တွေကို resources အတွက် ဝင်တိုက်ပါ။ တမင်တကာ အရှုံးခံပြီး ပိုနိမ့်တဲ့ Level တွေဆီ ဝင်တိုက်တာပါ။ Clash of Clans ဟာ Farming ကို ကာကွယ်ထားလို့ လိုချင်သလိုရဖို့ ဖန်တီးယူရပါလိမ့်မယ်။

Farming ဟာ trophies နဲ့ သင့်ရဲ့ Town Hall Level ပေါ်မှာ မူတည်ပါတယ်။ သင့် Town Hall Level ထက် တစ်ဆင့်နိမ့်တာကို ဝင်တိုက်ခဲ့ရင် penalties ပြစ်ဒဏ်ရှိတာကြောင့် Level နှင့် trophies ကို ညှိတတ်ဖို့ လိုပါတယ်။




#### 2 မြို့အား ပြင်ဆင်ခြင်း

Farming မလုပ်ခင် မြို့ကိုသေချာပြင်ဆင်ရပါတယ်။ ဒါမှသာ သင့်ရဲ့ resources တွေကို ကာကွယ်နိုင်မှာဖြစ်ပြီး ကိုယ်လိုချင်တဲ့ Level 1 ထိ နှိမ့်ချနိုင်မှာ ဖြစ်ပါတယ်။ မြို့ကိုပြင်ဆင်နေရာချတဲ့အခါမှာ သတိထားရမှာက ...

- Storage ကို ကာကွယ်ထားပါ။ Resources ရအောင် Farming လုပ်တာဖြစ်တဲ့အတွက် ကိုယ့်ဆီက ပြန်ပြီးမပေးမိပါစေနဲ့။ Storages ကို မြို့အလယ်မှာထားပြီး wall တွေ defensive building တွေနဲ့ ကာကွယ်ထားပါ။
- Town Hall ကို wall အပြင်ဘက်ထုတ်ပါ။ အထိနာတယ်ထင်ရပေမယ့် ဒါကအဓိကအချက်ပါ။ တံတိုင်းထဲမှာ storages အတွက် နေရာပိုရစေပြီး တခြား player တွေက သင့်ရဲ့ trophies ကို မြန်မြန်လျှော့ချပေးနိုင်လို့ လိုချင်တဲ့ Level မှာနေလို့ ရပါတယ်။
- Resource building တွေကို နေရာအနှံ့ ခွဲဖြန့်ထားပါ။ အတူတူ ပူးမထားပါနဲ့။
- Level မြင့်တဲ့ resource collectors ကို တံတိုင်းထဲမှာထားပြီး ကျန်တာတွေကို အပြင်ဘက်ထုတ်ပါ။ ဂိမ်းကို ၆–၈ နာရီခြားတစ်ခါ အမြဲဖွင့်ပြီး resources တွေကို ထုတ်ယူပါ။




#### 3 "Sweet Victory" achievement ရယူပါ။

ဒီ achievement ဟာ multiplayer တိုက်ပွဲက trophies သတ်မှတ်ချက်ပြည့်အောင်ရမှ ရတာဖြစ်ပြီး တတိယမြောက် Builder's Hut ကို ဝယ်ဖို့ gems ကို လုံလောက်လုနီးပါး ရစေပါတယ်။ ဒါဟာ upgrade အတွက် မဖြစ်မနေ လိုအပ်ပါတယ်။

စာမျက်နှာ ၃၆ သို့ - »


BOTAHTAUNG
အမှတ် (၁၃၅) ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊
(၄၇)လမ်းထိပ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်။
Phone : 01-294036, 01-8610633, 09 51 98170, 09 7313 6789
the best i-shop... we're providing best prices & the best services
AiKON
the name you can rely on
iPhone at its largest.
And thinnest.
iPHONE 6
6.9mm
THIN
iPHONE 6 PLUS
7.1mm
THIN
A8
M8
Engineered for maximum funness
iPod touch
iPod
shuffle
The all-new
Airport Extreme &
Airport Time Capsule
iPhone 5C
For the colorful.
iPad mini
With retina display. Small. Wonder.
iPad Air
The power of lightness.
iPod nano
Tap play.
Then go play.
iPhone 5S
Forward thinking.
The most advanced
technology all leads up to this.
Airport
Express
AirPlay
Apple tv
iTunes
GAME
COLLECTIONS
HARDCORE GAMES
Benchmark Games
ACTION
GAMES
DINOSAURS
audio-technica
always listening
JVC
PROFESSIONAL
JBL
plantronics.
Nakamichi
Bluetooth Headphones, Earphones နှင့်
Audio Speakers များအား Branded မျိုးစုံ
ဝယ်ယူရရှိနိုင်ပါသည်
executive
studio
studio wireless.
solo HD.
mixr
pro.
wireless.
beatbox portable.
100% authentic
beats by dr. dre
Don't believe
what you see...
Believe what you hear!
ION
All-Star Guitar
- Chitarra Elettrica Full-size
- 4 impostazioni acustiche
- 14 righe di 84 pulsanti fret-board
- Altoparlante con controllo del volume
BOSE
Better sound through research.
Numark
JBL
JAWBONE
Brookstone
iConvert Scanner
for iPad Tablet
iHome
Live Life Loud
AiKON GROUP

# AiKON SMD REWORK LAB

MEMBER OF
INTERNATIONAL MICROELECTRONICS ASSEMBLY and PACKAGING SOCIETY
iMAPS

အမှတ် (၂၆၂/C)၊ ပန်းဆိုးတန်းလမ်းမကြီး (အပေါ်ဘလောက်)၊
ရာပြည့်စာအုပ်တိုက်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 4500 33377, 01-385553, 01-249992, 09 731 33338

PANSODAN



**The most advanced technologies ဖြစ်သော Apple iDevices များနှင့် Machintosh Computer စက်များ၏ Microelectronics Surface Mount PBC များအတွက် Advanced Repairing System များအသုံးချပြုပြင်ပေးနိုင်သော AIKON CO., LTD.**




## သင့် Apple ၏ Hardware ပြဿနာကို ကျွန်ုပ်တို့ဦးစွာပြင်ပေးပါရစေ ...

**AiKON** သည် Apple Platform ပေါ်တွင် Customer များ၏ 100% ယုံကြည်မှုဖြင့် ကာလရှည်စွာရပ်တည်လျှက်ရှိပြီး SMT နည်းပညာသုံး Apple Device များကိုပြုပြင်နိုင်ရန်အတွက် 2008 ခုနှစ်ကတည်းက တိကျသော project aim ချမှတ်၍စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၅နှစ်ကျော်အချိန်တွင် နိုင်ငံတကာအဆင့်မီ SMD Rework Services for Apple ကိုစတင်နိုင်ပြီဖြစ်ပါသည် ... အခြားသော Apple Service သမားအများစုသည် နားလည်ကျွမ်းကျင်မှုရှိကြသော်လည်း အချို့သော **maladroid repairing** များကြောင့် ပြုပြင်လျှင်ကောင်းနိုင်သည့်အခြေအနေမှ ဆိုးဝါးသောအခြေအနေသို့ရောက်ရှိသွားသည်ကို များစွာတွေ့မြင်လာရပါသည် ... ယင်းအခြေအနေသည် customer များအတွက် လွန်စွာနစ်နာနိုင်ပြီး အမှားမခံသော SMD Repairing နယ်ပယ်တွင် inexperience များကြောင့် solution မရှိဖြစ်တတ်ပါသည် ...

service သမားများ အများဆုံးအသုံးပြုလေ့ရှိသော wire jumper solution များမှာ စက်အားပါဝါပြန်ပွင့်နိုင်ခြေရှိသော်လည်း ပြုပြင်ပြီးအချိန်ကြာရှည်စွာပြန်၍အသုံးပြုနိုင်ရန် ရာခိုင်နှုန်းနည်းပါးသည့်အတွက် service လုပ်ခကုန်ကျငွေနှင့် စက်အားပြန်လည်အသုံးပြု၍ရသည့်ကာလ မညီမျှမှုဖြစ်နိုင်ပါသည် ... SMD Capacitor အများစုနှင့် PM IC အား Reverse Protection လုပ်ပေးသော charging MOSFET IC အပါအဝင် components အများစုသည် အလွယ်တကူဝယ်၍ရနိုင်ပြီး replace လုပ်မှသာ ရေရှည်ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည် ... **AiKON** အနေဖြင့်အလွယ်တကူမရနိုင်သော components များကိုလည်း Datasheet များအသုံးပြု၍ corresponding packages များဖြင့် အစားထိုးပြုပြင်ပေးခြင်း၊
**Global Agent of Electronic Components Distributor** များဖြင့် essential replacement packs များအားမှာယူတပ်ဆင်ပေးခြင်းများကိုဆောင်ရွက်ပေးနိုင်ပါသည် ...

**AiKON** သည် Apple Hardware ဝန်ဆောင်မှုတွင် မရှိမဖြစ် BGA Rework Station များဖြင့် **CPU, Baseband, SSD, PM IC, 3G/2G Signal Amp, WiFi Processor, Audio Compiler** အစရှိသည့် BGA Chip အမျိုးမျိုးတို့၏ Fault များကို ကျွမ်းကျင်မှုအပြည့်ဖြင့်ပြုပြင်ပေးလျှက်ရှိပါသည် ...

ငါးနှစ်ကျော်ကြာ SMD Rework Studying Experiences များဖြင့် BGA Rework Station များမှာယူရာတွင် Apple Logic Board များဖြင့် 100% Compitable ဖြစ်ပြီး 2mm x 2mm အရွယ်အထိသေးငယ်သော BGA Chip အရွယ်အမျိုးမျိုးကို Automatic Desoldering, Soldering လုပ်ပေးနိုင်သည့် High-end Multi Heating Station များကိုရွေးချယ်ခဲ့ပြီး **AiKON** Professional များမှ ကျွမ်းကျင်စွာဖြင့် Repairing Solution များကိုအောင်မြင်စွာဆောင်ရွက်ပေးလျှက်ရှိပါသည် ...
**Error -1, Error 16xx, Error 23, Error 28, Error 40** အစရှိသော iTunes Restore Error Code များသည် Respective IC Fault များဖြစ်ပြီး ယင်း Error များအားပြုပြင်နိုင်ရန်အတွက် သက်ဆိုင်ရာ BGA IC များကို Desoldering / Soldering လုပ်ရာတွင် Fine-tuning accuracy အတွက် 0.01mm အထိတိကျစွာ Heat Flow လုပ်ပေးနိုင်သော Highly Reliable BGA Rework Station များကိုအသုံးပြု၍ပြုပြင်ပေးသောကြောင့် Power Dead of Repairing Risk လုံးဝမရှိပါ ...

**AiKON** သည်အသစ်ထွက်ရှိလာသော Apple Product များ၏ အမှန်တကယ်အသုံးချ၍ရသော Detailed Schematic Diagram များကိုအချိန်နှင့်တပြေးညီဝယ်ယူရရှိနိုင်ပြီး Apple SMD Repairing များပြုလုပ်ရာတွင် ထိရောက်စွာအသုံးချပြုပြင်ပေးလျှက်ရှိနေပါသဖြင့် -------------------- **Please come to us, first!!!**

AiKON
www.facebook.com/aikon4ilink

စာမျက်နှာ ၃၃ မှ - »




## 4 Trophies 1100-1200 အရယူပါ

ဒီပမာဏဟာ Farming အတွက် အသင့်ဆုံးလို့ သတ်မှတ်ကြပြီး သင့်တင့်တဲ့ resource ကို အင်အားကြီးရန်သူနဲ့ ရင်မဆိုင်ရဘဲ ရယူနိုင်ပါတယ်။ စစ်တပ်ကောင်းကောင်းရှိပြီး base က ခိုင်မာရင်တော့ trophies 200-2500 ကို တက်နိုင်ပြီး Loot ပိုရသလို dark elixir လည်း ပိုရပါတယ်။




## 5 Town Hall အဆင့်မြှင့်ဖို့မလောပါနဲ့

Town Hall Level ဟာ တခြားမြို့တွေကို ဝင်တိုက်လို့ရနိုင်တဲ့ ပမာဏနဲ့ ဆက်စပ်နေပါတယ်။ ကိုယ့်ထက် Level နှစ်ဆင့်နိမ့်တဲ့ Town Hall ကိုဝင်တိုက်ရင် Loot 50% ပဲရပါတယ်။ ကိုယ့်ထက် level ၃ ခုမြင့်တဲ့ Town Hall ကို ဝင်တိုက်ရင် loot ၂ ဆထိ ရပါတယ်။

- Defensive building, army building နဲ့ wall တွေ အကုန်လုံးကို town Hall မမြှင့်ခင် upgrade အပြည့်လုပ်ထားသင့်ပါတယ်။
- Farming အတွက် အကောင်းဆုံး Town Hall Level 5 ကနေ 7 ပါ။

# » Finding Targets ...




## 1 သက်ဆိုင်ရာ resource အမျိုးအစားကို ရှာပါ

Resource တစ်ခုကို ရှာတာက ပြန့်ကျဲနေတဲ့မြို့ကို ဝင်တိုက်တာထက် ပိုအောင်မြင်နိုင်ပါတယ်။

Upgrade လုပ်ရာမှာလည်း resource ကိုပဲ အာရုံစိုက်ပါ။




## 2 Resource စုစုပေါင်းကို ကြည့်ပါ

ပုံမှန်အားဖြင့် သင်ဝင်တိုက်မယ့်မြို့မှာ လိုချင်တဲ့ resource 100 K လောက်ရှိရမှာဖြစ်ပြီး ဝင်တိုက်စရာ စစ်တပ်ကြီးကြီးလည်း မလိုမှ အဆင်ပြေပါတယ်။ Resource များပြီး defence အားနည်းတဲ့ မြို့တွေကိုလည်း ရှာနိုင်ပါတယ်။




## 3 Inactive Towns များကို ရှာပါ

ဒီလိုမြို့တွေဟာ အကောင်းဆုံး ပစ်မှတ်တွေဖြစ်ပြီး အင်အားသိပ်မလိုဘဲ တိုက်ခိုက်နိုင်ပါတယ်။

- မီးခိုးရောင် league shield ကို တွေ့ရရင် အနည်းဆုံး လက်ရှိ season မှာ inactive ဖြစ်နေတာကို ပြပါတယ်။
- Builder huts တွေဟာ 'Sleeping' ဖြစ်နေရင် ကစားသူဟာ ဒီစခန်းကို ဂရုစိုက်ပုံမရပါဘူး။




## 4 TownHall Level ကို ကြည့်ပါ

တစ်ဖက်ရန်သူရဲ့ Town Hall Level ကို အမြဲသတိထားပါ။

Level တစ်ခုနိမ့်ခဲ့ရင် 10% လျော့နည်းမှာဖြစ်ပြီး နှစ်ဆင့်နိမ့်ခဲ့ရင်တော့ 50% လျော့ကျသွားပါတယ်။ ဒါကြောင့်ဖြစ်နိုင်ရင် Town Hall Level မြင့်တဲ့မြို့တွေကိုပဲ ဝင်တိုက်ပြီး Bonus ပါရအောင် လုပ်သင့်ပါတယ်။

# » Attacking the Towns ...

## 1 Collector အား ဝင်တိုက်ခြင်း

Farming အတွက် အကောင်းဆုံးဖြစ်ပြီး Collector တွေဟာ storages ထက် တိုက်ခိုက်ရ ပိုလွယ်ပါတယ်။ ဒါပေမဲ့ Collector တွေနဲ့ ပြည့်နေတဲ့မြို့ကိုလည်း ဝင်တိုက်သင့်ပါတယ်။




# » Building Your Army ...

## 1 အနည်းဆုံး barracks ၄ ခုဆောက်ပါ



စစ်တပ်ကို အားဖြည့်ဖို့အတွက် လိုအပ်ပြီး ဒါမှအချိန်သိပ်မခြားဘဲ များများ တိုက်နိုင်မှာပါ။ Barracks ၄ ခုရှိရင် တစ်ကြိမ်တိုက်ပြီးတာနဲ့ စစ်တပ်ကို အတော်များများ အားပြန်ဖြည့်နိုင်ပါတယ်။

## 2 Units တွေ စုံစုံလင်လင်ထားပါ




Farming အတွက် စစ်တပ်ဟာ Goblins, Archere, Barbarians, Giants နဲ့ Wall Breakers တွေ စုံစုံလင်လင် ပါဝင်သင့်ပါတယ်။

- Giants တွေဟာ ဈေးကြီးလို့ အနည်းငယ်ပဲ ထုတ်သင့်ပါတယ်။
- နောက်ပိုင်း Level တွေမှာ Goblins ကို ပိုလိုအပ်လာပြီး တချို့နေရာတွေမှာတော့ Archers ပိုလိုပါတယ်။
- TownHall Level မြှင့်လာတာနဲ့အမျှ စစ်တပ်အင်အားလိုက် ကြီးလာတာကြောင့် unit အမျိုးမျိုး ထားနိုင်လာပါတယ်။

## 3 Minions ကိုလည်း သုံးပါ




Minions တွေဟာ လေ့ကျင့်ရတာ မြန်ဆန်ပြီး ကုန်ကျမှု သိပ်မရှိပါဘူး။ အင်အားဖြည့်တင်းဖို့ သင့်လျော်ပြီး Farming မြန်မြန်လုပ်ချင်ရင် သုံးသင့်ပါတယ်။

## 4 စစ်တပ်ရဲ့ ကုန်ကျစရိတ်ကို တွက်ပါ




မြို့တစ်မြို့ကို တိုက်၊ မတိုက်ဆိုတာ ဆုံးဖြတ်နိုင်ဖို့ သင့်စစ်တပ်ရဲ့ ကုန်ကျစရိတ်ကို သိသင့်ပါတယ်။ တိုက်မယ့်စစ်တပ်ရဲ့ စုစုပေါင်းကုန်ကျစရိတ်ကိုတွက်ပြီး အဲ့ဒီတန်ဖိုးရဲ့ ၃ ပုံ ၁ပုံ နှိုင်းယှဉ်ပါ။ ကိုယ်ဆုံးရှုံးရမယ့် စစ်တပ်တန်ဖိုးထက် Loot က နည်းနေရင် တိုက်ဖို့မစဉ်းစားသင့်ပါဘူး။

စာမျက်နှာ ၃၈ သို့ - »



### 1. The Tommy Hilfiger Solar Panel Jacket

စမတ်ဖုန်းတွေကိုအားသွင်းပေးနိုင်တဲ့နေရောင်ခြည်စွမ်းအင်သုံးအပေါ်အင်္ကျီဖြစ်ပါတယ်။ ဒီအင်္ကျီကို သိုးမွေး၊ နိုင်လွန်နဲ့ပေါ်လီမာအသားနဲ့ပြုလုပ်ထားပြီး အင်္ကျီရဲ့ကျောမှာ ဆိုလာပြားတွေကပ်ထားပါတယ်။ ခေါင်းစွပ်တစ်ခုနဲ့ဖုန်းကိုအားသွင်းပေးဖို့အတွက် ဘက်ထရီတစ်ခုပါရှိပါတယ်။ အင်္ကျီကိုဝတ်ထားရင်း နေရောင်ခြည်ကတစ်ဆင့်ဘက်ထရီကိုအားဖြည့်နိုင်ပြီး သင့်ရဲ့ဖုန်းကိုအချိန်မရွေးအားသွင်းပေးလို့ရပါတယ်။ အရွယ်အစားမျိုးစုံရှိပြီး အမျိုးသားဝတ်ရော၊ အမျိုးသမီးဝတ်ပါရှိပါတယ်။ အသုံးဝင်တဲ့ဘက်ထရီအားသွင်းအင်္ကျီဖြစ်ပြီး ဈေးနှုန်းကတော့ ၅၉၉ ဒေါ်လာဖြစ်ပါတယ်။

### 2. Pop-Up Space Station

ဖြေ – IT နယ်ပယ်ထဲက ကြိုးစားနေကြတဲ့ သူငယ်ချင်းတွေအားလုံး မင်္ဂလာပါ။ ၂၀၁၄ မှာ ဘာတွေလုပ်နိုင်ခဲ့ပြီးပြီလဲဆိုတာကို ပြန်လည်သုံးသပ်ကြည့်ရင်း မဝေးတော့တဲ့အနာဂတ် ၂၀၁၅ အတွက် အဆင်သင့်ဖြစ်အောင် တို့တွေပြင်ဆင်ထားကြရအောင်နော်။ IT နယ်ပယ်ထဲမှာ အောင်မြင်မှုတွေကိုယ်စီနဲ့ အတူတူဆက်လက်လျှောက်လှမ်းကြပါစို့လို့ ထပ်ဆင့်တိုက်တွန်းရင်း နှုတ်ဆက်လိုက်ပါတယ်။

**မေး – ခုလိုဖြေကြားပေးတဲ့ညီမလေးကို ကျေးဇူးတင်ပါတယ်။**

ဖြေ – ဟုတ်ကဲ့၊ ညီမကလည်း ကျေးဇူးတင်ပါတယ်ရှင်။

## Book Review

# အင်တာနက်မှတစ်ဆင့် နိုင်ငံခြားဖုန်းကို တိုက်ရိုက်ဆက်သွယ်ခြင်း Skype အသုံးပြုနည်း

ပြုစုသူ – စုကြည်ထွေး




Skype (စကိုက်ပ်)ဆိုသည်မှာ အင်တာနက်ကွန်နက်ရှင်ကို အသုံးပြု၍ ဖုန်းနှင့်အဆက်အသွယ်ပြုလုပ်တဲ့နေရာတွေမှာ ခေါ်ဆိုခဈေးနှုန်းအလွန်သက်သာပြီး သုံးစွဲသူတွေအတွက် အင်မတန်အအသုံးဝင်တဲ့ ဆော့ဖ်ဝဲတစ်ခုပဲဖြစ်ပါတယ်။ အင်တာနက်ကွန်နက်ရှင်ရှိတဲ့နေရာဘယ်နေရာမဆို Skype ဆော့ဖ်ဝဲရှိတာနဲ့ အသုံးပြုနိုင်ပါတယ်။ Skype ဆော့ဖ်ဝဲကိုသူ့ရဲ့ဝက်ဘ်ဆိုက်မှာ အခမဲ့ Download ဆွဲယူနိုင်ပါတယ်။

Skype ဆော့ဖ်ဝဲသည် ၂၀၀၃ ခုနှစ်က စတင်တီထွင်ထုတ်လွှင့်ခါစကတည်းက Features တွေ မပြည့်စုံတဲ့အတွက် အသုံးနည်းခဲ့ပေမယ့် ဒီနောက်ပိုင်းခေါ်ဆိုခနှုန်းထားတွေ သက်သာတာကြောင့် နိုင်ငံခြားကို ဖုန်းခေါ်ဆိုမယ်ဆိုရင် Skype နဲ့ပဲအသုံးပြုကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အသုံးပြုတဲ့အခါမှာလည်း အင်တာနက်အခြေခံနည်းနည်းပါးပါးသုံးတတ်ရုံနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

မိသားစုဝင် ဒါမှမဟုတ် ချစ်ခင်တဲ့သူတစ်ယောက်ယောက် နိုင်ငံရပ်ခြားသွားရောက်ခဲ့လျှင် အဆက်အသွယ်ပြုဖို့အတွက် Skype ဆိုတဲ့ဆော့ဖ်ဝဲကို အသုံးပြုပြီး ဖုန်းခေါ်ခြင်းဟာ အတော်ကို အဆင်ပြေနိုင်ပါတယ်။

အခန်း(၃၁)ထိ ပြည့်စုံစွာပါဝင်ပြီး နည်းပညာအဟန့်အတားတွေကို ကျော်ဖြတ်ဖို့ ကိုယ်တိုင်ကိုယ်ကျ အင်တာနက်ကိုအသုံးပြုပြီး အင်တာနက်မှ ဖုန်းကို ငွေကြေးအနည်းငယ်နဲ့ တိုက်ရိုက်ဆက်သွယ်နည်း (Skype အသုံးပြုနည်း) စာအုပ်ကို လောကသရဖူစာအုပ်တိုက် ၀၉–၇၃၀၅၁၃၉၀၊ ၀၉–၇၃၁၆၀၀၇၄ မှ တစ်အုပ်လျှင် ၁၈၀၀ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။

# Coolpad ဟန်းဆက်ဝယ်ယူတာနဲ့ Ooredoo ဆင်းကတ်အပါအဝင် (၁၀) လစာ ဖုန်းပြောခွင့် promotion G-SHOP Mobile မှ ပြုလုပ်ပေး




Mobile ဖုန်းအသုံးပြုသူမိဘပြည်သူများကိုကျေးဇူးတုန့်ပြန်သည့် အနေဖြင့် လူတန်းစားမရွေးဝယ်ယူအသုံးပြုနိုင်သော Coolpad အမျိုးအစား mobile ဟန်းဆက်ကို ဝယ်ယူတာနဲ့ Ooredoo ဆင်းကတ်အပါအဝင် (၁၀) လစာဖုန်းပြောခွင့်နှင့် free Top up များကိုပါရရှိနိုင်မည့် အထူးအစီအစဉ်ကို အမှတ်–၆၇၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ G-SHOP Mobile အရောင်းဆိုင်မှာ ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

အစီအစဉ်တွင် Coolpad 7232 ဟန်းဆက်ကို ဈေးနှုန်း (59,000/-) ကျပ်ဝန်းကျင်ဖြင့်ဝယ်ယူသော Customer များအနေဖြင့် Ooredoo ဆင်းကတ်+(၁၀)လစာ ဖုန်းပြောခွင့်နှင့် Free Top up 60000 ၊ Codpad 7060 ဟန်းဆက်ကို ဈေးနှုန်း (43,000/-) ကျပ်ဝန်းကျင်ဖြင့် ဝယ်ယူပါက Ooredoo ဆင်းကတ်+(၁၀) လစာဖုန်းပြောခွင့်အပါအဝင် Top up (30,000/-) ကျပ်တို့ကို တစ်ခါတည်းရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ Coolpad အမှတ်တံဆိပ် Mobile ဟန်းဆက်များကို GSM Network များတွင် အသုံးပြုနိုင်မှာဖြစ်ပြီး၊ Android version 4.2 (Jelly Bean) အမျိုးအစားဖြစ်ကြောင်းသိရသည်။ ဈေးနှုန်းအသင့်အတင့်ဖြင့်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်–01-220054, 09-73220055 သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းဝယ်ယူနိုင်ကြောင်းသိရှိရသည်။

တင်မျိုးသွင်

# မိုဘိုင်းဖုန်းရွေးချယ်မှုနှင့် Application အကြောင်း သိကောင်းစရာ

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ IT ကဏ္ဍနဲ့ပတ်သက်ပြီး တရှိန်ထိုးတိုးတက်လာတာနှင့်အမျှ မိုဘိုင်းဖုန်းသုံးစွဲသူတွေဟာလည်း တဖြည်းဖြည်း များပြားလာတာကို တွေ့ရှိရတယ်။ မိုဘိုင်းဖုန်းသုံးစွဲသူတွေ များပြားလာတာနဲ့အညီ မိုဘိုင်းဈေးကွက်တွေလည်း ပိုမိုကျယ်ပြန့်လာတာကို တွေ့ရှိရပြီး ဖုန်းသုံးစွဲသူများအနေဖြင့်လည်း ရွေးချယ်ရခက်ခဲလာတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် မိုဘိုင်းဖုန်းဝယ်ယူချင်သူတွေအနေနဲ့ မိုဘိုင်းဖုန်းရွေးချယ်မှု၊ Application (ဥပမာ–Zapya) သုံးစွဲမှုများအကြောင်းကို သိထားသင့်ပေရာ ယင်းအကြောင်းအရာများနှင့်ပတ်သက်၍ Matrix - 2 (Computer & Mobile) ဆိုင်မှ ဆိုင်တာဝန်ခံ ကိုအောင်ကိုဦးကို မေးမြန်းခဲ့သည့်အထဲမှ တချို့ကို ကောက်နုတ်ဖော်ပြလိုက်ရပါတယ်။

**မေး – မင်္ဂလာပါအစ်ကို။**

ဖြေ – မင်္ဂလာပါ။

**မေး – အစ်ကိုနာမည်ရယ်၊ တာဝန်ယူမှုအပိုင်းရယ်ကို ပြောပြပေးပါခင်ဗျာ။**

ဖြေ – အစ်ကိုနာမည်က ကိုအောင်ကိုဦးပါ။ ဒီဆိုင်ရဲ့ တာဝန်ခံတစ်ယောက်အနေနဲ့ဆောင်ရွက်နေပါတယ်။

**မေး – အခုလတ်တလော မိုဘိုင်းဖုန်းဈေးကွက်အခြေအနေလေးပြောပြပေးပါ။**

ဖြေ – လတ်တလောနှစ်ကုန်ပိုင်းဖြစ်နေတဲ့အတွက် Promotion တွေ လုပ်နေကြတယ်။ ဒါပေမဲ့ ဒေါ်လာဈေးတက်ထားတဲ့အတွက် ပစ္စည်းတွေက ဈေးနှုန်းအမြင့်မှာပဲဖြစ်နေတဲ့အခါ အရောင်းအဝယ်ကတော့ အေးနေတယ်။ ဈေးက အမျိုးအစားပေါ်မူတည်ပြီး ၁၅ ရာခိုင်နှုန်းလောက်တက်နေတာဖြစ်တဲ့အတွက် ဆိုင်သမားတွေကလည်း ပစ္စည်းကို ထက်ဝက်လောက်လျှော့ယူကြတယ်။ ဝယ်သူတွေကလည်း ကိုယ်သိထားတဲ့ဈေးနှုန်းနဲ့ မတူတော့တဲ့အခါမှာ တန်ဖိုးနည်းဖုန်းတွေမှာ သိပ်မသိသာပေမယ့် တန်ဖိုးမြင့်ဖုန်းတွေကတော့ အရောင်းအဝယ်အေးနေတာသိသာပါတယ်။

**မေး – အခုဆိုရင် ဖုန်းဆိုင်တွေက အများကြီးဖြစ်လာတဲ့အခါမှာ ဈေးကွက်ပြိုင်ဆိုင်မှုအနေနဲ့ရောဘယ်လိုရှိပါသလဲ။**

ဖြေ – ဆိုင်တွေများလာပေမယ့် တစ်ဆိုင်နဲ့တစ်ဆိုင်ကတော့ မတူဘူး။ တချို့ဆိုင်တွေက အရည်အသွေးကို အဓိကထားပြီးရောင်းတယ်။ တချို့ဆိုင်တွေကတော့ အရေအတွက်ကိုကြည့်တယ်၊ အရည်အသွေးအဓိကထားရောင်းတဲ့ဆိုင်တွေက ပစ္စည်းကောင်းကောင်းတွေပဲတင်ထားတယ်။ ပြီးတော့ အမြတ်ကိုလည်း များများတင်ထားတယ်။ ကိုယ့်ဆိုင်က (၃) လုံးပဲ ရောင်းရရောင်းရ အရည်အသွေးအတွက်ကတော့ စိတ်ချရတယ်ဆိုတဲ့ပုံစံမျိုးယူတယ်။ ဝယ်သူကိုလည်း စိတ်ရှည်ရှည်နဲ့ အသေးစိတ်ရှင်းပြနိုင်တယ်။ အရေအတွက်ဦးစားပေးတဲ့သူကတော့ အမြတ်ကိုနည်းနည်းပဲ တင်ထားတယ်။ ဒါပေမဲ့ ဝယ်သူကို သိပ်ဂရုတစိုက်မရှင်းပြနိုင်တော့ဘူး။ တချို့ဆိုင်တွေဆို ဆော့ဖ်ဝဲအစုံတောင် မသွင်းပေးနိုင်ဘူး။ ဈေးသက်သာတဲ့အတွက် ဝယ်သူတွေကလည်း အများကြီးဖြစ်နေတဲ့အခါ ဝယ်သူကိုသေချာမရှင်းပြနိုင်ဘူး။ ဈေးကွက်ပြိုင်ဆိုင်မှုအနေနဲ့ကတော့ ဝယ်သူက ကိုယ့်ဖုန်းအတွက် ဘယ်လောက်သုံးမလဲဆိုတဲ့အပေါ် မူတည်တယ်ပေါ့နော်။

**မေး – အခုနောက်ပိုင်းမှာဆို မိုဘိုင်းဖုန်းတွေကလည်း နာမည်မျိုးစုံနဲ့ဝင်လာတယ်။ အဲ့ဒီအခါဝယ်သူတွေအနေနဲ့ ဘယ်လိုမျိုးမှန်ကန်အောင်ရွေးချယ်ဝယ်ယူသင့်ပါသလဲ။**

ဖြေ – User တွေအနေနဲ့က ကိုယ်ဘာသုံးချင်လဲဆိုတာကို သေချာစဉ်းစားရမယ်။ FB သုံးမှာလား။ Game ဆော့ဖို့အတွက်ပဲလားဆိုတာမျိုးတွေကို ပြီးတော့အမျိုးအစားတွေ အများကြီးထဲကမှ ဝယ်ယူမှုမှန်ကန်ဖို့အတွက် ဖုန်းအကြောင်းနားလည်တဲ့သူတွေကို မေးသင့်တယ်၊ ဝယ်ဖို့အတွက်ဆိုင်ကိုသွားတဲ့အခါမှာလည်း warranty ပါလားဆိုတာတွေ မေးသင့်တယ်။ တချို့က warranty 1 year ပါတယ်။ တချို့က မပါဘူး။ အဲ့တော့ user တွေအနေနဲ့ သေချာမေးပြီးမှ ဝယ်သင့်တယ်။ warranty မပါတာမျိုးဝယ်မိတဲ့အခါဆိုရင် ကိုယ်ဘာမှမသုံးရသေးဘူး၊ စက်ချို့ယွင်းသွားရင် user တွေပဲ နစ်နာတာပါ။

**မေး – ဟုတ်ကဲ့။ အခုဆိုတော်တော်များများက ဖုန်းထဲမှာ Zapya သုံးတာတို့၊ ဆင်းကတ် (၂) ခုသုံးတာတို့ဆိုရင်ဖုန်းကို အပျက်မြန်စေတယ်လို့ပြောကြတယ်။ အဲ့ဒီအပေါ်မှာရော အစ်ကိုအနေနဲ့ ဘာပြောချင်ပါသလဲ။**

ဖြေ – ဆင်းကတ် (၂) ခုသုံးတယ်ဆိုတာက သုံးလို့ရလို့ကို (၂) ခုသုံးတဲ့ဖုန်းတွေထွက်လာတာလေ။ ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာက ခုမှအော်ပရေတာ (၃) ခုဖြစ်လာတာ။ သူများနိုင်ငံတွေမှာဆို ဟိုအရင်ကတည်းက အော်ပရေတာ ၄၊ ၅ ခုလောက်ရှိတာ။ အဲ့အတွက်ကြောင့် ဆင်းကတ် (၂) ခုသုံးဖုန်းတွေဟာ ဘာမှမဖြစ်ပါဘူး။ ပြီးတော့ Zapya သုံးတာကလည်း ပုံကူးတာတို့၊ သီချင်းကူးတာတို့ကို မြန်အောင်လုပ်ပေးနိုင်တာလေ။ ဖုန်းပျက်တယ်လို့ပြောနေကြတာက ဗိုင်းရပ်ရှိနေတဲ့ဖုန်းကနေ Zapya နဲ့ ကူးလိုက်မိလို့ ဗိုင်းရပ်ကူးလာတာကိုပြောတာပါ။ ဗိုင်းရပ်ဆိုတာကလည်း ဆော့ဖ်ဝဲတစ်မျိုးပဲလေ။ ကူးခံရလို့ရှိရင်လည်း ဖုန်းထဲမှာရှိတဲ့ Hardware ထိ မဖျက်ဆီးနိုင်ပါဘူး။ ကွန်ပျူတာတွေကိုပဲ Firmware ပြန်တင်လိုက်ရင်ရပါတယ်။ ဖုန်းကိုမထိခိုက်ပါဘူးသုံးလို့ရပါတယ်။

**မေး – အစ်ကို တကယ့် Brand အမှန်နဲ့ ကလုံးဖုန်းတွေကို ဘယ်လိုခွဲခြားလို့ရပါသလဲ။**

ဖြေ – အဲ့တာက နည်းနည်းတော့ခက်တယ်။ အမြဲတမ်းဖုန်းအသုံးပြုနေတဲ့လူအတွက်ကတော့ ခွဲခြားနိုင်ပေမယ့် အစိမ်းသက်သက်လူအတွက်ကတော့ ခွဲခြားဖို့ခက်တယ်။ တချို့ဖုန်းတွေမှာ စက်ရုံကနေ (reject) အရည်အသွေးမမီဖုန်းတွေရှိတယ်။ အဲဒါကို နည်းနည်းပြန်ပြုပြင်ပြီး ဈေးကွက်ထဲမှာ ဈေးသက်သက်သာသာနဲ့ ရောင်းတာတွေရှိတယ်။ အဲ့တော့ ပုံမှန်အတိုင်းကြည့်ရင် မသိသာပေမယ့် ရေရှည်သုံးကြည့်လိုက်တဲ့အခါကျမှပဲ ကိုယ့်ဖုန်းကသူများတွေဖုန်းလိုလုပ်လို့မရတဲ့ App တွေ၊ ဆော့ဖ်ဝဲတွေတွေ့လာရတယ်။ အဲတော့မှ ကိုယ့်ဖုန်းက Original မဟုတ်တာကို သိကြတာမျိုးတွေရှိတယ်။ ကိုယ်ကဈေးဘယ်လောက်ကြီးကြီး ဖုန်းကောင်းကောင်းပဲသုံးချင်တယ်ဆိုရင်တော့ Showroom တွေ၊ တကယ့်ကို Quality ကောင်းကောင်းကိုင်တဲ့ဖုန်းဆိုင်တွေမှာ ဝယ်သင့်ပါတယ်။ အဲ့လိုမှမဟုတ်ဘူးဆိုရင်တော့ ဖုန်းအကြောင်းနားလည်တဲ့သူတွေကို သေချာမေးပြီးတိုင်ပင်ပြီးဝယ်သင့်တယ်။

**မေး – သွင်းကုန်ဖြစ်တဲ့ အိုင်တီပစ္စည်းတွေနဲ့ ပတ်သက်ပြီး အစိုးရရဲ့ မူဝါဒချမှတ်မှုတွေရော ဘယ်လိုရှိပါသလဲ။**

ဖြေ – မူဝါဒချမှတ်မှုတွေကတော့ သွင်းကုန်တွေအကုန်လုံး အတူတူပါပဲ။ တရားဝင်ဂျူတီခဆောင်ရမယ်။ မှတ်ပုံတင်ရမယ်ပေါ့နော်။ သိပ်အထွေအထူးတော့မရှိပါဘူး။

**မေး – အစ်ကိုအနေနဲ့ဖြည့်စွက်ပြောချင်တာရှိရင် ပြောပြပေးပါဦး။**

ဖြေ – ကျွန်တော်တို့ သွင်းကုန်တွေက ဒေါ်လာဈေးနှုန်းပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိတယ်။ အဲ့တော့ ဒေါ်လာဈေးတွေကို တတ်နိုင်သလောက်ငြိမ်စေချင်တယ်။ ဈေးငြိမ်နေရင် အရောင်းအဝယ်လုပ်ရတာကောင်းတယ်။ အဲဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ဒေါ်လာဈေးကို ငြိမ်အောင်၊ အတက်အကျမကြမ်းအောင် လုပ်ပေးစေချင်ပါတယ်။

*တင်မျိုးသွင်*

| သင်တန်းကျောင်း | စဉ် | သင်တန်းအမျိုးအစား | ဖွင့်ရက် | အချိန် | သင်တန်းကြေး |
|---|---|---|---|---|---|
| **High Class Computer Training Center** အမှတ်(၁၇၈)၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel: 09 5184485, 01 378748 | 1. | Basic Course | Daily | 1½ months | 30,000 Ks |
| | 2. | iOffice | Daily | 1½ months | 40,000 Ks |
| | 3. | DTP | Daily | 1½ months | 45,000 Ks |
| | 4. | Advanced Excel | Daily | 1 months | 35,000 Ks |
| | 5. | Graphic Design | Daily | 2 months | 80,000 Ks |
| | 6. | Editing Course Level I | Daily | 1 months | 80,000 Ks |
| | 7. | Editing Course Level II | Daily | 1½ months | 80,000 Ks |
| | 8. | Auto CAD 2D, 3D | Daily | 2 months | 75,000 Ks |
| | 9. | 3DS Max Course | Daily | 3 months | 150,000 Ks |
| **Vantage School of Digital Arts** အမှတ် ၂၂၆–၂၃၂၊ အခန်း(၃၀၂)၊ ၃၆လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်။ Tel: 09 420755713, 09 5401479 | 1. | Photo Retouching Essential | Monthly | 2 months | 80,000 Ks |
| | 2. | Photo Retouching Pro | Monthly | 3 months | 120,000 Ks |
| | 3. | Video Editing | Monthly | 2½ months | 130,000 Ks |
| | 4. | Visual Effects | Monthly | 2 months | 120,000 Ks |
| | 5. | 3D Animation (Maya) | Monthly | 4 months | 300,000 Ks |
| | 6. | Painting | Monthly | 3 months | 100,000 Ks |
| | 7. | Web Design | Monthly | 3 months | 120,000 Ks |




# "ခံဖူးမှသိတဲ့ အလိမ်ရှုးကုမ္ပဏီ"

ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

ဖောက်သည်အများစုရဲ့ ငွေနဲ့ အရင်းအနှီးပြုထားတဲ့ ''နေ့ပြန်တိုးငွေစု'' အင်တာနက်စာမျက်နှာတစ်ခုဟာ ယခုနှစ်စောစောပိုင်းမှာ နေ့ချင်းညချင်း ပျောက်ကွယ်သွားခဲ့တယ်။ ဘလွန်းဘတ်သတင်းဌာနရဲ့ ကိန်းဂဏန်းအရ ဒေါ်လာသန်း (၁၀၀၀) ကျော် ပါသွားတယ်လို့ ပြောကြတယ်။ အခုဖြစ်တာက Secureinvestment.com အင်တာနက်ဝက်ဘ်ဆိုက်ဖြစ်ပြီး မေလတုန်းက အမှောင်ကျသွားတဲ့ Forex.com ထက် အနည်းငယ် နာမည်ပိုကြီးပါတယ်။

Secure Investment ရဲ့ အဆိုအရ နိုင်ငံပေါင်း (၁၄၀)က ရင်းနှီးမြှုပ်နှံသူ (၁၀၀,၀၀၀) ကျော်ရှိပြီး နေ့စဉ်လည်ပတ်ငွေ ဒေါ်လာသန်း (၄,၈၀၀) ရှိပါသတဲ့။ ရင်းနှီးမြှုပ်နှံကုမ္ပဏီနာမည်ခံထားပြီး အမှန်က လူတွေမက်လောက်အောင် နေ့ပြန်တိုးပေးစားတဲ့ နှုန်းကတော်တော် အဆွယ်ကောင်းလို့ လူတွေချက်ကောင်းမိသွားကြတယ်။ သူ့ရဲ့လုပ်ရှားမှု ကိန်းဂဏန်းတွေကို အချိန်ပြည့်တင်ထားပြီး တစ်ရက်ကို (၁၀၀) ကို ငွေတိုး (၁) ဒေါ်လာပေးတယ်လို့ ကြော်ငြာတယ်။ တကယ်လို့ နေ့ပြန်တိုး ထုတ်မစားဘူးဆိုရင် တစ်နှစ်စာရင်းထုတ်တဲ့အခါ ရင်းနှီးငွေရဲ့ (၂၅၀%) ပြန်ရမယ်လို့ အာမခံထားတယ်။

အများစံအဖြစ်ထားတဲ့ Standard & Poor အညွှန်းကိန်းမှာ အမြတ်ဝေစုခွဲဝေပေးတဲ့ ရှင်းတမ်းတင်ပြဖို့ ပျက်ကွက်ရာကနေ ပထမအက်ကြောင်းစခဲ့တယ်။ ဒီအထိတော့ လူတွေသတိမထားမိသေးဘူး။ အမြတ်ငွေကို နေ့တိုင်းမထုတ်ဘဲ ဆက်ရင်းမယ်ဆိုရင် တိုးရင်းပေါင်းကို အဆီတဝင်းဝင်း မက်လောက်အောင်ပေးထားလို့ ငွေတွေဒီလောက်များများ စုမိလိမ်လည်သွားနိုင်တာလို့ ကျွမ်းကျင်သူများက သုံးသပ်ကြတယ်။

အင်္ဂလန်ကဆရာဝန်တစ်ယောက်က ဧပြီလကုန်မှာ Secure Investment ကနေ ''ကျွန်တော်တို့ နည်းပညာဌာနခွဲမှ System Update လုပ်နေပါသောကြောင့် ဝက်ဘ်ဆိုက်ကို ယာယီဝင်ရှိမရခြင်းအတွက် အနူးအညွတ် တောင်းပန်အပ်ပါသည်''ဆိုတဲ့ အီးမေးလ်ရောက်လာတယ်။ နောက်တစ်ရက် မေလ (၁) ရက် နေ့လည်းကျရော ဝက်ဘ်ဆိုက်က လုံးဝပျောက်သွားတယ်လို့ ဘလွန်းဘတ်သတင်းစာကို ပြောပြတယ်။ အဲဒီကနေစပြီး စာမျက်နှာကိုရှာလို့မရတော့တာ သူ့ငွေဒေါ်လာ (၆၀,၀၀၀) စုန်းစုန်းမြုပ်သွားခဲ့ရတယ်။

တကယ်တော့ Secure Inverstment ဟာ ပနားမားနိုင်ငံရဲ့ လိပ်စာအတုတစ်ခုနဲ့ ဟန်ပြထားပြီး ဟောင်ကောင်၊ စင်ကာပူနဲ့ လန်ဒန်တို့မှာ ရုံးခွဲအယောင်ဆောင်တွေဖွင့်ထားပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ငွေကို ကမ္ဘာ့ဘဏ်အသီးသီးကနေ လွှဲပို့ခိုင်းပြီး မိမိငွေပြန်ထုတ်ဖို့ တောင်းဆိုတဲ့အခါ မပြေလည်မှုတစ်ခုခုပြပြီး ဆင်ခြင်ပေးငြင်းဆန်ပါတယ်။ ဒီနောက်မှာ ကုမ္ပဏီအခြေခိုင်ရဲ့လားဆိုပြီး မေးခွန်းတွေမေးလာကြတယ်။ တကယ်လည်း ဂူးဂဲလ်မှာရိုက်ရှာလိုက်ရော "Scam, Ligit, Fake" စတဲ့ အတုအယောင်အဖြေတွေသာ ရှာဖွေတွေ့လာရတယ်။

ဒီကိစ္စဖြစ်ပြီး မကြာခင် မာစတာဆာဂျင်ဆိုသူက သံသယဖြစ်စရာ သုံးသပ်ချက် (၆) ချက်ကို ထုတ်ဖော်ပြောဆိုလာပါတယ်။

(၁) အတိုင်းအတောမခံရဘူးဆိုတာ အမှန်တကယ် ဖောက်သည်မရှိလို့ပါ။ (၂၀၀၈) ကနေ (၂၀၁၂) အထိ ဒီကုမ္ပဏီရဲ့ကောင်းကြောင်းကို ခင်ဗျားတို့ ကြားဖူးခဲ့လို့လား။

(၂) အရောင်းအဝယ်စာရင်းသမိုင်းဆိုတာ ကိန်းဂဏန်းတွေမျှသာ ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံသူပွဲစားအကောင့်တစ်ခုမပါရင် ဒီအချက်အလက်တွေဟာ အစစ်အမှန်ဟုတ်၊ မဟုတ် မသိနိုင်ပါဘူး။

(၃) သူတို့ရဲ့ငွေထုတ်ခံရန် အဓိကရုံးက ပနားမားမှာလို့ပြောတယ်။ အဲဒီကတည်းက ယုံချင်စရာမရှိတာ။

(၄) ခင်ဗျားတို့ ဒေါ်လာ (၁၀၀၀) မထည့်မချင်း သူတို့ရဲ့လုပ်ငန်းလိုင်စင်ကိုထုတ်မပြဘူး။ ဝက်ဘ်ဆိုက်တစ်ခုကို မှတ်ပုံတင်တာ ဘာငွေမှမပေးရပါဘူး။ အနည်းဆုံးထည့်ငွေရဲ့ အဆ (၂၀) ငွေဝင်မှ အလုပ်လုပ်တယ်ဆိုတော့ ဒီကုမ္ပဏီက ဘယ်လိုပုံစံနဲ့ တရားဝင်ဖြစ်နိုင်မှာလဲ။

(၅) ခင်ဗျားတို့ ရင်းထားတဲ့ငွေကို နေ့တိုင်းရှုံးသလား၊ မြတ်သလား နေ့တိုင်းကြည့်လို့ရနေတယ်။ ဒါပေမယ့် ငွေထုတ်ဖို့ကျတော့ ရင်းနှီးငွေတစ်စက်ဝိုင်းလည်မှ ခွင့်ပြုတယ်။ ဒီငွေတွေနဲ့ တကယ်အရောင်းအဝယ် ဖြစ်၊ မဖြစ်မသိရဘူး။ စာရင်းအင်းမှန်မမှန်လည်း စစ်လို့မရဘူး။ ကိုယ်တကယ် ပြန်လိုတဲ့အချိန် ရတ်တရက် ငွေပြန်မပေး၊ မထုတ်ဘူးဆိုတော့ ခင်ဗျားတို့ ရှုံးသာရှုံးကြည့် သေပြီ။

(၆) တစ်ရက်ကို ငွေတိုး (၁.၂၁%) အမြတ်ပေးတယ်ဆိုတာ လုံးဝမဖြစ်နိုင်တာပဲ။ တရားဝင်ရင်းနှီးမြှုပ်နှံမှု ပွဲစားတစ်ယောက်က ဒီနှုန်းမျိုးနဲ့ (၂၀၀၉) ကနေ (၂၀၁၃) အထိပေးမယ်ဆိုရင် ကျွန်တော်ပိုင်ဆိုင်သမျှ အိမ်တိုင်ပါ ချွတ်ပြီးရင်းလိုက်တာကြာပြီ။

ချုပ်ပြောရရင် သူတို့ရဲ့ ဗွီဒီယိုကြော်ငြာကလည်း လုပ်ကြံရိုက်ထားတာပါ။ အားလုံးက အစစ်မဟုတ်ဘူး။ သရုပ်ဆောင်တွေချည်းပဲလို့ ဘလွန်းဘတ်သတင်းစာက ပြောပါတယ်။ ဒီလိုပလီတီးခြောက်ချက်ဝက်ဘ်ဆိုက်ကနေ ငွေလုံးအကြီးကြီးအလိမ်ခံရတာ ဒါပထမဦးဆုံးအကြိမ်မဟုတ်ပါ။

သူ့အရှေ့မှာ သာဓကပြခဲ့တာက MtGox ဆိုတဲ့ နောက်ဆုံးပေါ်ဂိမ်းကစားငွေ Bitcoins လဲလှယ်တဲ့ကုမ္ပဏီ ဖြစ်ပါတယ်။ MtGox ကုမ္ပဏီရဲ့ CEO က ကွန်ပျူတာစနစ် အားနည်းချက်ကြောင့် သူ့ကုမ္ပဏီက Bitcoin (၈၅၀,၀၀၀) အရှုံးပေါ်သွားလို့ ဖြစ်ရတာပါဆိုပြီး အပြစ်ပုံချ ဖြေရှင်းတယ်လို့ ရေးသားထားပါကြောင်း ...။

# "အသံလှိုင်းကြောက်တဲ့ အဘွားအို"

ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

''လူတွေဆီကို သွားဖို့၊ လူကြားထဲမှာနေဖို့ ငါ့အတွက် တော်တော်ခက်တယ်။ ငါက အင်တာနက်လည်း မသုံးဘူး။ အီးမေးလ်လည်း မရှိဘူး။ ဒါတွေက စိတ်မချရဘူးလေ''လို့ ပြောလာတဲ့ ယူကေနိုင်ငံက အသက် (၇၂) နှစ် အဘွားစတက်ဖနီအကြောင်းက တစ်မျိုးလေးပါ။

အဘွားဟာ သူ့အိမ်ကိုစတာလင်ပေါင် (၄၀၀၀) အကုန်ခံပြီး ဆေးသုတ်တယ်။ ရိုးရိုးတောင်မဟုတ်ဘူး။ ဆေးကို (၄) ထပ် သုတ်တာပါ။ သုံးတဲ့ဆေးက အထူးစီမံထားတဲ့ ဝါယာလက်အသံလှိုင်းကို တားဆီးနိုင်တဲ့ ဆေးအမျိုးအစား ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီအိမ်ထဲမှာ ဘယ်လိုကြိုးမဲ့ခေတ်မီကိရိယာမှ ကွန်နက်ရှင်မမိအောင်လုပ်လိုရင်းဖြစ်တယ်။ အဘွားက ဘာလို့ဒီလိုစီစဉ်ရတာလဲ။

အထူးကုဆရာဝန်နဲ့မပြဖူးပေမယ့် အဘွားရဲ့ကျန်းမာရေးကို ကိုင်တွယ်တဲ့ အထွေထွေသမားတော် GP Surgery က သိတယ်။ အဘွားဟာ လျှပ်စစ်လှိုင်း – အသံလွှင့်လှိုင်းဖြတ်စီးမှုကို မခံနိုင်တဲ့ Electro-Sensitivity Impairment ရောဂါအသေးစားတစ်မျိုးကို ခံစားနေရတာ ဖြစ်ပါတယ်။ လှိုင်းမိရင် အဘွားခေါင်းကိုက်တယ်။ နာတာကျင်တာ အရမ်းဆိုးတယ်။ ဒါကြောင့် သူမဟာ ဘတ်စ်ကားစီးလို့မရဘူး။ အကြောင်းက ရောက်လေရာနေရာတိုင်း လူတွေရဲ့လက်ထဲမှာ မိုဘိုင်းဖုန်းတွေနဲ့လေ။

''အခုမှပဲ အဘွားကိုယ့်ကိုကိုယ် လုံခြုံတယ်လို့ ခံစားရတော့တယ်။ ပိုစိတ်ချရအောင် ဘယ်လိုဝိုင်ဖိုင်ကိရိယာတွေ ကိုယ့်အနားနီးလာတယ် ဆိုတာကိုပြတဲ့ စက်ကလေးကို လက်ထဲမှာအမြဲကိုင်ထားတယ်။ ဝိုင်ဖိုင်သုံးတဲ့ညှို့သည်တွေ မကြိုဆိုဘဲရောက်လာရင် အိမ်ထဲပေးဝင်မှာမဟုတ်ဘူး။ ဒါ သိပ်သေချာတယ်''လို့ အဘွားက သူမပြဿနာဖြေရှင်းနည်းကို ရှင်းပြတယ်။

နောက်ပြီး ကလေးတွေနဲ့ ကျောင်းသားတွေကို ဝိုင်ဖိုင်ဟာ ကျန်းမာရေးကို ထိခိုက်စေတဲ့ အဓိကတရားခံဆိုတာကို ပြောပြရမယ်လို့ ရှေ့ဆက်လုပ်မယ့်ခြေလှမ်းကို အဘွားစတက်ဖနီက ပြောပြပါတယ်။ မဖြစ်မနေ အသံလွှင့်လှိုင်း သုံးရမယ်ဆိုရင် Broadband က Wi-Fi ထက် စိတ်ချရတယ်လို့ သူမယုံကြည်နေပါတယ်။



(စာမျက်နှာ – ၁၀ မှ)

**မေး ။ ။ Xiaomi Smartphone တွေရဲ့အားသာချက်ကဘာတွေများဖြစ်မလဲ။**

ဖြေ ။ ။ သူ့ရဲ့အားသာချက်တွေထဲက အဓိကကျတဲ့အချက်တစ်ခုကို ပြောမယ်ဆိုရင် Smartphone တွေထဲမှာ Performance ကောင်းကောင်းထည့်ပေးပြီး အခြား Brand တွေထက်ဈေးနှုန်းချိုသာခြင်းပဲဖြစ်ပါတယ်။ Hardware ပိုင်းတွေမှာဆိုရင်လည်း အခြားဖုန်းတွေရဲ့ကောင်းတဲ့ Hardware ပိုင်းတွေကို Xiaomi Smartphone မှာအသုံးပြုထားကာ ကင်မရာပိုင်းမှာလည်းအရည်အသွေးကောင်းမွန်တာတွေကို သူတို့သုံးပေးထားပါတယ်။ Software ပိုင်းဆိုရင်လည်း သူတို့ရဲ့ကိုယ်ပိုင် UI နဲ့ Userတွေအတွက် Friendly ဖြစ်မယ့်ဟာတွေကိုပဲ အသုံးပြုထားပေးပါတယ်။

**မေး ။ ။ Mi Corner မှာအခုတွေ့ရတဲ့ Xiaomi Mi TV2 နဲ့ပတ်သက်ပြီး ထူးခြားတာတွေရှိရင်ပြောပြပေးပါဦး။**

ဖြေ ။ ။ Mi TV2 ရဲ့မျက်နှာပြင်အရွယ်အစားက (49) လက်မရှိပြီး Ultra HD 4K (3840x2160) Display အမျိုးအစားဖြစ်ပါတယ်။ သူ့က MIUI TV Android-based OS ဖြစ်ကာ Smart TV အမျိုးအစားဖြစ်ပါတယ်။ M Star quad-core (1.45)GHz Processor ကိုအသုံးပြုထားပြီး RAM ကတော့ (2)GB DDR3 ကိုအသုံးပြုပေးထားပါတယ်။ Sound System ကတော့ (8.1) ဖြစ်ကာ (120)W Subwoofer တစ်လုံးပါရှိပါတယ်။ TV နဲ့ Sub Woofer ကို Bluetooth Function ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ Xiaomi Smartphone တွေနဲ့လည်းတွဲဖက်အသုံးပြုနိုင်သလို အခြား Model မြင့် Smartphone တွေနဲ့ပါတွဲဖက်အသုံးပြုလို့ရပါတယ်။ Game Stick တွေနဲ့လည်းတွဲဖက်အသုံးပြုနိုင်ပြီး ရုပ်ထွက်က (4K) အထိ Support လုပ်ပေးပါတယ်။ ဈေးနှုန်းကတော့ ငွေကျပ် (၉၅,၀၀၀)ဝန်းကျင်ဖြစ်ပါတယ်။

**မေး ။ ။ လက်ရှိရောင်းချပေးလျက်ရှိတဲ့ Smartphone အမျိုးအစားတွေနဲ့ဈေးနှုန်းတွေကိုသိချင်ပါတယ်။**

ဖြေ ။ ။ ဟုတ်ကဲ့ပါ။ Xiaomi Mi4 ငွေကျပ် (၄၀၀,၀၀၀)ဝန်းကျင်ဖြင့်လည်းကောင်း၊ Mi 3 ကိုငွေကျပ် (၂၈၀,၀၀၀)ဝန်းကျင်၊ Mi Note (3G) ကို (၂၀၀,၀၀၀)ဝန်းကျင်၊ Mi Note 4G ကို ငွေကျပ် (၁၇၀,၀၀၀)ဝန်းကျင်၊ Mi 1S ကိုငွေကျပ် (၁၅၀,၀၀၀)ဝန်းကျင်ဖြင့် အသီးသီးရောင်းချပေးလျက်ရှိပါတယ်။ 31xx,73xx စတဲ့ CDMA 800 MHz Sim Card တွေကို Viaomi Smartphone များမှာ အဆင်ပြေပြေ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ New Year Promotion အနေဖြင့်လည်း Xiaomi Smartphone ဝယ်တဲ့သူတွေအတွက် Lucky Draw Program တစ်ခု ပြုလုပ်ပေးထားပါတယ်။










## ၆ ကြိမ်မြောက် Bar Camp Yangon 2015 ကျင်းပပြုလုပ်မည်

၂၀၁၀ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော Bar Camp Yangon ၏ (၆)ကြိမ်မြောက်ဖြစ်သည့် Bar Camp Yangon 2015 ကို (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နှင့် ဖေဖော်ဝါရီလ (၁)ရက်နေ့တို့တွင် MICT Park ၌စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ မိမိသိရှိထားသည့် ဗဟုသုတများကို မည်သူမဆို လွတ်လပ်ပွင့်လင်းစွာဆွေးနွေးနိုင်ပြီး အသိပညာ၊ ဗဟုသုတလိုလားသူမည်သူမဆို တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ပါဝင်ဆွေးနွေးလိုသည့် Speaker များသည် မိမိမျှဝေလိုသည့်အကြောင်းအရာများကို Topic Board များမှတစ်ဆင့်အခြားသော Speaker များနှင့်အပြိုင်အဆိုင် တင်သွင်းနိုင်ပြီးစိတ်ကြိုက်ဝေမျှနိုင်သည်။ ဆွေးနွေးချိန် (၄၅)မိနစ်ခန့် ခွင့်ပြုထားကာ Project များ၊ Microphone များ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထို့အပြင် Organizer အဖြစ်ပါဝင်လိုသူများကို www.facebook.com/barcampyangon ၌ကြိုတင်ကြော်ငြာပြီးအစည်းအဝေးများပြုလုပ်၍ ဖွဲ့စည်းထားပြီးဖြစ်သည်။

ယခင်နှစ်များတွင် ပါဝင်ခဲ့သော Organizer များသာမက လူငယ် Organizer အသစ်များလည်း ယခုနှစ်တွင် ပါဝင်လာခဲ့ကြောင်းသိရသည်။

*M.Z*

## CTM ၌ New Year Promotion အစီစဉ် ကျင်းပပြုလုပ်လျက်ရှိ

CTM ၌ New Year Promotion အစီအစဉ်အဖြစ် မည်သည့်ဟန်းဆက်မဆို ဝယ်ယူပါက ဗလာမပါ ကံစမ်းမဲအစီအစဉ်အဖြစ် ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အခြား Mobile Accessories မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် Laptop ဝယ်ယူသူများကိုလည်း သတ်မှတ်ထားသော Model အလိုက် Promotion အစီအစဉ်များဖြင့် ရောင်းချပေးမည့်အပြင် အခြားလက်ဆောင်ပစ္စည်း (၅)မျိုးနှင့် Cash Back အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါကဖုန်း–၂၂၄၅၀၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

*M.Z*

xenovia
Co.,Ltd

ဆိုင်ဖွင့်ချိန် – နံနက် ၉ နာရီ မှ ည ၈ နာရီ (ပိတ်ရက်မရှိ)

Hot line - 0933445576

SOFTWARE MEMBERSHIP PROGRAM
FOR IPHONE, IPAD AND IPOD

Xenovia Company မှ Apple Devices အသုံးပြုသူများအဆင်ပြေစေရန်
အသင်းဝင်နှစ်စဉ်ကြေးဖြင့် Softwares, Games များ
ထည့်သွင်းပေးခြင်းအစီအစဉ်စတင်လိုက်ပါပြီ။အသင်းဝင်ကြေးပေးသွင်းထားသော Member များအနေဖြင့်
တစ်နှစ်သက်တမ်းအတွင်း Softwares, Games, Mp3, Moves များ
ထည့်သွင်းကြည့်ရှုနိုင်မှာဖြစ်ပြီး Update များကိုလည်းအချိန်မရွေးလာရောက်ပြုလုပ်နိုင်မှာဖြစ်ပါတယ်။
သီးသန့်သတ်မှတ်ထားသော Macbook Pro များတွင်ကိုယ်တိုင်စိတ်တိုင်းကျရွေးချယ်ထည့်သွင်းနိုင်မည်ဖြစ်သည်။

SILVER MEMBERSHIP
အသင်းဝင်ကြေး – ၃၀၀၀၀ ကျပ်
ခွင့်ပြုသောစက် – ၁လုံး
Softwares, Games အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
Mp3, Movies အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
မြန်မာစာ Fontထည့်ပေးခြင်း
Contact Backup ပြုလုပ်သိမ်းဆည်းပေးခြင်း

GOLD MEMBER
အသင်းဝင်ကြေး – ၆၀၀၀၀ ကျပ်
ခွင့်ပြုသောစက် – ၁လုံး
Softwares, Games အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
Mp3, Movies အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
iOS version အကန့်အသတ်မရှိတင်ပေးခြင်း။
Jailbreak and မြန်မာ Fontထည့်သွင်းပေးခြင်း
Contact, Photo များအား Backupပြုလုပ်သိမ်းဆည်းပေးခြင်း

DIAMOND MEMBER
(FAMILY PACK)
အသင်းဝင်ကြေး – ၁၂၀၀၀၀ ကျပ်
ခွင့်ပြုသောစက် – ၃လုံး
Softwares, Games အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
Mp3, Movies အကန့်အသတ်မရှိထည့်သွင်းနိုင်ခြင်း
iOS version အကန့်အသတ်မရှိတင်ပေးခြင်း။
Jailbreak and မြန်မာ Fontထည့်သွင်းပေးခြင်း
Contact, Photo များအား Backupပြုလုပ်သိမ်းဆည်းပေးခြင်း

ဆက်သွယ်ရန် – အမှတ်၅၃၀၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်လမ်းထောင့် Orange Supermarket အရှေ့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
email - cyber.kingdom.xenovia@gmail.com
ဖုန်း – ၀၉၇၃၂၃၃၃၃၁၊ ၀၉၇၃၂၃၃၃၃၉









# Retina Display နဲ့ Apple MacBook

ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

Retina display ဆိုတာ Apple ကထုတ်တဲ့ iPad အသစ်တွေမှာသုံးတဲ့ နည်းပညာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ iPhone ထဲ ထည့်ဖို့လည်း ကြိုးစားလာပါတယ်။ ၂၀၁၄ ခုနှစ်ထဲမှာထုတ်လိုက်တဲ့ မျက်နှာပြင် ၁၅ လက်မ MacBook Pro ဟာ Retina display နဲ့လာပြီး Apple ရဲ့ အကောင်းဆုံး notebook တွေထဲက တစ်လုံးဖြစ်လာပါတယ်။ အကောင်းဆုံး Portable workstation လို့လည်း ပြောနိုင်တဲ့ MacBook Pro ကို ၁၈ မီလီမီတာ ထူတဲ့ တစ်ထောင့်တည်းသော အလူမီနီယမ်အောက်ခံဖရိန်ထဲမှာ ကွက်တိသွတ်သွင်းပြီးလုပ်ထားပါတယ်။

အခွန်ပါပြီး ပေါင် ၂၀၀၀ ဆိုတဲ့ဈေးဟာ Apple က ဈေးလျှော့ထားပါတယ်ဆိုတာတောင် ဈေးကြီးနေပါသေးတယ်။ ဒါပေမဲ့ Pro ဆိုတဲ့ နာမည်နဲ့လိုက်လျောညီထွေဖြစ်အောင် Hardware တွေကို အမြင့်ပိုင်းနည်း သုံးပေးထားပါတယ်။ ပိုက်ဆံချွေတာချင်သေးရင်ထပ်ပြီးချွေတာနိုင်အောင် ၁၅ လက်မ MacBook Pro ကို Processor အတန်းအစားနှစ်မျိုးခွဲပြီးထုတ်ပါတယ်။ အမြင့်တန်း MacBook Pro မှာ Core i7 2.5 GHz နဲ့လာပြီး အခြေခံတန်း MacBook Pro မှာ Core i7 2.2. GHz processor နဲ့လာပါတယ်။

၁၅ လက်မ Laptop နှစ်မျိုးစလုံးမှာ quad core processor တွေသုံးထားလို့ ၁၃ လက်မ MacBook တွေရဲ့ dual core processor တွေ အလုပ်လုပ်တာထက် အပုံကြီးပိုမြန်ပါတယ်။ ၁၃ လက်မ MacBook Pro နဲ့ ၁၅ လက်မ MacBook Pro တွေကို ကွာခြားသွားစေရာမှာ ဒီအချက်ဟာ အဓိကပါပဲ။ Speed mark 9 ဆော့ဖ်ဝဲသုံးပြီး ပုံစံတူအလုပ်တစ်ခုကိုလုပ်ကြတဲ့အခါ ၁၅ လက်မ MacBook တွေက ၁၃ လက်မ MacBook တွေထက် ခြောက်ဆယ်ရာနှုန်းလောက် အလုပ်လုပ်တာပိုမြန်ပါတယ်။

ကွန်ပျူတာရဲ့အလုပ်လုပ်ပုံကိုနှိုင်းယှဉ်ရာမှာ စံအဖြစ်သုံးတဲ့ Cinebench ဆော့ဖ်ဝဲကိုသုံးပြီး စမ်းတဲ့အခါမှာတော့ အရင်နှစ်က ၁၅ လက်မ MacBook Pro တွေထက်စာရင် ပိုမြန်တဲ့ Processor တွေသုံးထားတဲ့ အခုနှစ် ၁၅ လက်မ MacBook Pro တွေဟာ နည်းနည်းလေးပဲပိုမြန်တယ်ဆိုတာတွေ့ရပါတယ်။ Cinebench 11.5 သုံးပြီး Single core test လုပ်တဲ့အခါမှာ ဒီနှစ်မော်ဒယ် MacBook Pro က ၁ ◦ ၅၅ မှတ်ရပြီး အရင်နှစ်မော်ဒယ်က ၁ ◦ ၄၆ မှတ်ရပါတယ်။ ခြောက်ရာခိုင်နှုန်းလောက်ပဲ ပိုလာတယ်ဆိုတဲ့ သဘောပါ။

စိတ်မကောင်းစရာက multi-core processor test ပါ။ အရင်နှစ် MacBook က ၆ ◦ ၈၂ မှတ်ရပြီး အခုနှစ် MacBook က ၆ ◦ ၄၈ မှတ်ပဲရပါတယ်။ ပိုမြန်ပါတယ်ဆိုတဲ့ quad core core i7 processor သုံးထားတာတောင်မှ ၂၀၁၅ ခုနှစ်၊ မော်ဒယ်က ၂၀၁၄ ခုနှစ် မော်ဒယ်ထက် Multicore test မှာ ၅ ရာခိုင်နှုန်းပိုနှေးတယ်ဆိုတာ အံ့အားသင့်စရာဖြစ်ပါတယ်။ Cinebench 15 သုံးပြီး စမ်းသပ်တဲ့စမ်းသပ်ချက်မှာ ၂၀၁၃ မော်ဒယ်ဟာ Single Core စမ်းသပ်ချက်အတွက် ၁၃၄ မှတ်ရပြီး multicore စမ်းသပ်ချက်အတွက် ၅၉၉ မှတ်ရပါတယ်။ ဒီစမ်းသပ်ချက်မှာလည်း ၂၀၁၄ မော်ဒယ်က ကျေနပ်စရာရလဒ်မထွက်ပါဘူး။ စမ်းသပ်ချက်မှာ ပြောစရာတစ်ခုပဲရှိတယ်။ ၂၀၁၃ မော်ဒယ်မှာ OSX 10.9.0 ကိုသုံးထားပြီး ၂၀၁၄ မော်ဒယ်မှာ OSX 10.9.4 ကိုသုံးထားတာဖြစ်ပါတယ်။

Benchmark တိုင်းတဲ့အလုပ်မှာ ပိုပြီးသေချာစေဖို့အတွက် ၂၀၁၃ မော်ဒယ် MacBook Pro မှာရော ၂၀၁၄ မော်ဒယ် MacBook Pro မှာပါ OSX 10.9.4 ကိုတင်ပြီး ထပ်စမ်းပါတယ်။ ၂၀၁၄ မော်ဒယ်မှာ Single Core test အတွက် Cinebench 11.5 ရမှတ် ၁ ◦ ၄၆ မှတ်ရပြီး multi core test မှာ ၅ ◦ ၉၆ မှတ်ရပါတယ်။ ၂၀၁၄ မော်ဒယ်မှာ Single Core test အတွက် Cinebench (11.5) ရမှတ် ၁ ◦ ၄၆ ရပြီး multicore test မှာ ၆ ◦ ၄၈ မှတ်ရပါတယ်။ ဒါကြောင့် OS version အတူတူသုံးပြီးစမ်းသပ်တဲ့စမ်းသပ်ချက်မှာ ၂၀၁၄ မော်ဒယ်ဟာ single core test မှာ ၆ ◦ ၃ ရာခိုင်နှုန်း multi core test မှာ ၁၃ ◦ ၇ ရာခိုင်နှုန်း ၂၀၁၃ ခုနှစ်၊ မော်ဒယ်ထက် ပိုပြီးသာတယ်ဆိုတဲ့အမှန်တရားကို ပြန်တွေ့ရပါတယ်။ Cinebench (15) ရမှတ်ကိုစမ်းတဲ့အခါမှာလည်း single core test မှာ ၆ ◦ ၂ ရာခိုင်နှုန်း multicore test မှာ ၈ ◦ ၂ ရာခိုင်နှုန်း ၂၀၁၅ ခုနှစ် MacBook Pro က ပိုမြန်ပါတယ်။

၁၅ လက်မ MacBook Pro နှစ်မျိုးစလုံးမှာ RAM ကို စံအနေနဲ့က 16 GB ထည့်ပေးထားပါတယ်။ Graphic chip ကတော့ ၂၀၁၄ မော်ဒယ်မှာရော ၂၀၁၃ မော်ဒယ်မှာပါ အတူတူပါပဲ။ Intel Iris Pro Graphic Chip ကို သုံးထားပါတယ်။ Graphic card အနေနဲ့က ၂၀၁၄ မော်ဒယ် ၁၅ လက်မ MacBook Pro မှာ nVidia Geforce GT 750 ကို နှစ်ကဒ်ထိုးပြီးသုံးပါတယ်။ အလုပ်လုပ်တဲ့အခါမှာ တစ်ကြိမ်မှာ Graphic Card တစ်ခုကိုပဲသုံးပါတယ်။ Desktop ကွန်ပျူတာကြီးဖြစ်တဲ့ Mac Pro မှာပဲ Graphc Card နှစ်ခုလုံးကို တစ်ပြိုင်တည်းသုံးနိုင်ပါတယ်။

ဂိမ်းအမြင့်ပိုင်းတွေကစားတဲ့အခါ ၁၅ လက်မ MacBook Pro ဟာ အရင်နှစ်မော်ဒယ်တွေလိုပဲ စွမ်းဆောင်ရည်ကောင်းတယ်ဆိုတာတွေ့ရပါတယ်။ Arkham City မှာ resolution 1280 x 800 နဲ့ကစားရင် 67 fps ရပါတယ်။ အတော်ကြီးကောင်းတဲ့ အမြန်နှုန်းပါ။ tomb Raider (2013) ကို ကစားတဲ့အခါ (1400 x 900) resolution မှာထားရင် 61 fps ရပါတယ်။ Normal detail မှာ 33 fps နဲ့ High detail မှာ 31 fps ရပါတယ်။

Legacy Open Gl သုံးပြီးကစားတဲ့အခါမှာ အခြေအနေပိုကောင်းပါတယ်။ ကစားရာမှာ အမြန်နှုန်း ၅၀ ရာခိုင်နှုန်းလောက်ပိုကောင်းတယ်ဆိုတာတွေ့ရပါတယ်။ အပေါ်မှာပြောခဲ့တဲ့ဂိမ်းနှစ်ခုကို resolution အတူတူ setting အတူထားပြီး Legacy Open GL နဲ့ကစားတဲ့အခါမှာ ပျမ်းမျှ 46 fps ရပြီး အနိမ့်ဆုံး 34 fps အောက်ကို ဘယ်တော့မှမဆင်းတာတွေ့ရပါတယ်။

Retina display ထည့်ထားတဲ့ Screen ရဲ့ contrast ratio ကိုတိုင်းတဲ့အခါမှာ ၅၀ ရာခိုင်နှုန်း Brightness မှာ 680 : 1 ရပြီး ၇၅ ရာခိုင်နှုန်း Brightness မှာ 720 : 1 ရပါတယ်။ full brightness တင်လိုက်ရင်ကောင်းတယ်။ Brightness ဘယ်လောက်မှာပဲထားထား အရောင်အသွေးကြည်လင်မှုအား ကောင်းတယ်။ Brightness ဘယ်လောက်မှာပဲထားထား အရောင်အသွေးညီညာမှု တညီတည်းနီးပါးရှိပါတယ်။ ဒါပေမဲ့ အလင်းညီညာမှုဟာ အမြဲတန်း တသမတ်တည်းမရှိတာကို တွေ့ရပါတယ်။ များသောအားဖြင့် screen ရဲ့အပေါ်ပိုင်းက အရောင်ပိုတောက်ပြီး အောက်ပိုင်းက အပေါ်ပိုင်းထက်စာရင် ၃၀ ရာခိုင်နှုန်းလောက်ထိ ပိုမှောင်တာတွေ့ရပါတယ်။

MacBook Pro Laptop တွေဟာ အမြင့်တန်းကွန်ပျူတာတွေဖြစ်တာနဲ့အညီ ပင်မ storage အတွက် Harddisk ကိုမသုံးပါဘူး။ PCIe - attached flash solid - state drive လို့ခေါ်တဲ့ SSD တွေကိုသုံးပါတယ်။ MacBook မှာသုံးတဲ့ SSD တွေကို သီးခြားကုမ္ပဏီ ၃ ခုဆီက ဝယ်ပါတယ်။ Samsung ၊ SanDisk နဲ့ Toshiba ကုမ္ပဏီတွေဖြစ်ပါတယ်။ ကုမ္ပဏီမတူတဲ့အတွက် ပစ္စည်းတစ်ခုချင်းဟာ ကွန်ပျူတာတစ်မျိုးတည်းဖြစ်ဦးတော့ စွမ်းဆောင်ရည်နည်းနည်းကွဲလွဲပါတယ်။ ၁၅ လက်မ MacBook Pro တွေမှာ လောလောဆယ် Samsung ကထုတ်တဲ့ SSD (SMO512 F) ကိုသုံးထားပါတယ်။ 512 GB သိုလှောင်ထားရှိပါတယ်။ ၂၀၁၃ ခုနှစ်ထုတ်၊ MacBook Pro မှာ သုံးထားတဲ့ SSD ဟာ အလုပ်လုပ်ရာမှာ အလွန်မြန်ပါတယ်။ 784 mbps (read speed) နဲ့ 737 Mbps (write speed) ရှိပါတယ်။ ဒီနေ့ခေတ်ဈေးကွက်ထဲက PC တွေမှာသုံးတဲ့ SSD တွေထက် အလုပ်လုပ်တာ ငါးဆယ်ရာခိုင်နှုန်း ပိုပြီးမြန်ပါတယ်။ ဘာကြောင့်မြန်ရသလဲဆိုတော့ အဲဒီ PC တွေမှာသုံးထားတဲ့ SATA Revision 3 interface က SSD ရဲ့အလုပ်လုပ်နိုင်စွမ်း အပြည့်အဝမရအောင် ချုပ်ထားလို့ဖြစ်ပါတယ်။ MacBook Pro ၂၀၁၄ ရဲ့ SSD ဟာ တစ်ဆက်တည်းဖိုင်တွေ ဖတ်တဲ့အခါ ရေးတဲ့အခါမှာ အပေါ်မှာပြောခဲ့တဲ့ speed တွေရပေမယ့် ကျဲရာကျပမ်းစနစ်နဲ့ ဖိုင်အသေးလေးတွေကို ဖတ်ခိုင်းရေးခိုင်းတဲ့အခါ 199 Mbps (read speed) 351 Mbps (Write Speed) ပဲရပါတယ်။ အထင်ကြီးလောက်တဲ့ အမြန်နှုန်းတွေဖြစ်ပြီး အတုံ့အဆိုင်းမရှိ အလုပ်လုပ်နိုင်လို့ lag-free ဆိုပြီး နာမည်ကျော်ပါတယ်။

MacBook Pro တွေဟာ တွက်ချက်မှုစွမ်းအားကြီးပေမယ့် ဘက်ထရီအတော်အသုံးခံပါတယ်။ ၁၅ လက်မ MacBook Pro ဟာ ဘက်ထရီအသုံးခံချိန် ၈ နာရီရှိပါတယ်။ ၁၃ လက်မ MacBook Pro ဆိုရင် ဘက်ထရီက ၉ နာရီတောင် အသုံးခံပါတယ်။ လက်တွေ့စမ်းသပ်ချက်မှာ Screen brightness ကို 120 cd / m2 မှာ အပိုအလို တစ်ရာခိုင်နှုန်းပဲ သွေလွဲစေပြီး စမ်းပါတယ်။ MP4 ရုပ်ရှင်ကားဖွင့်ပြီးစမ်းပါတယ်။ Sleep မဖြစ်ခင်အထိ ဘက်ထရီဟာ ၇ နာရီ ၅၇ မိနစ်ခံတယ်ဆိုတာတွေ့ရပါတယ်။ Screen brightness ကို 200 cd / $m^2$ ကိုတင်ပြီး စမ်းသပ်တဲ့အခါ ၁၅ လက်မ MacBook Pro အမြင့်မှာ ၆ နာရီ ၄၈ မိနစ်ပဲရပါတယ်။ ဒါပေမဲ့ ဈေးကွက်ထဲက ၁၅ လက်မ Laptop တွေနဲ့ယှဉ်ရင် MacBook Pro တွေက အပြတ်အသတ်သာနေပါသေးတယ်။ MacBook Pro တွေက Retina display နဲ့မို့ ရုပ်ထွက်အလွန်ကောင်းတဲ့အပြင် ကြိုက်ချင်စရာအရည်အသွေးတွေလည်း များပါတယ်။ ဈေးလျှော့ပေါ့တယ်ဆိုတာတောင် ပေါင် ၂၀၀၀ ကျတဲ့ ရောင်းဈေးကတော့ ဈေးကြီးတဲ့အထဲမှာရှိနေပါတယ်။



## How To

သင်ပိုင်ဆိုင်ထားတဲ့ Android ဖုန်းကို ဘယ်လောက်ထိအသုံးချပြီး သွားပြီလို့ ထင်ပါသလဲ။ ကျွန်တော်တို့အနေနဲ့ လက်ရှိအချိန်ထိသုံးနေတဲ့ ဖုန်းတွေဟာ အကောင်းဆုံးလုပ်ဆောင်ချက်ရရှိချင်မှ ရပါလိမ့်မယ်။ ဒီလိုအချိန်မှာ ဖုန်းကိုပြန်လည်စွမ်းရည်မြှင့်တင်နိုင်စေဖို့ app တချို့တော့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် မိနစ်ပိုင်းအတွင်း သင့်ဖုန်းကို အောက်မှာ ပေးထားတဲ့ app တွေကိုသုံးပြီး ထိန်းချုပ်နိုင်မှာပါ။




### Gravity Box

တကယ်လို့ ကိုယ့် Android device မှာ hack လုပ်ထားတာတစ်ခု တည်းပဲ သုံးချင်တယ်ဆိုရင်တော့ Gravity Box ပဲသုံးပါလို့ အကြံပေးချင်ပါတယ်။ ဒီ app ဟာ သူနဲ့ကိုက်ညီတဲ့ စက်တိုင်းအတွက် weak ပေါင်း မြောက်မြားစွာပါဝင်ပါတယ်။ volume button တွေကိုသုံးပြီး media app တွေကို control လုပ်တာ၊ Quick Settings Panel မှာ ထပ်ဖြည့်တာတွေ၊ sort စဉ်တာတွေလုပ်တာ၊ notification တွေကို ဖွက်ထားတာစတဲ့အချက် တွေကို လုပ်ဆောင်နိုင်ပါတယ်။ ဒီ app အတွက် Xposed Framework လိုပါတယ်။




### System Tuner

Root app အတော်များများက ကိုယ့်ဖုန်းကိုထိန်းချုပ်ရာမှာ ရှုပ်ထွေး မှုတွေဖြစ်စေပါတယ်။ ဒါကြောင့် System Tuner ကို လိုအပ်လာတာပါ။ System Tuner ရဲ့ Function တွေဟာ ရိုးရိုး task manager ကနေ အပုံစား overclocking tool, app manager နဲ့ diagnostic tools တွေအထိ ကျယ်ပြန့်စွာ ပါဝင်ပါတယ်။ real-time graphs တွေနဲ့ stats တွေကြောင့် ကြည့်ရတာ မျက်စိနောက်နိုင်ပေမယ့် တကယ်အသုံးဝင်တဲ့ tool ဆိုတာတော့ သေချာ ပါတယ်။

### ROM Manager

ROM Manager ဟာ Android ROM အရှုးအမူးသမားတွေအတွက် တော့ နှစ်သက်စရာရော၊ မှန်းစရာပါကောင်းတဲ့ app ပါ။ အရိုးရှင်းဆုံးပုံစံနဲ့ ကိုယ့်ဖုန်းကို hack up လုပ်ပေးမယ်။ ROM ကို Flash လုပ်မယ်။ recovery ပြန်လုပ်မယ် စတာတွေကို tap နှစ်ချက် သုံးချက်နှိပ်ရုံနဲ့ လုပ်ဆောင်ပေး နိုင်ပါတယ်။ တကယ်လို့ ကိုယ်ကအတွေ့အကြုံရှိပြီးသား ROM သမား ဆိုရင်တော့ လူကိုယ်တိုင်လုပ်ရတာကို ပိုကြိုက်မှာဖြစ်ပေမယ့် တချို့ ကလည်း ROM Manager နဲ့ အလွယ်တကူပဲလုပ်ကြပါတယ်။ ဘာပဲ ဖြစ်ဖြစ် အခုမှစမယ့်သူတွေအဖို့ မရှိမဖြစ် app ပါ။

### USB OTG Helper

တကယ်လို့ ကိုယ့် device က USB-On-The-Go ကို support လုပ် တယ်ဆိုရင် USB flash drive ကို microSD port ကနေတစ်ဆင့်ချိတ်ဆက် ပြီး storage ကို တိုးအောင်လုပ်တာကို ရင်းနှီးနေမှာပါ။ USB OTG Helper ဟာ ဒါကိုပိုပြီးကောင်းအောင်လုပ်ပေးပါတယ်။ Nexus 7 လို ဒီ feature ကို တရားဝင်ထောက်ပံ့ပေးထားတဲ့ စက်မျိုးတွေမှာအသုံးပြုနိုင် စေပြီး compatibility နဲ့ performance တွေကို ပိုကောင်းလာစေပါတယ်။




# Websites

အင်တာနက်ဆိုတာ လူတချို့အတွက် လေ့လာစရာတွေမကုန်ခမ်းနိုင်တဲ့ နည်းပညာပဒေသာပင်ကြီးလို့ ခေါ်ဆိုနိုင်သလို အသုံးမချတတ်တဲ့သူတွေ အတွက်တော့ အချိန်တွေသာ ကုန်ဆုံးသွားတယ် ဘာမှမရလိုက်ပါဘူး။ ဒါဟာ အွန်လိုင်းမှာလေ့လာစရာဝက်ဘ်ဆိုက်တွေကို အသေးစိတ်မရှာဖွေနိုင်လို့ပါ။

အင်တာနက်အသုံးပြုတဲ့သူတွေ အကျိုးရှိစွာအသုံးချနိုင်စေဖို့အတွက် အင်္ဂလိပ်စာအဘိဓာန်လေ့လာခွင့်ရမယ့် ဝက်ဘ်ဆိုက်၊ ဓာတ်ပုံများစွာကို ကြည့်ရှုနိုင်မယ့်ဝက်ဘ်ဆိုက်၊ အားကစားနည်းတွေကိုမှ စိတ်ဝင်စားတဲ့သူများအတွက် အားကစားသတင်းတွေကို တစ်ဝကြီးဖတ်ရှုခွင့်ရမယ့် ဝက်ဘ်ဆိုက်များနဲ့ အခြားသောဝက်ဘ်ဆိုက်တွေကို လေ့လာနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။

1

### http://matadornetwork.com

နည်းပညာတွေတိုးတက်လာတဲ့ခေတ်ကြီးထဲမှာ ဆန်းသစ်တဲ့အရာတွေကို အတတ်ပညာရှင်တွေက တီထွင်ဖန်တီးနေကြတာကြောင့် ကျွန်တော်တို့ရဲ့မျက်စိရှေ့ကို ပစ္စည်းအသစ်အဆန်းတွေက တစ်ခုပြီးတစ်ခုရောက်ရှိလို့လာခဲ့ပါပြီ။ ဝေးဝေးမကြည့်ပါနဲ့။ လက်ရှိကိုယ်သုံးနေတဲ့ဖုန်းဟာ တစ်ချိန်တုန်းက ခေတ်အစားဆုံးနဲ့ နောက်ဆုံးပေါ် ဖြစ်ခဲ့ဖူးတာ မှတ်မိဦးမှာပါ။ ခုချိန်မှာတော့ အဆင့်မြင့်နည်းပညာတွေနဲ့ ထွက်ပေါ်လာတဲ့ ဖုန်းအသစ်တွေက ကျွန်တော်တို့ကိုစိန်ခေါ်လို့နေပါတယ်။ နည်းပညာတွေက အချိန်နဲ့အမျှတိုးတက်နေသလို လူနေမှုအဆင့်အတန်းတွေလည်း မြင့်မားလာမယ်လို့ ဆိုလိုချင်တာပါ။ ဒါကြောင့် သိပ္ပံပညာရှင်တွေရဲ့ အံ့မခန်းနည်းပညာဖန်တီးမှုတွေကို စိတ်ဝင်စားတဲ့သူတွေအတွက် matadornetwork.com မှာ 23 incredible new technologies ဆိုတဲ့ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ ဆောင်းပါးလေးကို ဖတ်ရှုလေ့လာနိုင်စေဖို့ တင်ဆက်ပေးလိုက်ရပါတယ်။




2

### http://www.patchworkposse.com

အချုပ်အလုပ်ဝါသနာပါသူတွေအတွက် စိတ်ကူးစိတ်သန်းကောင်းကောင်းလေးတွေ ပိုင်ဆိုင်ဖို့အရေးကြီးပါတယ်။ ဒီတစ်ခါမှာ အပ်ချုပ်စက်လေးနင်းတတ်ရုံနဲ့တင် ကိုယ့်အိမ်မှာသုံးမယ့် အသုံးအဆောင်ပစ္စည်းလေးတွေကို ကိုယ်ကိုယ်တိုင်စိတ်တိုင်းကျချုပ်လုပ်နိုင်စေမယ့် ဝက်ဘ်ဆိုက်လေးတစ်ခုကို ညွှန်းဆိုလိုက်ပါတယ်။ သူကတော့ patchwork-posse.com ပဲဖြစ်ပြီး သူ့မှာဆိုရင် အပ်ချုပ်ခြင်းအတတ်ပညာနဲ့ပတ်သက်ပြီး ကဏ္ဍတော်တော်များများကိုတွေ့မြင်ရမှာမို့ အမျိုးသမီးတွေအတွက် အကြိုက်တွေ့စရာပါ။ အဲ့ဒီဝက်ဘ်ဆိုက်လေးထဲက 25-cute-gift-bags-you-can-sew ကဏ္ဍလေးမှာ ချစ်စရာကောင်းတဲ့ လက်ဆောင်အိတ်လှလှလေးတွေကို အလွယ်တကူချုပ်လုပ်နိုင်ဖို့ နည်းလမ်းတွေကို ဖော်ပြပေးထားပါတယ်။ ရင်းနှီးတဲ့သူငယ်ချင်းမိတ်ဆွေတွေကို လက်ဆောင်အိတ်လှလှလေးတွေ ပေးချင်သူတွေအတွက်ကတော့ အတော်လေးကိုအသုံးဝင်နိုင်ပါတယ်။




3

### http://www.whowhat wear.com

အပျော်ခရီးတွေထွက်လို့ပဲဖြစ်ဖြစ်၊ ပါတီပွဲတွေတက်လို့ပဲဖြစ်ဖြစ် အမှတ်တရအနေနဲ့ ဓာတ်ပုံတွေရိုက်လေ့ရှိကြပါတယ်။ အခုဆိုရင် ဖေ့စ်ဘွတ်ပေါ်မှာဆိုရင်လည်း Selfie ပုံလှလှလေးတွေက မမြင်ချင်မှအဆုံးဖြစ်နေပါတယ်။ အဲ့ဒီပုံတွေမှာ 360 Camera သုံးပြီး ရိုက်ထားတာတွေရှိသလို တကယ်လည်း photogenic ဖြစ်တဲ့သူတွေလည်းရှိပါတယ်။ တချို့ဆို အပြင်မှာ သာမန်ရုပ်ရည်လောက်ပဲရှိပေမယ့် ဓာတ်ပုံတွေထဲမှာတော့ မင်းသား၊ မင်းသမီးလောက်နီးနီး ချောမောနေတတ်ကြပါတယ်။ ဓာတ်ပုံစားတယ်ပေါ့ဗျာ။ ဓာတ်ပုံရိုက်ခံတဲ့အခါ လှလှပပနဲ့ ဆွဲဆောင်မှုရှိတဲ့ဓာတ်ပုံလေးတွေ ပိုင်ဆိုင်ချင်တဲ့သူတွေအတွက် ဝက်ဘ်ဆိုက်လေးတစ်ခုနဲ့ ပြောပြချင်ပါတယ်။ အခုပြောပြမယ့် whowhatwear.com ထဲက how-to-look-better-in-photos? ကဏ္ဍလေးမှာတော့ photogenic ဖြစ်စေဖို့ လုပ်ဆောင်ရမယ့် လွယ်ကူတဲ့ အဆင့် ၁၀ဆင့်ကို ဖော်ပြပေးထားပါတယ်။




4

### http://acidpotion.com

နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုမှာ ပညာရေးဟာ အဓိကအခန်းကဏ္ဍအနေနဲ့ ပါဝင်လို့လာခဲ့ပါပြီ။ ဒါကြောင့် လူငယ်တွေရဲ့ပညာရေးကို လူကြီးတွေကလည်း အလေးပေးလာခဲ့တာလည်း အများအသိပါ။ တိုင်းပြည်ရဲ့အနာဂတ်ဟာ မျိုးဆက်သစ်တွေရဲ့ လက်ထဲမှာ ရှိနေတာမို့ ပညာရေးကို အလေးထားသင့်ပါတယ်။ ဒီနေ့ခေတ်ကြီးထဲမှာ အင်တာနက်တွေသုံးပြီး ဖေ့စ်ဘွတ်မှာ အချိန်အတော်များများသုံးပစ်နေတဲ့ လူငယ်တွေအတွက် အွန်လိုင်းပေါ်မှာ အလဟဿအချိန်ကုန်ခံစရာမလိုအောင် အကျိုးရှိစေမယ့် online free classes တွေကို ပြောပြချင်ပါတယ်။ အင်္ဂလိပ်စာကို အလွယ်တကူအချိန်မရွေး လေ့လာသင်ယူနိုင်တဲ့ ဝက်ဘ်ဆိုက် ၂၅ ခုကို တစ်စုတဝေးတည်းဖော်ပြပေးထားတဲ့ ဝက်ဘ်ဆိုက်လေးကတော့ acidpotion.com ပဲဖြစ်ပါတယ်။ အဲ့ဒီဝက်ဘ်ဆိုက်လေးမှာ 25-killer-websites-that-make-you-cleverer ဆိုတဲ့ ကဏ္ဍလေးကိုဝင်ရောက်ပြီး အကျိုးရှိစွာအသုံးချနိုင်မှာဖြစ်ပါတယ်။




5

### http://www.wannalearn.com

သင်္ချာဘာသာရပ်ကို နှစ်သက်သူတွေလည်းရှိသလို လုံးဝကိုစိတ်မဝင်စားတဲ့သူတွေလည်း အများကြီးရှိနေမှာဆိုတာ သေချာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့တွေဟာ သင်္ချာနဲ့တော့ ကင်းလို့မရပါဘူး။ ကျွန်တော်တို့နေ့စဉ်ဖြတ်သန်းနေရတဲ့ဘဝတွေမှာ သင်္ချာပညာက ပါဝင်ပတ်သက်နေပါတယ်။ တခြားမပြောနဲ့ ဘတ်စ်ကားစီးလို့ စပယ်ယာကို တစ်ထောင်တန်ပေးရင်တောင် ပြန်အမ်းငွေကိုတွက်ရ၊ ရေရသေးတာပဲလေ။ ဒီတစ်ခါမှာတော့ လူတိုင်းမနှစ်သက်တဲ့ သင်္ချာရဲ့လျှို့ဝှက်ချက်လေးတွေကို ပြောပြချင်တာပါ။ မျက်လှည့်ဆန်တဲ့ တွက်ချက်နည်းတွေကို သင်ကသိရှိတတ်မြောက်ထားမယ်ဆိုရင် လူအများရဲ့ အထင်ကြီး လေးစားမှုတွေကို ပိုင်ဆိုင်နိုင်မှာသေချာပါတယ်။ Wannalearn.com ကတော့ ကျွန်တော်တို့အတွက် သင်ယူချင်စရာဘာသာရပ်တွေကို တင်ဆက်ပေးနေတဲ့ ဝက်ဘ်ဆိုက်တစ်ခုပါ။ အဲ့ဒီဝက်ဘ်ဆိုက်ထဲမှာ သင်တို့အလိုရှိနေတဲ့ သင်္ချာပညာရဲ့လျှို့ဝှက်ချက်တွေကို ရယူနိုင်မှာဖြစ်ပါတယ်။



# အိုင်တီ အလုပ်အကိုင် အခွင့်အလမ်းများ (IT Opportunity)

## Beyond Plus Education Center

အမှတ် ၇၈၊ မေတ္တာရန့်စာသင်၊ စာကျက်ဝိုင်းအပေါ်ထပ်၊ သိမ်ကြီးလမ်း၊
(ကြည့်မြင်တိုင်ဘူတာမှတ်တိုင်အနီး)၊ ကြည့်မြင်တိုင်မြို့နယ်။
Ph : 09 31330633, 09 799637872
Email : bplusmyanmar@hotmail.com

1. **Network Engineering** — **M (4) Posts**

ဘွဲ့ရဖြစ်ရမည်။ Networking ပိုင်းတွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ Window Server ကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Game ဆိုင်များအတွက် Network / Internet များ တပ်ဆင်ပေးနိုင်သူဖြစ်ရမည်။ ရုံးနှင့်အိမ်များတွင် CCTV camera တပ်ဆင်နိုင်သောသူ၊ အတွေ့အကြုံရှိသူဖြစ်ရပါမည်။ English, Computer Software and Hardware ပိုင်းနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၂ နှစ်ခန့်ရှိရမည်။ လူမှုဆက်ဆံရေးပြေပြစ်ရမည်။ အသက် ၂၃ နှင့် ၃၀ နှစ်အတွင်း ရှိရမည်။

2. **Graphic Design Lecturer (Part Time)** — **F (3) Posts**

Adobe Photoshop, Adobe illustrator, Adobe Indesign, PageMaker and other Graphical Tools များကို ကောင်းစွာအသုံးပြုနိုင်သူ။ Design အားလုံးနှင့်ပတ်သက်၍ Talent ရှိပြီး အလုပ်ကိုကြိုးစားလုပ်ကိုင်လိုသူဖြစ်ရပါမည်။ Printing ဒီဇိုင်းတင်မက Web Application ဒီဇိုင်းပါ ဆွဲနိုင်သူဖြစ်ရပါမည်။ ကျောင်းသား/သူများကို ချိုသာစိတ်ရှည်စွာ သင်ကြားနိုင်သူဖြစ်ရပါမည်။ သင်ကြားရေးအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေးကောင်းရမည်။ လိုအပ်ပါက ပြန်လည်သင်ကြားပေးမည်။ အသက် ၂၀ နှစ်မှ ၃၀ နှစ်ကြားဖြစ်ပါက ပိုဦးစားပေးမည်။

3. **Computer Lecturer (Part Time)** — **F (3) Posts**

အသက် ၃၀ အောက် တက္ကသိုလ်တစ်ခုခုမှ ဒီဂရီရရှိပြီးသူဖြစ်ရမည်။ Computer Basic (MS Office), Advanced Excel, D.T.P, သင်ကြားရေးအတွေ့အကြုံရှိရမည်။ ကျောင်းသားကျောင်းသူများကို ချိုသာစိတ်ရှည်စွာသင်ကြားနိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းရမည်။ လိုအပ်လျှင် ပြန်သင်ကြားပေးမည်။ အသက် ၂၀ နှစ်မှ ၃၀ နှစ်ကြားဖြစ်ပါက ပိုဦးစားပေးမည်။

4. **Marketing** — **M/F (3) Posts**

ဘွဲ့ရဖြစ်ရမည်။ Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁ နှစ်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။ Customer များကို ကောင်းမွန်စွာဆက်ဆံနိုင်ရမည်။ လူမှုရေးဆက်ဆံရေးကောင်းမွန်ရမည်။ စကားအပြောအဆိုသွက်လက်ရမည်။ အသက် ၂၀ နှစ်မှ ၃၀ နှစ်ကြားဖြစ်ပါက ပိုဦးစားပေးမည်။

5. **အလုပ်သင်လူငယ်** — **ကျား (၅) ဦး**

၁၀ တန်းအောင် (သို့) ကျောင်းပြီးသူ ကျောင်းဆက်မတက်သူဖြစ်ရမည်။ IT နှင့် ဆက်စပ်ပစ္စည်းများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။ Customer များကို ကောင်းမွန်စွာဆက်ဆံနိုင်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။ စကားအပြောအဆိုသွက်လက်ရမည်။ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား ဖြစ်ပါက ပိုဦးစားပေးမည်။

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ **(၁၂-၁-၂၀၁၅)** နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

## Horizon International School

No. 235, ShukhinntharMyo Pat Road, Thaketa Township.
Ph : 450396, 450397, 09 73030010

- Graphic Designer (Assistant) — M/F (2) Posts
  - Minimum 1 year desing experience in relative field
  - Knowlege of in Design, Photoshop, Knowledge of MS Office would be and advantage, can type Myanmar Font is also preferable
  - Must be Enthusiastic, team player with positive attitude, Punctual
  - Excellent multi-tasking & communication skills
  - The salary for this post is commensurate with experience
  - Interested candidates can come for between the office hours. Please bring your CV along with a copy of your credentials to the above address.

Application forms can be submitted form 8:00 am to 4:00 pm not later than **(10-1-2015)**

## Yangon Development Co.,Ltd

Ph : 01 376180, 09 73042914

1. **IT Service / Technician** — ကျား/မ (၄) ဦး
2. **Excel / Pagemaker / Photoshop / Email ကျွမ်းကျင်** — မ (၂) ဦး
3. Accountant — မ (၂) ဦး
4. Sales & Marketing — ကျား/မ (၁၀) ဦး
5. Driver — ကျား (၂) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ ၁ ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

## Ever Top Civil Engineering Design & Drawing

အမှတ် ၁၃၀၊ ပထမထပ်(ဝဲ)၊ ၃၃ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။
Ph : 09 795269187, 09 73021713

- **Senior AutoCAD Designer** — **M/F (2) Posts**

AGTI, B.Tech, B.E (Civil) ဖြစ်ရမည်။ AutoCAD 2D, 3D ကျွမ်းကျင်စွာရေးဆွဲနိုင်ရမည်။ AutoCAD လုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိရမည်။ မိမိအရည်အချင်းနှင့်ထိုက်တန်သောညှိနှိုင်းလစာရရှိမည်။ လက်တွေ့စစ်ဆေးခြင်းပြုလုပ်မည်။ CV Form with 2 Photos, ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ **(၁၀-၁-၂၀၁၅)** နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## myOpenware

No. 11, 7th Floor, Sanchaung Street, Sanchaung, Yangon.
Ph : 01 1223145, 09 73210043

1. **SENIOR WEB DEVELOPERS / PROGRAMMERS (C#,ASP.NET) × 2**
   - Participate in coding, testing, implementation and maintenance
   - Timely reporting to the team leader
   - Develop and update user guides
   - Identify and solve technical problems and processes

**Requirements**
- Degree in IT, Computer Science or equivalent

**At least 3 years programming experience in**
- ASP.NET / - MS Visual Studio / - C#, NET framework
- MSSQL databases / - HTML, CSS, JavaScript
- IIS / - Crystal Report / - Ajax
- Stored Procedures, Views and Trigger
- Asp.net third party controls such as Telerik
- Linqand other relevant technologies
- Familiar with SDLC (Software Development Life Cycle) processes
- Knowledge in Object-Oriented Design and Development Methodology and Programming Languages
- Strong analytical and problem solving skills
- Fast learner and self-driven Desired skills
- Knowledge in design patterns, CMS, blogs, forums and e-commerce development
- Experience in Android and Windows Phone development

2. **JUNIOR (OR) OJT WEB DEVELOPERS / PROGRAMMERS (C#, ASP.NET) × 2**
   - Participate in coding, testing, implementation and maintenance
   - Timely reporting to the team leader
   - Develop and update user guides
   - Identify and solve technical problems and processes
   - Willing to do self-learning
   - Good communication and good personality

**Requirements**
- Degree in IT, Computer Science (OR) equivalent
- ASP.NET / - MS Visual Studio / - C#, NET framework
- HTML, CSS, JavaScript, Ajax / - IIS
- MSSQL databases / - Crystal Report
- Stored Procedures, Views and Trigger
- Asp.net third party controls such as Telerik
- Linq and other relevant technologies

CV to OR drop your CV at our office not later than **(3-1-2015)**

---

IT Field နှင့် ပတ်သက်သည့် အခမဲ့ဝန်ထမ်းခေါ်ကြော်ငြာ ထည့်သွင်းလိုသော ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် –

ကုမ္ပဏီ၏ Letter Head ပေါ်တွင်

(၁) ခေါ်ယူလိုသော ဝန်ထမ်းအမျိုးအစား/ဝန်ထမ်းဦးရေ

(၂) လျှောက်လွှာပိတ်မည့်ရက်စွဲ

(၃) သက်တမ်းမကုန်ဆုံးသေးသော ကုမ္ပဏီ/လုပ်ငန်းလိုင်စင်မိတ္တူ

တို့ကိုတာဝန်ရှိသူ၏အမည်၊ လက်မှတ်နှင့်တကွ ပေးပို့ပါရန်နှင့် Email ဖြင့် ပေးပို့ပါက အထက်ပါအချက်အလက် အပြည့်အစုံကို Scan ဖတ်၍ ပူးတွဲပေးပို့ပါရန်။

လိပ်စာ – အမှတ် ၉၆၊ ဒုတိယထပ်၊ ၁၁ လမ်း (အပေါ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**E-mail : netguideclassified@gmail.com**

# ACH Computer Training Center

ဆရာအောင်ချိုထွေး [B.Sc-Math, CCNA, CCNA Security, CCNP, CCNP Security, MCP, MCTS, MCITP(SA)(EA), MCSA(2008), IDNC, IADNC] ဦးစီးသင်ကြားသော

**Hot line : 09 430 67692**

စာတွေ့လက်တွေ့ ပိုင်နိုင်ကျွမ်းကျင်ကြသူများကိုသာ စစ်မှန်စွာလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသော အစဉ်အလာကောင်းများဖြင့် .....

## CCNA [200-120]

Sat, Sun
(2:00 PM to 6:00 PM)
*10 th Jan 2015*

CISCO CERTIFIED CCNA



Merry X'Mas & Happy New Year...!




## CCNP Route [ 300-101] New Version

Tue, Wed, Thur, Fri
(6:00 PM to 8:00 PM)
*23 rd Dec 2014*

CISCO CERTIFIED CCNP

2015 is coming...

2014 Bye Bye !

မကြာခင် 2014 ကုန်ဆုံးတော့မယ်....
2014 မှာရခဲ့တဲ့အောင်မြင်မှုထက် 2015 မှာ ပိုမိုတိုးတက်စေဖို့
ACH မှာထပ်မံဖွင့်လှစ်သွားမယ့် CCNP New Version တန်းခွဲတွေနဲ့
CCNA တန်းခွဲသစ်တွေကို လက်မလွတ်တမ်း တက်ရောက်လေ့လာရင်း
မနက်ဖြန်တိုင်းကိုကြိုးစားမှုတွေနဲ့ ကုန်ဆုံးကြရအောင်နော် !
မဝေးတော့တဲ့ 2015 မှာ ....
အမြင့်မားဆုံးအောင်မြင်မှုတွေနဲ့ အပျော်ရွှင်ရဆုံးဖြစ်စေမှာပါ....။

**CCNP ROUTE (300-101)New Version**

မကြာခင်ဖြေဆိုခွင့်သက်တမ်းကုန်ဆုံးတော့မယ့် Old Version
သင်ခန်းစာတွေကို အချိန်မီဖြေဆိုနိုင်အောင် စဉ်ဆက်မပြတ်......
ဖွင့်လှစ်သင်ကြားရင်း..... New Version ဖြစ်တဲ့
CCNP ROUTE (300-101) ဘာသာရပ်ကိုလည်း
နှစ်သစ်ကိုကြိုဆိုလျက်.... ဂုဏ်ယူစွာဖြင့် စတင်ဦးဆောင်
ဖွင့်လှစ်ပေးလိုက်ပါပြီ...............။



Professional ဖြစ်စေဖို့ ACH နဲ့လက်တွဲစို့

တိုက် (၂၂၇)၊ ပထမထပ်၊ ကျိုက္ကဆံလမ်းမပေါ်၊ ကျိုက္ကဆံလမ်းနှင့် (၁၅၁) လမ်းထောင့်၊ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့၊ တာမွေ ။ facebook.com/achnetworkpro



# TELEKING Training

*SOFTWARE & HARDWARE* မိုဘိုင်းဖုန်း အထူးပြုပြင်နည်းသင်တန်း

***# 7 PERSONS PER ONE CLASS #***

MOBILE PHONE SOFTWARE COURSE
MOBILE PHONE HARDWARE COURSE ( 15.1.2015 ) - တန်းခွဲသစ်များစတင်ပါမည်။

လက်ရှိ *Mobile Phone* လောကတွင် အသုံးများလျက်ရှိသော *Android, iOS, Windows Phone, Blackberry* အစရှိသည့် *Mobile OS* သုံး *Smart Phone* များကို ကျွမ်းကျင်ပိုင်နိုင်စွာ *Configure* ပြုလုပ်ရမည့် *Technician* တစ်ယောက် အနေဖြင့် ရပ်တည်နိုင်သည်အထိ စနစ်တကျ သင်ကြားပေးသွားမည်။ သင်တန်းကာလအတွင်းတွင် *Theory* ပိုင်း၊ *Practical* ပိုင်းကိုပါ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်မည့်အပြင် လုပ်ငန်းခွင်တွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ၊ ဖြေရှင်းပုံဖြေရှင်းနည်းများကိုပါထည့်သွင်းဖြေကြားသင်ပြပေးသွားမည်ဖြစ်၍ ကိုယ်ပိုင်ဆိုင်ဖွင့်မည့်သူများ၊ *Service Technician* အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်ခွင်အတွေ့အကြုံကောင်းများကို တစ်ပါတည်းရရှိနိုင်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးသွားလျှင်လည်း *Up-to-date model* များအတွက် *Software Support* အပြည့်အဝပေးထားရုံသာမက *Internet*ပေါ်တွင် မိမိကိုယ်တိုင် ရှာဖွေနိုင်စေရန် *Internet Searching Techniques,* အသုံးဝင်သော *Internet Sources* များကိုလည်း အသေးစိတ်သင်ကြားပေးသွားမည်။ *Mobile Field* ထဲတွင် *Professional Mobile Service Technician* တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန်အတွက် အာမခံချက်အပြည့်ဖြင့် *Update Mobile Course* များကို စနစ်တကျ သင်ကြားပြသပေးသွားမည်။

*Life Time Warranty*

တိုက် (34)၊ အခန်း (2-B) ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ **Ph : , 09 4500 45544, 09 730 71839,09 517 9168**



# DATA WORLD

တာမွေ CENTER ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် Jan 15 ထိ သင်တန်းအားလုံး **20% Off**

ပြည်ပအတွေ့အကြုံရှိ Software Engineer များက Project နှင့်တကွ လေ့ကျင့်သင်ကြားပေးပြီး OJT စီစဉ်ထားသည်။

**Java Application Developer** ဖြစ်လိုသူများအတွက်
- Core Java
- J2SE,JSE (Windows Application)
- J2EE,JEE (Web Application)

**C#.Net Application Developer** ဖြစ်လိုသူများအတွက်
- Core C#
- C#.Net (Windows Application)
- ASP.Net (Web Application)

**Web & CMS Developer** ဖြစ်လိုသူများအတွက်
- PHP Developer
- Joomla CMS Developer
- Wordpress CMS Developer

**Professional Web Designer** ဖြစ်လိုသူများအတွက် Domain + Hosting FREE

HTML5 | CSS3 | JavaScript | JQuery | PHP | Illustrator | Dreamwaver | Photoshop | Hosting

❖ သက်ဆိုင်ရာ အခန်းများအလိုက် Tutorial များဖြေဆိုရမည်ဖြစ်ပြီး သင်တန်းအပြီးတွင် Website Design Project တစ်ခုပြုလုပ်ရမည်။
❖ ကွန်ပျူတာအခြေခံရှိသူများပင် တက်ရောက်နိုင်ပြီး Design ရေးဆွဲခြင်းမှ ကိုယ်ပိုင် Website တင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည်။

**Drafting** မှ ခေတ်မီသော **Building** ဒီဇိုင်းရေးဆွဲလိုသူများအတွက်
- AutoCAD (Civil: & Archi: | Mech:)
- AutoCAD (Drawing & Design)
- M & E
- 3ds Max (Modeling | Rendering)
- Revit (Archi: | MEP)
- SketchUp

ဆက်သွယ်ရေးကဏ္ဍများတွင် **Professional IT** ပညာရှင်ဖြစ်လိုသူများအတွက်
- A+ Hardware
- A+ Plus Networking
- Network Engineering

❖ Hardware | Software များပြုပြင်တပ်ဆင်နိုင်ပြီး Network basic ကိုပါ Theory နှင့်လက်တွေ့ပေါင်းစပ်နိုင်ရန်သင်ကြားပေးသည်။
❖ Computer တည်ဆောက်ပုံ၊ Networking ၏ အစိတ်အပိုင်း N+၊ Wirebase | Wireless (CPE | Router )စသည်တို့ကိုသင်ကြားပေးသည်။

ဆန်းသစ်သော **Design & Media Editor** ဖြစ်လိုသူများအတွက်

**Video Editing** (ရုပ်/ သံ တည်းဖြတ်)
❖ Premier Pro CS5 | Adobe Afters CS5
❖ Adobe Soundbooth | Media Encoder

**Graphic Design + Project**
❖ Design Principal | Color Theory | Typography
❖ Photoshop | Illustrator | Indesign With CS5

ကျောက်တံတား CENTER | အမှတ်(၁၇၀/၁၇၄) B ၂လွှာ အနော်ရထာလမ်း ကျောက်တံတား။
လှည်းတန်း CENTER | အမှတ်(၂၉) ၂လွှာ ဗေယျာသီရိလမ်း လှည်းတန်း ကမာရွတ်။
တာမွေ CENTER | အမှတ်(၂၇) | ပထမလွှာ | သတိပဋ္ဌာန်လမ်း | တာမွေမြို့နယ်။
**HotLine : 09 730 53711 | 09 330 94677 | 09 2540 65507**

Vol . 3, Issue . 67

# NetGuide ဆုဒိုခုဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၂၃၄)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 1 | | | 3 | | | |
| | 8 | | | | | | | 9 |
| 4 | | | 2 | 8 | | 7 | | |
| 9 | | | | 7 | | | | 4 |
| 6 | | | | | 9 | 2 | | |
| | | 4 | 8 | | | | | 1 |
| | 2 | | | 9 | 1 | | | |
| | | | | 6 | | | | 5 |
| | | 3 | | | | | 6 | |

ဆုဒိုခုအဖြေလွှာများကို **အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီမှ တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီအထိ** နောက်ဆုံးထားပြီး **NetGuide ဂျာနယ်**တိုက်သို့ ပေးပို့ပေးရပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်းရှိပါက ကုမ္ပဏီများမှပေးအပ်ထားသော အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက်ပိုပါက ၃ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် ''၁'' မှ ''၉'' အထိ ဂဏန်း ၉ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။

၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်း ထည့်သွားရပါမည်။

၃။ အကွက် ၉ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၉ လုံးကို မထပ်အောင် ထည့်ရပါမည်။

၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။

၅။ **SUDOKU ဂျာနယ်မေးခွန်းစာရွက်ဖြင့်သာ ဖြေဆိုရမည်ဖြစ်ပြီး မိတ္တူ (သို့) အီးမေးလ်ဖြင့် ပေးပို့ခြင်းသည်းခံပါ။**

အမည် ..........................................................................

နေရပ်လိပ်စာ ..........................................................................

..........................................................................

မှတ်ပုံတင်နံပါတ် ..........................................................................

ဖုန်းနံပါတ် ..........................................................................

အီးမေးလ် ..........................................................................

**NetGuide IT, Electronic & Communication Journal**
**အမှတ် ၉၆၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

acer | Access Spectrum | AOpen | ASUS | brother at your side | CLiPtec | Ansus | lenovo
GANDAMAR | GIGABYTE | eset | IDEA LINK | InFocus Bright Ideas Made Brilliant | KING POWER | KSW | SONICGEAR
Lin Thuzar | ELECOM | ViewSonic | New Place Console Game Sales & Service | ASRock | CyberPower | POWERLOGIC | PISEN
TOSHIBA | TP-LINK | 1.2.3 it | anitech アニテック

## NetGuide ဆုဒိုခု အမှတ်စဉ် (၂၃၃) အဖြေမှန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1 | 8 | 6 | 9 | 4 | 2 | 7 | 5 | 3 |
| 9 | 4 | 2 | 3 | 7 | 5 | 1 | 8 | 6 |
| 5 | 3 | 7 | 6 | 1 | 8 | 4 | 2 | 9 |
| 2 | 7 | 4 | 8 | 6 | 3 | 9 | 1 | 5 |
| 8 | 5 | 3 | 1 | 9 | 4 | 6 | 7 | 2 |
| 6 | 1 | 9 | 5 | 2 | 7 | 3 | 4 | 8 |
| 4 | 9 | 1 | 2 | 5 | 6 | 8 | 3 | 7 |
| 3 | 6 | 5 | 7 | 8 | 1 | 2 | 9 | 4 |
| 7 | 2 | 8 | 4 | 3 | 9 | 5 | 6 | 1 |

## NetGuide ဆုဒိုခုပြိုင်ပွဲ ပွဲစဉ် (၂၃၃) ဆုရရှိသူများ

| | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
|---|---|---|---|
| ၁။ | ကိုအောင်စောသောင်း | ၈/မကန (နိုင်) ၀၀၁၄၉၅ | အခန်း ၃၆၊ တိုက် G, အောင်သပြေရဲရိပ်သာ၊ ၄ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ |
| ၂။ | ခိုင်မွန်ရည် | ၁၂/ကတတ (နိုင်) ၀၃၂၂၂၇ | ၃၆၊ ၈၉ လမ်း၊ ကန်တော်ကလေး။ |
| ၃။ | မကေခိုင်ဝင်း | ၁၂/ဒဂန (နိုင်) ၀၃၄၈၈၄ | အမှတ် ၂၁၈၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |

Url : www.cyberplus-mm.com
Yangon Office :
No.(34), 2nd Street,
Lanmadaw Township,
Yangon, Myanmar.
Phone : 01-227593,
Mobile : 09-730-56483
Mobile : 09-32142528
Mandalay Office :
No.(64), 27th Street,
Between 74th 75th Street,
Chanayetharzan Township,
Mandalay, Myanmar.
Mobile : 09-910-16645
Mobile : 09-797185850
Mobile Battery
100% Charges
Product Awards
No.1 share in JAPAN ELECOM
BCN AWARD 2013 Top Prize
GOOD DESIGN
iF
မန္တလေး
I-Trend 09-2054744
My Com 02-69309
K S W 09-450062616
Aung 09-5211562
Alpha7 09-91052363
Rainbow Mobile 09-91009700
AnyCall Mobile 02-68886
Mobile Mall 09-43011000
Technoland (Ocean) 09-91024819
Queen Mobile 09-2053305
Neo-Tech 09-5043120
Technoland 09-91024819
Wai Yan 09-259280084
77 Mobile 09-31492314
81 Mobile
Myo Thit Mobile 09-256114575
Olympic Mobile
ငွေကြယ် 09-2003567
နေပြည်တော်
Technoland 067-417621
Smart 067-21276
Linn Computer 09-49200884
* Import from Japan

◀ စာမျက်နှာ အချပ်ပို (N) မှအဆက်

# MEDICAL TECH

## Artificial Pancreas



ဆီးချိုနံပါတ် ၁ အမျိုးအစားရှိသူတွေဟာ သူတို့ရဲ့ဂလူးကို့စ် level ကိုအမြဲစစ်ဆေးနေရပြီး insulin ထိုးနေရတတ်ပါတယ်။ ဒါပေမဲ့ ဆေးပမာဏမတိကျတာ၊ အင်ကြောက်တာနဲ့ insulin ကို ခံနိုင်ရည်ရှိလာတာတွေကြောင့် ထိရောက်မှုကိုလျော့ကျစေပြီး နောက်ဆက်တွဲ ဆိုးကျိုးတွေအနေနဲ့ မျက်စိကွယ်တာ၊ ကျောက်ကပ်ပျက်ဆီးတာ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်း စတာတွေဖြစ်နိုင်ပါတယ်။ ဒီပန်ကရိယ အတုကိုတော့ Imperial College London ကတီထွင်ခဲ့ပြီး ဂလူးကို့စ်ကို အမြဲစစ်ဆေးကာ insulin ကို ၅ မိနစ် ၁ ခါထုတ်လုပ်ပေးပါတယ်။ ၂၀၁၅ မှာ စတင်စမ်းသပ်ပါလိမ့်မယ်။

ဂလူးကို့စ် sensor ကို အရေပြားမှာ ကပ်ထားပြီးဒီစက်ဟာ အိတ်ကပ်ထဲမှာ ထည့်ထားနိုင်အောင်သေးငယ်ပါတယ်။



## Robotic Probes



ဒီ probes ၂ ခုကို London King College ရဲ့ Medical Engineering Centre က ဖန်တီးခဲ့ပြီး arrhythmia (သို့) ပုံမမှန်တဲ့ နှလုံးခုန်ခြင်းကို ကုသပေးနိုင်ပါတယ်။ ဒီရောဂါကို UK မှာ လူတစ်သန်းအထက် ကြုံတွေ့နေရပြီး သေနိုင်တဲ့ရောဂါဖြစ်ပါတယ်။ ဒီ probes ကြောင့် ကုသစရိတ်သက်သာစေပြီး မြန်ဆန်မှုလည်းရှိပါတယ်။ အပေါ်က probe ကိုတော့ သွေးကြောကတစ်ဆင့် နှလုံးထဲကိုထည့်ရမှာဖြစ်ပြီး အောက်ဘက်က probe ကတော့ Ultrasound ပါဝင်ကာ လည်ချောင်းအစာမျိုပြွန်မှတစ်ဆင့် နှလုံးကိုမြင်ရစေမှာဖြစ်ပါတယ်။ ၂၀၁၅ မှာလူတွေနဲ့ စတင်စမ်းသပ်ပါလိမ့်မယ်။

ဒီ catheter ဟာ ရေဒီယိုလှိုင်းကိုသုံးပြီး ပုံမှန်မဟုတ်တဲ့ နှလုံးတစ်သျှူးတွေကိုလောင်ကျွမ်းစေပါတယ်။



ဒီ probe ကတော့ catheter နဲ့ပူးပေါင်းပြီး အလိုအလျောက်အလုပ်လုပ်နိုင်စွမ်းရှိပါတယ်။

## Instant HIV Test

SAMBA II ဟာ သုံးစွဲရလွယ်ကူတဲ့ HIV စစ်ဆေးစက်တစ်ခုဖြစ်ပါတယ်။ လက်ရှိမှာသွေးကို ဓာတ်ခွဲခန်းဆီပို့နေရပြီး အဖြေရဖို့ ရက်သတ္တပတ်များစွာကြာနိုင်ပါတယ်။ SAMBA II ကတော့ ရောဂါကို ၂ နာရီအတွင်းစစ်ဆေးပေးနိုင်ပြီး Cambridge University ရဲ့ Diagnostics Development Unit က ဖန်တီးခဲ့တာဖြစ်ပြီး ၂၀၁၅ မှာ ဇင်ဘာဘွေ၊ ယူဂန်ဒါ၊ ကင်ညာနဲ့ မာကာဝီတို့မှာ စတင်စမ်းသပ်ပါလိမ့်မယ်။



SAMBA II ဟာ (30 x 40 x 50) cm အရွယ်အစားသာရှိပြီး 9.9 kg သာလေးပါတယ်။

## Man-Made Cells

တစ်နှစ်ကို သွေးနီဥပေါင်း သန်း ၉၀ ထိသွင်းယူကုသနေကြပေမယ့် သွေးဟာ ပေါပေါများများရနိုင်တဲ့အရာမဟုတ်ပါဘူး။ လူရဲ့ Stem Cells ကိုသုံးပြီး သွေးဆဲလ်တွေထုတ်လုပ်ခြင်းဟာ ဒီပြဿနာကို ဖြေရှင်းနိုင်ပါတယ်။ ဆဲလ်တွေကို ဘယ်သွေးအမျိုးအစားမဆိုထုတ်လုပ်နိုင်မှာဖြစ်ပြီး ပုံမှန်သွင်းယူတဲ့ဆဲလ်ထက်လည်းကောင်းမွန်ပါလိမ့်မယ်။ ၂၀၁၅ မှာ စတင်စမ်းသပ်ထုတ်လုပ်ဖို့ရှိနေပြီး ၂၀၁၆ မှာ စတင်စမ်းသပ်ကုသနိုင်မှာဖြစ်ပါတယ်။

Biochemical နည်းအရဓာတ်ခွဲခန်းထဲမှာ Stem Cells တွေကို သွေးနီဥအဖြစ်ပြောင်းလဲနိုင်ပါတယ်။




PISEN
FOR YOUR SMART LIFE
100%
1 Year Warranty
PISEN®
PORTABLE POWER 10000MAH
PORTABLE MOBILE POWER
5V - 2A indicator light
5V - 1A indicator light
LED indicator light
PISEN
Portable Power
output
input
10000mAh
USB Output
Micro USB Input
For Smart Device
TS-D182
Input : Micro USB 5V = 2A
Output : USB SV = 1A / 2A
Battery Capacity : 2000mAh x 5
Size : 137 x 61 x 22.6 mm Weight : 270g
Packing quantity : 10PCS/ctn(in),20PCS/ctn(out)
Measurement : 32.5 x 21.5 x 25.5 cm
Weight (ctn) : 6.58kg
Fast
Intelligent Protection System
Smart IC
1A/2A intelligent identification
High Quality Battery
Large Capacity
No. 641, Between 21th & 22th Street, Maharbandula Road, Latha Township, Yangon. Myanmar. Ph : 01-245945, 09-253684730


TTN
MOBILE SALES & SERVICE
No.188, Bet 13rd & 14th, Anawrahtar Road Lanmadaw Township. Yangon
Tel: 09421152251, 09450051148. facebook: www.facebook.com/ttnmobile
အရည်အသွေးမှန်၊ ဈေးနှုန်းမှန်သော နောက်ဆုံးပေါ် မိုဘိုင်းဖုန်းမျိုးစုံနှင့်
ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
All Phone Guarantee For Brand New and Official Unlock
2015
NEW YEAR
SPECIAL SALES
iPhone6 Plus (64GB) 1,040,000/-
iPhone6 Plus (16GB) 840,000/-
iPhone6 (128GB) 1,050,000/-
iPhone6 (64GB) 920,000/-
iPhone6 (16GB) 799,000/-
iPhone5S (16GB) 589,000/-
iPhone5 (16GB) 439,000/-
iPad Air2 Wifi (64GB) 665,000/-
iPad Air2 4G Wifi (64GB) 765,000/-
iPad mini3 4G Wifi (64GB) 685,000/-
Samsung Note4 699,000/-
Samsung Note3 475,000/-
Samsung S4 Black Edition 335,000
Samsung Grand2 dual Sim 235,000
Samsung Tab3 Lite Tablet 125,000
OPPO Find 7a Free:ooredoo SIM and 10000 Prepaid 429,000/-
OPPO N1 Mini Free:ooredoo SIM and 10000 Prepaid 369,000/-
OPPO R1 Free:ooredoo SIM and 10000 Prepaid 299,000/-
OPPO NEO 3 Free:ooredoo SIM and 5000 Prepaid 149,000/-
OPPO JOY Free:ooredoo SIM and 5000 Prepaid 99,000/-
SPECIAL
official
1 YEARS
SAMSUNG
oppo
HUAWEI
After Sales & Service
တစ်နှစ်အတွင်း ဖုန်းများအားလုံးအတွက် application,Game ထည့်သွင်းပေးခြင်း၊ မြန်မာစာစနစ်ထည့်သွင်းပေးခြင်း၊ OS Version မြှင့်ခြင်း အစရှိသော ဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်ပေးနေပါသည်။Apple Customer များအတွက်လည်း apple ID, apple License Application, iOS မြှင့်ခြင်း၊ Jailbreak ပြုလုပ်ခြင်း၊ မြန်မာစာ Font ထည့်သွင်းခြင်းများကို အခမဲ့ ဆောင်ရွက်ပေးနေပါသည်။

# MOBILE DOCTOR

Mobile Doctor

Training & Service Centre

MOBILE DOCTOR TRAINING & SERVICE CENTRE မှဖွင့်လှစ်သင်ကြားမည့်
မိုဘိုင်းဖုန်း ပြုပြင်ခြင်းဆိုင်ရာ သင်တန်း

## HARDWARE COURSES

- Electronic အခြေခံပစ္စည်းများ၏ အလုပ်လုပ်ပုံများ။
- Integrated Circuit (IC) များ၏ အလုပ်လုပ်ပုံများနှင့် အခြေခံသဘောတရားများ။
- မီတာ တိုင်းတာနည်းများနှင့် ပြစ်ချက်များ ရှာဖွေနည်းများ။
- Schematic Diagram နှင့် Component Diagram များကို လွယ်ကူလျင်မြန်စွာ ဖတ်ရှုနည်းများနှင့် လက်တွေ့အသုံးချနည်းများ။
- No Power , Short Circuit ပြစ်ချက်များအား လွယ်ကူလျင်မြန်စွာ ဖြေရှင်းနည်းများ။
- Jumper ပြုလုပ်ရာတွင် ခက်ခဲသည့် IC ခြေထောက်အောက်မှ ကြိုးထုတ်၍ Jumper ကျော်နည်းများ။
- ဖြုတ်/တပ် ပြုလုပ်ရာတွင် အလွယ်တကူပျက်စီးနိုင်သော ကော်ပါသည့် Socket များ၊ Connector များကိုမပျက်စီးစေဘဲ လွယ်ကူစွာ ဖြုတ်/တပ် ပြုလုပ်နိုင်မည့် နည်းလမ်းများ။
- ခဲပြန်ဖော်ရန်ခက်ခဲသည့် မည်သည့် IC, CPU အမျိုးအစားများမဆို လွယ်ကူလျင်မြန်စွာ ခဲပြန်ဖော်နိုင်မည့် နည်းလမ်းများ။
- မည်သည့် IC, CPU အမျိုးအစားများမဆို BGA စက်၊ Inferred Gun များအသုံးမပြုဘဲ အပျက်အဆီးမရှိ ကျွမ်းကျင်ပိုင်နိုင်စွာ ဖြုတ်/တပ် ပြုလုပ်နိုင်မည့် နည်းလမ်းများ။

ညနေပိုင်းသင်တန်း
၃း၀၀ မှ ၅း၀၀ နာရီ
သင်တန်းစတင်လက်ခံနေပါသည်။

Special Promotion
Hardware + Software
500,000 Ks

Hardware နှင့် Software Courses များအတွက် လိုအပ်သည့် Tools Box များကို လက်တွေ့အသုံးချတတ်စေရန်နှင့် အထောက်အကူပြုပစ္စည်းများ စုံလင်စွာဖြင့် သင်ကြားပေးသွားပါမည်။

## SOFTWARE COURSES

### Android OS

(Samsung, HTC, Sony, Huawei, Coolpad, MI, ..etc)

- Introduction of Android OS
- Firmware Upgrading & Downgrading
- Rooting & Myanmar Font Installation
- Making Insecure Boot
- ADB & Fastboot Command Guide
- Backup / Restore
- Bootloader Unlock/relock
- Network Unlocking
- IMEI Repairing
- S-On / S-Off
- Deadboot Repairing

### Apple iOS

- Introduction of IOS
- Firmware Upgrading & Downgrading
- Create Apple ID
- Jailbreaking & Myanmar font Installation
- Cydia Sources Installation
- Data အပျက်အစီးမရှိဘဲ iPhone 4,4s,5,5s များ၏ Passcode & Disable ကျော်ဖြတ်နည်းများ

| Time (1) | Mon to Fri |
|---|---|
| စာသင်ချိန် | - 9:00 AM to 11:00 AM |
| လက်တွေ့ချိန် | - 11:00 AM to 1:00 PM |

| Time (2) | Mon to Fri |
|---|---|
| စာသင်ချိန် | - 12:00 PM to 2:00 PM |
| လက်တွေ့ချိန် | - 2:00 PM to 4:00 PM |

| Time (3) | Mon to Fri |
|---|---|
| စာသင်ချိန် | - 3:00 PM to 5:00 PM |
| လက်တွေ့ချိန် | - 5:00 PM to 7:00 PM |

သင်တန်းကာလ - (၂)လ

နယ်သမားများအတွက် အဆောင်စီစဉ်ပေးပါမည်။

သင်တန်းချိန် (၁)ချိန်လျှင် သင်တန်းသားဦးရေ (၁၅)ဦးသာ လက်ခံသင်ကြားသွားပါမည်။

အမှတ်(၅၄)၊ ၄လွှာ၊ စံရိပ်ငြိမ်(၄)လမ်းထိပ်၊ အင်းစိန်လမ်းမ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Ph:09795402260, 09450009877, 09795402270
အမှတ်(၉၆)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်။
Ph:09421068655, 095406107, 0973052287



# SIMILAR MOBILE

KN MS

MERRY CHRISTMAS & HAPPY NEWYEAR

## Special Promotion

Special Promotion ကာလ
(၂၅.၁၂.၂၀၁၄)မှ(၁.၁.၂၀၁၅)ရက်နေ့အထိ

HandSet တစ်လုံးဝယ်သူတိုင်း နာရီတစ်လုံးလက်ဆောင်ပေးမည်။

Accessories တစ်သောင်းဖိုးဝယ်ယူသူတိုင်း ငွေသား(၂၀၀၀) ချက်ချင်းလက်ငင်းပေးမည်။




## SOFTWARE OR HEARDWARE

### iPhone

i Phone iOs version မြှင့်ပေးခြင်း i Phone Jailbreak လုပ်ပေးခြင်း
i Os Application နှင့် Game များသွင်းပေးခြင်း i Phone Passcode, Networklock, User Lock ဖြည့်ပေးခြင်း

### Andriod Phone

Sudden dead (Boot) သေ၍ Power မလာသောဖုန်းများကို Power ပြန်နိုးပေးခြင်း
Bootloader unlock ပြုလုပ်ပေးခြင်း IMEI ပျောက်၍လိုင်းမထွက်သောဖုန်းများကို IMEI ပြန်ထည့်ပေးခြင်း
Network Lock, Region Lock,User Lock ကျနေသောဖုန်းများကို ဖြည့်ပေးခြင်း
Samsung, Sony, HTC, LG, Huawei, Root ဖောက်ပေးခြင်း
Android ဖုန်းများကို Version မြှင့်ပေးခြင်း၊ Firmware ရေးပေးခြင်း
Myanmar Font အမှန်သွင်းပေးခြင်း။

အမှတ် - ၂၂၄၊ ၃၁ - လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း - ၀၁ ၂၅၃၉၉၀၊ ၃၇၃၃၄၈


F@X COMPUTER
SALES & SERVICE
Laptop Internal Battery များကို အရည်အသွေးမှန်ကန်
ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ပါသည် ...
hp ProBook 4520s
Core i3 2.27 GHz
2 GB - DDR 3
500 GB - Sata
DVD - RW
15.6" LED
339000.
DELL Latitude E6500
Core2Duo 2.53 GHz
2 GB - DDR 2
160 GB - Sata
DVD - RW
15.4" LED
229000.
TECLAST G18 mini
Quad Core 1.2 GHz
Android 4.2.2
1 GB
16 GB
7.9"
Laptop & Mobile Accessories
Spy Watch
3G Wi-fi Router
Voice Recorder
OBDII Code Reader
Cree LED Torch Light
Engineering & Electrical Instruments
F@X SKT (1) : No.208 (A), Seikkanthar St., Kyauktada Tsp.,YANGON. Ph : 380 988, 09 730 138 36.
F@X SKT (2) : No.208 (B), Seikkanthar St., Kyauktada Tsp.,YANGON. Ph : 252 627, 09 731 627 92.
F@X MDY : No.(B4-9), Yadanar St.,(32x33 & 77x78),MANDALAY. Ph : 02 693 89, 09 910 392 06.
E-mail : kacfax@gmail.com, kacfax@mail2world.com


Hisense
life reimagined
. Ranked No.1 for Customer Satisfaction in Australia
. Won National Quality Award twice in China
. Honoured of Value Innovation Award
Sein Wut Hmon Co., Ltd. Yangon : 01 - 227 930, 212 134 Mandalay : 02 - 9100 1130, 02 - 69657 Fax : 02-394 46 Pyay : 053 - 258 19 Pathein : 042 - 256 72
Mawlamyine : 09 - 8720 818, 057 - 278 58 Lashio : 082 - 238 79 New Outlet : No.26, Than Lwin St, Bahan TSP, Yangon. Tel : 09 44853 4898, 01-524557
အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


AMAZING
ဟမ်းဆက်နှင့် အပိုပစ္စည်းအမျိုးမျိုး ဖြန့်ချီရေး
Handset ဝယ်ယူလျှင် ချက်ချင်းလက်ငင်းလက်ဆောင်ပစ္စည်းရယူနိုင်မည့်အခွင့်အရေး
ထီး။ Sim Card, Top-up Card, Screen Guard, Phone Stand, Game & Application
2015 နှစ်သစ်တွင် လူကြီးမင်းအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍
ထာဝရပျော်ရွှင်စေရန် MOBILE AMAZING မိသားစုမှ
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ရုံးချုပ် အမှတ် (၃၀)၊ မြေညီထပ်၊ သမိန်ဗရမ်းလမ်း၊ (တာမွေဗလီနှင့်အသောကမှတ်တိုင်ကြား)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ - 09 516 4374
- 09 730 41004, 09 730 69072, 09 730 88245, 09 4210 59777, 09 4210 51777
- 09 4210 51786, 09 4210 51788, 09 4210 59788, 09 4210 59922
ဆိုင်ခွဲ အမှတ် (၂၅၄)၊ မြေညီထပ်၊ လမ်း-၄၀ (အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- 09 431 41004, 09 731 43348, 09 315 75521, 09 790 141508
www.mobileamazing.com : mobileamazing@gmail.com : mobileamazing


SUMO
Uninterruptible Power Supply
၁နှစ်အတွင်းဘယ်လိုအကြောင်းကြောင့်
ပျက်ပျက်ခြွင်းချက်မရှိအသစ်ပြန်လဲပေးမည်
ON/OFF
NORMAL
BACKUP
650W
SUMO
Powr Supply
650 (W)
Powr Supply
550 (W)
Battery
12V-(8.5Ah)
Z.E.N Authorized Sole Distributor
Zillion Earnest Nation Company Limited
No.(99), 37th Street (Lower Block), Kyauktada Township, Yangon, Myanmar.
Ph : 09 - 73222064 , 09 - 250551133










NetGuide တွင် ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း-၂၂၄၇၁၁၊ ၀၉-၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။




ဖုန်းထဲမှာ ပုတက်ဖတ်ပြီး Honda Insight တစ်စီး ကံစမ်းနိုင်ပါပြီ
ပုတက် KING
Putet Mobile Application ကို သုံးလို့အဆင်ပြေအောင် ကြိုးစား ပြင်ဆင်ထားပါပြီ။ သုံးဖူးလို့ အဆင်မပြေခဲ့ရင်လည်း ပြန်သုံးကြည့်ပေးပါခင်ဗျာ။ အစပိုင်း နည်းပညာအဆင်မပြေမှုများကို သည်းခံ ခွင့်လွှတ်ပေးကြတဲ့ အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။
အခု Putet အသစ်မှာ တွတ်ပီ၊ သမိန်ပေါသွပ်၊ ဝိဇ္ဇာ နဲ့ ဒီရဲဂျာစတဲ့ လုံးချင်းရုပ်ပြတွေ၊ ပုတက် ဂျာနယ် အပြင် တတိုင်းမွှေးအပတ်စဉ်မှာပါတဲ့ ကာတွန်းတွေလည်းဖတ်နိုင်ပါပြီ။ ဗဟုသုတ၊ ဟာသ၊ ဗေဒင်တွေ ပါဝင်ပါတယ်။ ဇာတ်တော်တွေ အားလုံး အခမဲ့ ဖတ်နိုင်ပါတယ်။ နေ့စဉ်လည်း အသစ်တင်ပါတယ်။
Member ဝင်ဖို့ဆိုရင် တစ်လ ၄၉၅ကျပ် ဖုန်းထဲက ပဲဖြတ်ပါတယ်။ လောလောဆယ် MPT နဲ့ပဲ ကုဒ် တောင်းလို့ရပါတယ်။ MPT နဲ့ တောင်းပြီး တခြားဖုန်းတွေနဲ့ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ MPT ကနေပဲ လစဉ် ၄၉၅ကျပ် ဖြတ်သွားပါလိမ့်မယ်။ iPhone, iPad တွေနဲ့ ဖတ်ဖို့ Apple AppStore ကနေ Download ဆွဲသုံးနိုင်ပါတယ်။ Android အတွက် MoboGenie မှာ ရနိုင်ပါတယ်။
၂၀၁၅၊ ဖေဖော်ဝါရီ (၁၃)ရက် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မှာ Member ဝင်သုံးပြီး Score ၁၀၀၀ ကျော်တဲ့ သူတွေကို 2009 Honda Insight ကားတစ်စီး ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ မဲဖောက် ပေးမှာဖြစ်တဲ့ အတွက် စမ်းသုံးကြည့်ပေးကြပါဦးခင်ဗျာ။
အခုပဲ အခမဲ့ စမ်းသုံးကြည့်လိုက်ပါ။
www.putet.com.mm မှာ
Application ကို Download ရယူပါ။
Hotline: 09450056130

# Phone News

## Apple, Microsoft, Sony တို့မှ စမတ်ဖုန်း မူပိုင်ခွင့်များကို ဒေါ်လာသန်း 900 ဖြင့်ရောင်းချ



နည်းပညာကုမ္ပဏီကြီးများသည် ၎င်းတို့ပိုင်ဆိုင်ထားသော နည်းပညာမူပိုင်ခွင့်များကိုရောင်းချပေးခြင်းဖြင့် Android ဖုန်းထုတ်လုပ်သူများနှင့် ပြိုင်ဘက်များကြားတွင် ဖြစ်ပွားလျက်ရှိသော မူပိုင်ခွင့်တိုက်ပွဲအား အဆုံးသတ်စေခဲ့ပြီဟု ယူဆနိုင်သည်။ Apple နှင့် အခြားသောကုမ္ပဏီကြီးများ ဦးဆောင်သော Rockstar များသည် စမတ်ဖုန်းမူပိုင်ခွင့် 4000 အား ဒေါ်လာသန်း 900 ဖြင့် အချက်အလက်များ ပြန်လည်ဖြန့်ချိပေးသောကြားခံ Clearing house အဖွဲ့ RPX Corp ထံရောင်းချကာမူပိုင်ခွင့်ပိုင်ရှင်အားပြောင်းလဲစေခဲ့ပြီး တရားရုံး၌ရင်ဆိုင်ရမှုများကို နောက်ချန်ထားရစ်ခဲ့ရန် ကြိုးစားခဲ့ကြသည်။ Apple, Microsoft, BlackBerry, Ericsson နှင့် Sony တို့သည် လွန်ခဲ့သော လေးနှစ်ကျော်က ဒေါ်လာသန်း 4500 ဖြင့် ဝယ်ယူခဲ့သော မူပိုင်ခွင့်များကို ကြားခံအဖွဲ့ဖြစ်သော ဆန်ဖရန်စစ္စကိုအခြေစိုက် RPX Corp သို့ ရောင်းချခဲ့သည်။ RDX မှ မူပိုင်ခွင့်လိုင်စင်များကို Google, Cisco အပါအဝင်နည်းပညာကုမ္ပဏီ 30 ကျော်သို့ချထားပေးရန်စီစဉ်နေကြောင်း သတင်းများအရသိရှိရသည်။ ထိုသို့သဘောတူညီချက်သည် တရားစွဲဆိုမှုများကို အဆုံးသတ်စေမည်ဖြစ်ပြီး အခြေခံကျသောစမတ်ဖုန်းနည်းပညာများဖြစ်သည့် documents များကြည့်ရှုခြင်း၊ data networking နှင့် internet access စသည့်မူပိုင်ခွင့်များပါဝင်ခဲ့သည်။ ဤလုပ်ရှားမှုသည် နည်းပညာကုမ္ပဏီကြီးများမှကုန်ကျစရိတ်များပြားသော တရားစွဲဆိုခြင်းကိုရှောင်ရှားလိုကြောင်း ပြသခြင်းလည်းဖြစ်သည်။ Rockstar အား 2011 တွင် Apple, BlackBerry, Ericsson, Microsoft နှင့် Sony တို့ပူးပေါင်းကာဖွဲ့စည်းခဲ့ပြီး ဒေဝါလီခံခဲ့ရသောဆက်သွယ်ရေးကုမ္ပဏီ Nortel ထံမှမူပိုင်ခွင့်များကို Google အားကျော်လွန်၍ ဝယ်ယူနိုင်ခဲ့သည်။ RPX အား မူပိုင်ခွင့်ရောင်းချပြီးနောက် Rockstar သည် Samsung, LG နှင့် HTC တို့အား တရားစွဲဆိုမှုများကို ရပ်ဆိုင်းရန်သဘောတူညီခဲ့သည်။

## Samsung မှ Galaxy Tab 5 ကို ပြင်ဆင်လျက်ရှိ




သတင်းများအရ Samsung သည် 10 လက်မ display ပါဝင်သော Galaxy Tab 5 ကို ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ Tablet ထုတ်လုပ်သူများသည် ကြီးမားသော Screen ပါဝင်ခြင်းဆီသို့ ဦးတည်နေကြပြီး ပြိုင်ဘက်ဖြစ်သော Apple မှလည်း 12 လက်မ display ရှိ iPad Pro အားထုတ်လုပ်ရန်ပြင်ဆင်နေသည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။Sony မှလည်း12 လက်မTablet အားပြင်ဆင်နေသည်ဟု ယုံကြည်ရသည်။Samsung ၏ Galaxy Tab 5 နှင့် ပတ်သက်သောအချက်အလက်များကိုအိန္ဒိယပို့ကုန်၊သွင်းကုန်အားခြေရာခံလျက်ရှိသည့် Zauba website မှထွက်ပေါ်လာခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၂ ရက်က Samsung သည် SM - T555 tablet အားတင်သွင်းကာသုတေသနပြုလုပ်ခဲ့ပြီး ရောင်းချရန်ပစ္စည်းမဟုတ်ခဲ့ပေ။ ထို tablet သည် ဒေါ်လာ 354 ဝန်းကျင်ကျသင့်ခဲ့သည်။နောက်ရက်တွင်SM - T 116 tablet အားအိန္ဒိယသို့ ထပ်မံတင်သွင်းစမ်းသပ်ခဲ့ပြီး7 လက်မTablet အားစမ်းသပ်မှုအပြီး၌ဖျက်ဆီးခဲ့ကာ တစ်ခုလျှင်ဒေါ်လာ100 တန်tablet 30 ပါဝင်ခဲ့သည်။ထိုdevice များကို သိရှိရန်အကောင်းဆုံးနည်းလမ်းမှာmodel နံပါတ်များပင်ဖြစ်ပြီး2014 မေတွင် ထုတ်လုပ်ခဲ့သောGalaxy Tab 4 10.1 ၏model နံပါတ်မှာSM - T530 (wifi) SM - T531 (3G + Wifi) နှင့်SM-T535 (3G,4G+Wifi) တို့ဖြစ်ကြသည်။SM - T555 မှာ Galaxy Tab 5 10.1 ဖြစ်နိုင်ပြီး Android 5.0 နှင့် 64 bit Snapdragon 410 processor ပါဝင်ဖွယ်ရှိပြီး 2015 မေ (သို့) ဇွန်လတွင်မြင်တွေ့ရနိုင်သည်။

## Apple မှ 4 လက်မ iPhone နှင့် 12.9 လက်မ iPad တို့အားထုတ်လုပ်ရန်ရှိ



Apple သည် 4.7 လက်မ iPhone6 နှင့် 5.5 လက်မ iPhone 6 Plus တို့အား ထုတ်လုပ်ခဲ့သော်လည်း မူလပုံစံ 4 လက်မ iPhone ကို နှစ်သက်သူများအတွက်မူ ကသိကအောင့်ဖြစ်စေခဲ့သည်။ ထိုသူများအတွက် ဝမ်းသာ စရာသတင်းတစ်ခုမှာ မူလလက်ဟောင်းပုံစံ 4 လက်မ၊ iPhone အား Apple မှ 2015 တွင် ထုတ်လုပ်ရန်စီစဉ်နေခြင်းဖြစ်သည်။ Apple သည် 'iPhone 6 S mini' အား ထုတ်လုပ်နိုင်ဖွယ်ရှိနေပြီး စွမ်းဆောင်ရည်အရ iPhone 5S နှင့်ဆင်တူကာ ဒီဇိုင်းအရမူ iPhone 6 ပုံစံဖြစ်မည်ဟုဆိုထားသည်။ ဒီ device သည် ထွက်ရှိလာခဲ့ပါက Apple ၏ တန်ဖိုးနည်းဖုန်း iPhone 5C နေရာတွင် အစားထိုးမည်ဖြစ်သည်။

ယခုအချိန်တွင် chip ထုတ်လုပ်သော Qualcomm နှင့်လည်း ဈေးနှုန်းကိစ္စကို ဆွေးနွေးလျက်ရှိကြောင်း သတင်းများကဖော်ပြခဲ့သည်။ သုံးစွဲသူများအကြိုက်လိုက်ကာ Apple သည် iPhone ၏ အရွယ်ကို တိုးမြှင့်ခဲ့သော်လည်းမူလ 4 လက်မ iPhone ကို လုံးဝရပ်တန့်ပစ်ရန် ခဲယဉ်းကြောင်းသုံးသပ်ကြသည်။ Screen သေးသဖြင့် resolution မြင့်စရာမလိုဘဲ ဈေးသက်သာနိုင်သလို 4 လက်မiPhone ကိုတောက်လျှောက်နှစ်သက်စွာ သုံးစွဲခဲ့သူများအတွက်လည်း ရွေးချယ်စရာရှိလာစေမည်ဖြစ်သည်။

ဤကိစ္စသည် Apple အတွက် ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ပစ်ရသကဲ့သို့ရှိပြီး အကျိုးအမြတ်ရနိုင်သလိုပရိသတ်များလည်း Apple ကို ဆက်လက်သုံးစွဲစေရန် စွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် Apple သည် 2015 နွေဦးရာသီအမီ 12.9 လက်မ iPad Pro ကိုလည်း ထုတ်လုပ်ရန်ရှိကြောင်းသိရပြီး ရှေးဦးစွာ 15 သန်းမှသန်း 20 ကြား တင်ပို့သွားဖွယ်ရှိသည်။

## 4GB RAM ပါဝင်သော စမတ်ဖုန်းများကို 2015 တွင်မြင်တွေ့ရနိုင်




မကြာမီတွင်ပုံမှန် Laptop တစ်လုံးကဲ့သို့ RAM ပမာဏ 4GB ထိပါဝင်သော စမတ်ဖုန်းများကို မြင်တွေ့ရတော့မည်ဖြစ်သည်။ Samsung သည် စမတ်ဖုန်းနှင့် tablet များအတွက် 4GB LPDDR4 mobile DRAM module များကို စတင်ထုတ်လုပ်နေပြီဟုကြော်ငြာခဲ့သည်။ Samsung ကုမ္ပဏီ၏ 20nm process နည်းပညာကိုသုံးထားပြီး input/output data rate မှာ 3200 Mbps (megabits persecord)ထိရှိပြီးUHD ဗီဒီယို recording playback, 20MP အထက်ကင်မရာရိုက်ကူးနိုင်မှုနှင့် LPDDR3 နှင့်ယှဉ်ပါက ပါဝါသုံးစွဲမှု 40% ထိလျော့ကျသွားကြောင်းတွေ့ရသည်။ LPDDR 4 modules အားလုံးတွင်ပါဝါသုံးစွဲမှုလျော့ချနိုင်ခဲ့ရာ 2GB နှင့် 3GB RAM များလည်း အကျုံးဝင်ခဲ့သည်။ Samsung သည် LPDDR4 RAM modules 2GB နှင့် 3GB များကို စတင်ထုတ်လုပ်ရောင်းချနေပြီဖြစ်ရာ မကြာမီ RAM memory အသစ်ပါဝင်သော စမတ်ဖုန်း၊ tablet များအား မြင်တွေ့ရဖွယ်ရှိသည်။ 4GB RAM များကိုမူ 2015 အစောပိုင်းတွင် စတင်ရောင်းချပေးနိုင်လိမ့်မည်ဟု Samsung မှမျှော်လင့်လျက်ရှိသည်။ Samsung Galaxy S6 နှင့် Galaxy Note4 တို့တွင် 4GB RAM များပါဝင်လာရန် ကိစ္စမှာလည်း ဖြစ်နိုင်ချေများသော ကိစ္စဖြစ်လာခဲ့သည်။ ထို့အပြင်20nm 8GB LP DDR4 များကိုလည်းထုတ်လုပ်ရန်စီစဉ်လျက်ရှိပြီး PC DRAMများထက်ပိုမိုမြန်ဆန်ကာUHD screen ပါဝင်သော စမတ်ဖုန်း၊ tablet များ၌ သုံးနိုင်မည်ဟု Samsung ၏ Marketing လက်ထောက်ဥက္ကဋ္ဌ Joo Sun Choi မှဆိုခဲ့သည်။ ထို့ကြောင့် 4K screen နှင့် စမတ်ဖုန်း Tablet များကို 2015 တွင်မြင်တွေ့ရဖွယ်ရှိ၊ မရှိမေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

## ပိုမိုပီပြင်လာခဲ့သော Project Ara

Google ၏ project Ara သည် လွန်ခဲ့သောလပိုင်းအတွင်း ပို၍အရှိန်ရလာခဲ့ပြီး ဆန်းသစ်သော modular စမတ်ဖုန်းစိတ်ကူးသည် ပို၍ပုံပေါ်လာခဲ့သည်။ Spiral 2 circuit board အားဒီဇိုင်းပြင်ဆင်ကာ ကြော်ငြာခဲ့ပြီး Google ATAP မှ ၎င်းတို့၏ တိုးတက်မှုအခြေအနေကို နှစ်ကုန်တွင်တင်ပြခဲ့ခြင်းဖြစ်သည်။ Google+ page တွင် ATAP မှ SoC ဒီဇိုင်းအတွက်Marvell, Nvidia တို့နှင့်ပူးပေါင်းကာ ပြင်းပြင်းထန်ထန်ကြိုးစားနေကြောင်း ဖော်ပြခဲ့သည်။ ဒီဒီဇိုင်းနှစ်ခုအားဖန်တီးလျက်ရှိပြီး PXA1928 နှင့် Tegra K1 chipset တို့အား အခြေခံထားခြင်းဖြစ်သည်။ MDK V0.20 အတွက် ၎င်း chip များအား နမူနာအဖြစ်သုံးမည်ဖြစ်သည်။ Spiral 2 board ကိုလည်း စမ်းသပ်ပုံစံ(၃)မျိုး ထိရရှိနိုင်ပြီဟု ကြော်ငြာထားသည်။ Shells နှင့် connectors များပါဝင်ပြီး နောက်ဆုံးပုံစံဒီဇိုင်းနှင့် နီးစပ်ခဲ့ကာ ဇန်နဝါရီ Developer Conference နှင့်အမီ ပြသနိုင်မည်ဟုယူဆရသည်။ Spiral 2 ဒီဇိုင်းအား အောင်မြင်ခဲ့သော်လည်း Google အဖွဲ့သည် ပိုမိုကောင်းမွန်သော Spiral 3 အားဆက်လက်ထုတ်လုပ်ဦးမည်ဖြစ်သည်။ ၎င်းတို့အားအခြေခံကာ Ara prototype နှင့်module development kit တို့အားဖန်တီးမည်ဖြစ်သည်။ Ara project သည်လက်ရှိတွင် လမ်းမှန်ပေါ်သို့ရောက်ရှိနေပုံရပြီး module development kit မှာ ပို၍ကောင်းမွန်လာရာ prototype အား 2015 အတွင်း မြင်တွေ့ရမည်ဟုမျှော်လင့်ကြသည်။



## Samsung Z1 စမတ်ဖုန်းနှင့်ပတ်သက်သောအချက်များထွက်ပေါ်




Samsung Z1 သည် Tizen OS အခြေခံသည့်စမတ်ဖုန်းတစ်လုံးဖြစ်ပြီး အချက်အလက်များပေါက်ကြားခဲ့ကာ specs နှင့် ရောင်းချမည့်ကာလတို့ပါဝင်လာခဲ့သည်။ ဖုန်း၏ဓာတ်ပုံများပါ ထပ်မံပေါက်ကြားခဲ့ပြီးနောက်တွင် Samsung သည် Z1 အား မဖြစ်မနေထုတ်လုပ်မည်ယူဆလာရသည်။ Z1 သည် budget ဖုန်းတစ်လုံးဖြစ်ပြီး 4 လက်မ display ပါဝင်ကာ 800x480 pixels resolution ရှိသည်။ dual-core 1.2 GHz processor ပါဝင်ပြီး 768MB RAM ဖြင့် ထောက်ပံ့ပေးထားသည်။ ဖုန်းတွင်းသိုလှောင်မှုမှာ 4GB ပါဝင်ပြီး micro SD ကတ်ထည့်သွင်းနိုင်ကာ 1500mAh ဘက္ထရီကိုသုံးစွဲထားသည်။ Z1 သည် dual-S1M အသုံးပြုနိုင်သော ဖုန်းတစ်လုံးဖြစ်ပြီး 3G network တွင် အသုံးပြုနိုင်ကာ Wifi b/g/n ပါဝင်ပြီး Bluetooth 4.0 GPS စသည်တို့ပါဝင်သည်။ ကျောဘက်တွင် LED flash ပါဝင်သော 3MP ကင်မရာနှင့် ရှေ့ဘက်တွင် 0.3 MP ကင်မရာပါဝင်ထားသည်။ Samsung မှ ဇန်နဝါရီ 18 တွင် ဖုန်းကိုကြော်ငြာရန် စီစဉ်နေပြီး အိန္ဒိယတွင် စတင်ရောင်းချမည်ဖြစ်သည်။ ထို့နောက်တွင်မူ တရုတ်၊ တောင်ကိုရီးယားတို့တွင် ရောင်းချမည်ဖြစ်ပြီး ဒေါ်လာ 90 အောက်သာ ဈေးနှုန်းရှိမည်ဟု ခန့်မှန်းကြသည်။



# The Major Security Report

Black Hat နဲ့ Def con hacker conferences တွေမှာ IT expert တွေဟာ ကမ္ဘာကြီးပေါ်က data system တွေကို ဘယ်လိုဖျက်ဆီးပစ်နိုင်တယ်၊ ဘယ်လို ကာကွယ်ပေးနိုင်တာဆိုတာတွေကို သရုပ်ပြခဲ့ကြတာဖြစ်ပါတယ်။ Las Vegas က စင်ပေါ်ကိုရောက်လာချိန်မှာ Jason E. Street ကို လူတိုင်းက ဝိုင်းပြီးသြဘာပေးခဲ့ကြပါတယ်။ သူ့ဘဝမှာ ဒီလောက်များတဲ့သူတွေက သူ့ကိုအခုလိုဝိုင်းပြီး ချီးကျူးကြလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ဖူးပါဘူး။ ကျောင်းမှာတုန်းကဆိုသူကလူတိုင်းရဲ့ အနိုမ်ခံဖြစ်ခဲ့တာပါ။ ဒါပေမယ့်ဒီနေ့မှာတော့ သူက hacking ကမ္ဘာမှာ နာမည်အကြီးဆုံးတွေထဲက တစ်ယောက်ဖြစ်နေပါပြီ။ သူနဲ့ သူ့မိသားစုဟာ ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်သူတွေလို့ သူကယူဆနေပါတယ်။ ဒါကြောင့် သူက သူ့မိသားစုဝင်တွေကို comrades-in-arms လို့တောင် ခေါ်နေတာပါ။ ဒီနှစ်ကျင်းပတဲ့ မိသားစုပြန်လည်တွေ့ဆုံပွဲမှာ သူတို့ပြခဲ့တဲ့ presentation တွေကို ကြည့်ခွင့်ရခဲ့တဲ့သူတွေတိုင်းက သူပြောတဲ့ ကမ္ဘာကြီးကို ပြောင်းပစ်မယ်ဆိုတဲ့စကားက မှန်တယ်ဆိုတာကို လက်ခံခဲ့ကြပါတယ်။ Blak Hat နဲ့ Def Con events တွေဟာဆိုရင် ကမ္ဘာပေါ်မှာအကြီးဆုံးသော hacker conference ကြီးတွေဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး IT security specialist တွေဟာ တစ်နေရာတည်းမှာ လာဆုံကြရင်း၊ အတိုက်အခိုက်ခံရနိုင်ချေရှိတာတွေကို လူတိုင်းရှေ့မှာထုတ်ပြခဲ့ကြတဲ့ ပွဲကြီးလည်းဖြစ်ပါတယ်။

## လုံခြုံရေး

ယိုပေါက်တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုပိုကြီးလာခဲ့ပါတယ်။ Deviant Ollam နဲ့ Howard Payne တို့ သရုပ်ပြခဲ့သလို၊ ဓါတ်လှေကားတွေရဲ့စနစ်တွေကို တိုက်ခိုက်တာတွေကို ကြည့်လိုက်တာနဲ့ လုံခြုံရေးစနစ်တွေဟာ သိသိသာသာကို အားနည်းနေတယ်ဆိုတာကို မြင်နိုင်ပါတယ်။ Maggie Jauregui ကတော့ အိမ်သုံးဖျူ့စ်တွေကို raido signal တွေသုံးပြီး အရည်ပျော်သွားအောင်လုပ်ပြခဲ့သလို Charlie Miller ကတော့ ဘယ်ကားကိုမဆို hack နိုင်တယ်ဆိုတာပြခဲ့ပါတယ်။ on-board ကွန်ပျူတာကိုပိုင်စီးပြလိုက်ပြီး လူကိုအန္တရာယ်ဖြစ်အောင် လုပ်တာတွေကိုတောင်လုပ်ပြခဲ့တာပါ။ Cesar Cerrudo ကတော့ မြို့ပြကြီးတွေမှာရှိတဲ့ လမ်းအချက်ပြမီးတွေကို ရပ်တန့်သွားအောင်လုပ်ပြခဲ့ပြန်ပါတယ်။ Karsten Nohl နဲ့ Jakob Lell တို့ကတော့ USB port တွေကို ပစ်မှတ်ထားတိုက်ခိုက်ပါတယ်။ USB flash drive ကို manipulate လုပ်ပြီး ကွန်ပျူတာတစ်လုံးလုံးကို ချုပ်ကိုင်လိုက်တာမျိုးတွေလုပ်ပြခဲ့တာပါ။ မိုဘိုင်းဖုန်းတွေဟာ လူတွေထင်ထားတာထက် လုံခြုံရေးပိုင်းမှာအားနည်းချက်တွေပိုပြီးရှိနေပြန်ပါတယ်။ Mathew Solnik နဲ့ Marc Blanchoud တို့နှစ်ယောက်ဟာ mobile OS ကို mobile service provider ရဲ့ ပုံစံမျိုးဟန်ဆောင်ပြီးတော့တိုက်ခိုက်မှုတွေလုပ်ပြခဲ့ပါတယ်။ ပွဲအပြီးမှာတော့လာကြည့်တဲ့ပရိသတ်တွေရဲ့စိတ်ထဲမှာ တစ်ခုပဲကျန်ပါတော့တယ်။ အဲဒါကတော့ ဘာတစ်ခုမှမလုံခြုံဘူးဆိုတဲ့အတွေးပါ။ ကျောင်းသားဘဝတုန်းက ဘာမှမဟုတ်ခဲ့တဲ့ Jason Street လို လူမျိုးတွေအတွက် အချက်တစ်ခုက လုံးဝကိုပြတ်ပြတ်သားသားဖြစ်သွားပါတယ်။ သူ့လိုလူမျိုးတွေဟာ ကမ္ဘာကြီးကိုကယ်လည်းကယ်တင်နိုင်တယ်၊ ပျက်ဆီးအောင်လည်း လုပ်နိုင်တယ်ဆိုတဲ့အချက်ပါ။

## နောက်ထပ်ပစ်မှတ်က ကားတွေ

လေ့လာမှုတွေအရ ၂၀၃၅ နောက်ပိုင်းထွက်လာမယ့်ကားတွေဟာ စတီယာရင်တွေပါတော့မှာမဟုတ်ပါဘူး။ ဟက်ကာတွေအတွက်တော့ ပျော်ပွဲရွှင်ပွဲကြီးတွေ့မယ့်အချိန်ပါပဲ။ Mercedes Benz ရဲ့မြောက်အမေရိက ဆိုင်ရာ Research & Development ဌာန CEO ဖြစ်သူ Johann Jungwirth အတွက်တော့ ABS၊ ASR၊ mbrace နဲ့ Distronic ဆိုတာတွေဟာ ကားတွေနဲ့ပတ်သက်တဲ့လုံခြုံရေးဆိုင်ရာကိစ္စတွေဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကားဟက်ကာတွေဖြစ်တဲ့ Charlie Miller ကတော့ ဒီထောက်ပံ့ရေးစနစ်တွေမှာပါတဲ့ access card တွေဟာ တိုက်ခိုက်မှုတွေစတင်ဖို့အတွက် အသုံးပြုနိုင်မှာဖြစ်တယ်လို့ ယုံကြည်နေပါတယ်။ Miller နဲ့ သူ့အဖွဲ့သားတွေဟာ လွန်ခဲ့တဲ့နှစ်တွေကတည်းက ကားတွေမှာရှိနေတဲ့ လုံခြုံရေးယိုပေါက်တွေကို လိုက်လံရှာဖွေနေပြီး၊ ဒီယိုပေါက်တွေဟာ ဟက်ကာတွေအနေနဲ့ ကားမှာပါတဲ့ on-board computer ကို တိုက်ရိုက်ထိန်းချုပ်နိုင်သွားစေမှာလည်းဖြစ်ပါတယ်။ ဆိုက်ဘာလူဆိုးအဖွဲ့တွေဟာ on-board computer ကို ထိန်းချုပ်နိုင်လိုက်ပြီဆိုတာနဲ့ internal auto network ထဲရောက်သွားပြီး၊ ဘရိတ်၊ စတီယာရင်စနစ်တွေထဲကို တိုက်ရိုက်ချိုးဖောက်ဝင်ရောက်နိုင်သွားမှာပါ။ ဒီလိုဆိုရင်တော့ အခြားသောလုံခြုံရေးဆိုင်ရာတွေကိုပါ သွားပြီးသက်ရောက်သွားမှာပါ။ ဒီနှစ်မှာ Las Vegas မှာ ကျင်းပခဲ့တဲ့ Black Hat Conference ပွဲမှာတော့ ပိုပြီးကြောက်စရာကောင်းတာတွေကို မြင်ခဲ့ရပါတယ်။ ခေတ်သစ်ကားတွေဟာ ကွန်ရက်ချိတ်ဆက်မှုကိုအသုံးပြုကြပါတယ်။ အဲဒါကြောင့် hack လုပ်ဖို့က ပိုလွယ်သွားတာပါ။ အနာဂတ်မှာဆိုရင် ကားတော်တော်များများမှာက pre-installed browser တွေပါဝင်လာမှာမို့ ကားမောင်းနှင်သူ၊ စီးနင်းလိုက်ပါသူတွေဟာ အင်တာနက်ကိုအသုံးပြုနိုင်ကြမှာပါ။ ဒါပေမယ့် browser တွေရဲ့ အားနည်းချက်ကိုတိုက်ခိုက်တာက အခုကတည်းကိုက နေ့စဉ်လိုလို ကြုံနေရတဲ့ကိစ္စဖြစ်နေတာပါ။ ဟက်ကာတွေအနေနဲ့ သူတို့ရဲ့တိုက်ခိုက်မှုတွေထဲမှာ ကားရဲ့အတွင်းပိုင်းလုပ်ဆောင်ချက်တွေကို ထိခိုက်စေမယ့်တိုက်ခိုက်မှုမျိုးတွေကို ထည့်သွင်းလာနိုင်ပါတယ်။ Miller အနေနဲ့ ဒီပွဲမှာလက်ရှိဈေးကွက်ထဲရနေပြီဖြစ်တဲ့ကားတွေရဲ့ hack လုပ်ယူလို့ရနိုင်မှုနဲ့ ကွန်ရက်ချိတ်ဆက်ပုံ အသေးစိတ်တွေကို ထုတ်ဖော်ခဲ့ပါတယ်။ အဲဒီကားအမျိုးအစားတွေထဲမှာ BMW တို့၊ Chrysler တို့လိုနာမည်ကြီးအမှတ်တံဆိပ်တွေတောင်မှ ပါဝင်နေပါတယ်။ ရလဒ်တွေက သွေးပျက်စရာပါ။ လက်ရှိဈေးကွက်ထဲရှိနေတဲ့ကားအများစုဟာ ဟက်ကာတွေရဲ့ တိုက်ခိုက်မှုတွေကနေတားဆီးထားမှုလုံးဝမရှိဘူးဖြစ်နေတာလည်းဖြစ်ပါတယ်။ ကားထုတ်လုပ်သူ အများစုအနေနဲ့အတွင်းပိုင်းက CAN ( Controller Area Network) ကို တားဆီးမှုတွေတော့ လုပ်ထားပါတယ်။ ဒီ network bus ဟာဆိုရင် hacking command ရောက်လာတဲ့အခါ filter လုပ်ပြီး စစ်ထုတ်ပေးဖို့ထည့်သွင်းထားတာပါ။ ဒါပေမဲ့ ဒီ gateway ကိုယ်၌ကိုယ်က မကြာခဏအားနည်းချက်တွေရှိနေတာလည်းဖြစ်ပါတယ်။ ဥပမာထုတ်လုပ်သူတစ်ယောက်ဟာ သူရဲ့ကားတွေကိုကာကွယ်ရာမှာ သီးသန့်ကွန်ယက်အမျိုးအစား ၂ ခုကို သုံးတယ်ဆိုပါတော့။ တစ်ခုက သိပ်အရေးမကြီးတာတွေကိုကာကွယ်ဖို့ နောက်တစ်ခုက ဘရိတ်စနစ်လိုမျိုး အရမ်းအရေးကြီးတာတွေကို ကာကွယ်ဖို့ဆိုပြီး ခွဲထားတယ်ပေါ့။ အရေးမကြီးတဲ့ ကွန်ရက်အတွက် ဖွင့်ပေးထားတဲ့ command တွေဟာ အရေးကြီးကွန်ရက်ထဲမှာ ဝင်အလုပ်လုပ်လို့မရအောင် တားထားပါတယ်။ gateway အနေနဲ့ ဒီလို command တွေ အလုပ်လုပ်လို့မရအောင် တားပေးဖို့မှာတာဝန်ရှိပါတယ်။ ဒါပေမဲ့ လေ့လာသူတွေအနေနဲ့ မြင်လိုက်ရတာက gateway မှာပါနေတဲ့ bug တွေဟာ ဒါကိုတိုက်ခိုက်လို့ရအောင် လမ်းဖွင့်ပေးထားသလိုဖြစ်နေပါတယ်။ တိုက်ခိုက်သူတွေက command တွေကို critical network ပေါ်ကို တင်လိုက်လို့ရနေပါတယ်။ ဒါမျိုးကိုဖြေရှင်းဖို့အတွက် တစ်ခုတည်းသော ဖြေရှင်းနည်းက firmware update လုပ်ရဖို့ပဲရှိပါတယ်။






### Update တွေလုပ်မပေးတဲ့ ကားထုတ်လုပ်သူတွေ

ထုတ်လုပ်သူအများစုအနေနဲ့ သူတို့ရဲ့ကားတွေမှာ update လုပ်ပေးမှုကို သီးခြားလုပ်ဆောင်ပေးတာမရှိပါဘူး။ ကားတွေအားလုံးကို ဝပ်ရှော့ကိုသယ်သွားပြီးမှ update လုပ်လို့ရမှာပါ။ ဒီကိစ္စက အရမ်းကိုဈေးကြီးလွန်းလို့ ထုတ်လုပ်သူတွေဘက်က bug ရှိနေလည်း ဒီအတိုင်းထားလိုက်ပြီး၊ သူတို့ bug တွေကို ဘယ်သူမှမြင်မှာမဟုတ်ဘူးလို့တွေးထားရုံပဲ တတ်နိုင်ပါတယ်။ လက်ရှိမှာတော့ over-the-air update ပေးနေတဲ့သူဆိုလို့ Tesla ပဲရှိပါတယ်။ သူ့မှာကရွေးစရာမရှိပါဘူး။ သူထုတ်တဲ့ လျှပ်စစ်ကားတွေက တစ်ခုလုံးမှာ hackable feature တွေနဲ့ချည်း ပြည့်နေတာပါ။ အဲဒီလိုနဲ့ တိုက်ခိုက်သူတွေက ကားရဲ့ on-board computer ကိုပါ ဝင်ရောက်တိုက်ခိုက်သွားနိုင်ပါတယ်။ အဲဒီအတွက် ကားရဲ့အရေးပါတဲ့အစိတ်အပိုင်းတွေဟာ အကြီးအကျယ် တိုက်ခိုက်ခံရတော့ပါလိမ့်မယ်။ ဒါကြောင့် Tesla သူ့ကားတွေမှာရှိနေတဲ့ အားနည်းချက်တွေကိုဖော်ထုတ်ပြီး patch တွေထုတ်ပေးသွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ Tesla S ပိုင်ရှင်တွေအနေနဲ့ မကြာခင်မှာ Over-the-air update တွေကိုရနိုင်တော့မှာပါ။ ဒါပေမယ့် အခြားထုတ်လုပ်သူတွေက ထုတ်ထားတဲ့ကားပိုင်ရှင်တွေကတော့ ဟက်ကာတွေလက်ထဲကို အလွယ်တကူရောက်သွားနိုင်မယ့် အားနည်းချက်တွေရှိနေတဲ့ Software အဟောင်းကြီးတွေကိုပဲ ဆက်သုံးရဖို့ရှိနေပါတယ်။ ကားမောင်းသူအများစုဟာ အခုအခါမှာ assistance systems တွေကို သုံးနေကြပြီး ဒီစနစ်တွေအားလုံးဟာ တိုက်ခိုက်ခံရမယ့်အန္တရာယ်ရှိနေတာပါ။ ကားမောင်းသူတွေရဲ့ တစ်ဝက်လောက်ဟာ parking assist systems တွေကို သုံးနေကြပါတယ်။ ဒါပေမဲ့ ဒီစနစ်တွေကို ဟက်ကာတွေအနေနဲ့ တိုက်ခိုက်မှုတွေ လုပ်နိုင်တယ်ဆိုတာကို နားလည်ထားသူက အနည်းငယ်ပဲရှိတာပါ။ တိုက်ခိုက်မှုတွေဟာဆိုရင် အရှိန်မြင့် မောင်းနေတုန်း ရုတ်တရက်ကွေ့သွားသလို အသက်အန္တရာယ်ရှိတဲ့ တိုက်ခိုက်မှုမျိုးတွေအထိဖြစ်နိုင်ပါတယ်။ အနာဂတ်ကားတွေဟာ အခုအချိန်မှာ နာမည်ကြီးနေတဲ့ Operating system တွေကိုပဲ ပြန်သုံးပါလိမ့်မယ် ... အဲဒီစနစ်တွေမှာ အားနည်းချက်တွေက အပြည့်နဲ့ပါ။ အနာဂတ်မှာ ကားတွေရဲ့ entertainmet system တွေထဲမှာ browser တွေပါလာပါတော့မယ်။ ကောင်းတဲ့အချက်ဆိုပေမယ့် ပြဿနာက browser ရဲ့ အားနည်းချက်တွေကလည်း ပေါ်လာတော့မှာပါ။ PC တို့၊ မိုဘိုင်းတို့မှာလောက်လည်း မြန်မြန်ဆန်ဆန် update လုပ်ပေးနိုင်ဖို့က မဖြစ်နိုင်သေးပါဘူး။

### နည်းပညာကို ပိုသုံးလာလေလေ၊ ပစ်မှတ်ဖြစ်နိုင်တာတွေ များလေလေပါ

BMW i8 လျှပ်စစ်ကားလို ကားမျိုးတွေဟာ ဟက်ကာတွေအတွက် တကယ်အကြိုက်တွေ့တဲ့အရာမျိုးပါပဲ။ ကားဟက်ကာတစ်ယောက်ဖြစ်တဲ့ Charlie Miller လိုလူမျိုးအဖို့၊ ဒီလိုရှုပ်ထွေးတဲ့ ထိန်းကျောင်းမှုနည်းပညာမျိုးဟာ တိုက်ခိုက်မှုတွေကို တားဆီးနိုင်တဲ့ အရည်အသွေးရှိတဲ့စနစ်မျိုး မဟုတ်ပါဘူး။







## နေရာတိုင်းရှိနေတဲ့ Malware တွေ

ဒီနေ့ခေတ်မှာတော့ ဟက်ကာတွေဟာ မီးပွိုင့်တွေ၊ အိမ်သုံးလျှပ်စစ်ဖျူစ့်တွေကိုပါသုံးပြီး တိုက်ခိုက်မှုတွေလုပ်နိုင်နေပါပြီ။ ဟက်ကာတွေအသုံးပြုနေတဲ့ gateway တွေဟာ interface ရှိတယ်ဆိုတဲ့ နေရာတိုင်းမှာပဲဖြစ်ပါတယ်။ ဘာလင်အခြေစိုက်လုံခြုံရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ Security Research Labs ရဲ့ လုံခြုံရေးဆိုင်ရာသုတေသီတွေဖြစ်ကြတဲ့ Karsten Nohl နဲ့ Jakob Lell တို့ဟာ USB port ကိုသုံးပြီး တိုက်ခိုက်မှုတွေလုပ်ပြခဲ့ပါတယ်။ Black Hat conference မှာသူတို့တစ်တွေက USB flash drive တစ်ခုကိုအသုံးပြုပြီး တိုက်ခိုက်မှုနမူနာကို လုပ်ပြခဲ့တာပါ။ ပထမဦးဆုံးအဲဒီ flash drive ကို USB keyboard ပုံစံအသွင်ယူလိုက်တယ်။ ပြီးတော့မှ data တွေကနေ command တွေကိုလုပ်ဆောင်စေတာပါ။ PC အသုံးပြုသူက ဘာဖြစ်သွားတယ်ဆိုတာကို လုံးဝမသိလိုက်ရပါဘူး။ အားလုံးဟာ background မှာပဲ တိတ်တဆိတ်အလုပ်လုပ်နေတာပါ။ ဒါပေမဲ့ ဒါကအစပဲရှိပါသေးတယ်။ keyboard-related inputs တွေကိုတိတ်တဆိတ်သွင်းယူပြီးတဲ့နောက်မှာ USB device ဟာ malware တွေကို စတင်သွင်းယူလို့ရသွားပါပြီ။ Jakob Lell ရဲ့ အဆိုအရ Antivirus တွေအနေနဲ့ ဒီလိုတိုက်ခိုက်မှုမျိုးကိုရှာမတွေ့နိုင်သလို၊ USB device ရဲ့ protected part မှာ သိမ်းထားတာဖြစ်တဲ့အတွက် သူ့ကိုဖျက်ပစ်လို့လည်းမရပါဘူး။ format လုပ်လို့လည်း ဘာမှမထူးပါဘူးလို့ သိရပါတယ်။ အခုဆိုရင်ပြဿနာက USB drive ထုတ်လုပ်သူတွေရဲ့ လက်ထဲကိုရောက်သွားပါပြီ။ သူတို့အနေနဲ့ hardware safeguard တစ်ခုထည့်ပေးပြီးတော့ USB firmware ကိုကာကွယ်ပေးရမှာပါ။ နည်းပညာပိုင်းအရ ကြည့်ရင်တော့ဒါကလုပ်ရတာလွယ်ပါတယ်။ အိမ်သုံးကွန်ပျူတာတွေမှာ အလုပ်လုပ်တာတွေရပ်ဆိုင်းသွားပြီဆိုရင် သာမန်ပြဿနာလောက်ပါပဲ၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့အဆင့်မျိုးတော့မဟုတ်သေးပါဘူး။ Cesar Cerrudo တို့လို ဟက်ကာမျိုးတွေရဲ့တိုက်ခိုက်မှုတွေမှာ ဆိုရင်လူ့အသက်တွေအများအပြားကို ခြိမ်းခြောက်နိုင်လောက်တဲ့အထိ ဖြစ်သွားနိုင်စေပါတယ်။ Conference မှာတုန်းက သူကအလိုအလျောက်အလုပ်လုပ်တဲ့ မီးပွိုင့်တွေကိုဘယ်လိုတိုက်ခိုက်ရမလဲဆိုတာကိုပြသခဲ့ပါတယ်။ အဲဒီတိုက်ခိုက်









မှုမျိုးဟာမြို့တစ်မြို့ရဲ့ယာဉ်ကြောထိန်းသိမ်းမှုလုပ်ငန်းစဉ်မှာ အစိတ်အပိုင်းကြီးကြီးမားမားကို ရပ်တန့်သွားစေပြီး ယာဉ်တိုက်မှုတွေအများအပြားကိုဖြစ်ပွားစေရမှာဖြစ်တဲ့အပြင် ဒီစနစ်ဟာလက်ရှိအချိန်မှာ USA၊ UK နဲ့ ပြင်သစ်နိုင်ငံတွေမှာ အသုံးပြုနေတဲ့စနစ်လည်းဖြစ်နေပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဒါကိုအသုံးပြုနေတဲ့နေရာပေါင်း ၂ သိန်းလောက်ရှိနေတာလည်းဖြစ်ပါတယ်။ ဒီစနစ်မှာက အစိတ်အပိုင်းသုံးခုပါဝင်ပါတယ်။ လမ်းမှာတပ်ဆင်ထားတဲ့ sensor၊ အဲဒီ sensor ကို ကြိုးမဲ့ချိတ်ဆက်ထားတဲ့ repeater၊ repeater ကနေ ထွက်လာတဲ့ဒေတာတွေကို ပြန်လည်ပေးပို့ပေးသွားမယ့် access point ဆိုပြီးသုံးခုရှိပါတယ်။ ယာဉ်ကြောတွေသိပ်ကျပ်နေချိန်မှာ မီးပွိုင့်မီးတွေအချိတ်အဆက်မိမိအလုပ်လုပ်နိုင်ဖို့နဲ့ ကားတွေရှိနေချိန်မှာ မီးစိမ်းပေးဖို့ အဓိကတာဝန်ယူပေးပါတယ်။ Cerrudo အနေနဲ့ sensor တွေအချင်းချင်းကြားမှာ ချိတ်ဆက်ထားတဲ့ radio communication ရဲ့ protocol ဟာ proprietary protocol ဖြစ်ပေမယ့် သူ့ကို encryption system နဲ့ ကာကွယ်မပေးထားပါဘူး။ Cerrudo အနေနဲ့ system မှာပါဝင်တဲ့ components တွေကိုရယူထားပြီး protocol ကို decrypted လုပ်ယူနိုင်ခဲ့ပါတယ်။ အခုဆိုရင် မီးပွိုင့်တွေအတွက် ထိန်းချုပ်တဲ့စနစ်ဆီကို သူလိုသလို command တွေလှမ်းပေးဖို့ transmitter တစ်ခုတောင်လုပ်ပြီးသွားပါပြီ။




### အိမ်သုံးလျှပ်စစ်ဖျူစ့်တွေ၊ တစ်နိုင်ငံလုံးအမှောင်ချဖို့ ခလုတ်တစ်ချက်နှိပ်ရုံပါပဲ

တကယ်လို့ Cerrudo နဲ့ Maggie Jauregui တို့နှစ်ယောက်ပေါင်းမိသွားပြီဆိုရင်တော့လမ်းတွေပေါ်မှာ ကပ်သင့်မှုတွေဖြစ်သွားစေမယ့်အပြင် ပြည်သူလူထုကြီးတစ်ရပ်လုံးကို အိမ်ထဲမှာ ဆယ်စုနှစ်နဲ့ချီပြီး ပုန်းအောင်းနေချင်စိတ်ပေါက်သွားအောင်တောင် လုပ်ယူလိုက်နိုင်ပါလိမ့်မယ်။ Maggie Jauregui ဟာ အမျိုးသမီးဟက်ကာတစ်ယောက်ဖြစ်ပြီး၊ US မှာရှိနေတဲ့ အိမ်သုံးလျှပ်စစ်ဖျူစ့်တွေကို အဝေးကနေကြိုးမဲ့စနစ်နဲ့ အရည်ပျော်သွားအောင်လုပ်နိုင်မယ့်နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီအတွက် သီးသန့် frequency ကို လိုအပ်ပြီး US မှာဆိုရင် 420 MHz ကိုသုံးရမှာပါ။ အဲဒီ frequency ကို fuse ဆီကိုချိန်ပြီး လွှတ်လိုက်မယ်ဆိုရင် radio signal တွေက fuse ကို သွားပြီးတုန်ခါစေပါမယ်။ အဲဒီလိုဆိုရင် fuse က ပုံမှန်အလုပ်လုပ်တော့မှာ မဟုတ်ပါဘူး။

### အကြီးမားဆုံး ဒေတာခိုးယူမှုဖြစ်စဉ်များ

ပြီးခဲ့တဲ့ဩဂုတ်လအတွင်းမှာ အကြီးဆုံးဒေတာခိုးယူမှုလို့ ယူဆရနိုင်တဲ့ ရာဇဝတ်မှုဖြစ်ပွားခဲ့ပြီး ဟက်ကာတွေဘက်က ကြေညာချက်အရတော့ ဒေတာပေါင်း ၁ ။ ၂ ဘီလျံလောက်ခိုးယူခဲ့တယ်လို့ ပြောထားပါတယ်။ ဒါပေမယ့် လုံခြုံရေးကျွမ်းကျင်သူတွေကတော့ ဒီပမာဏဟာ ယုံကြည်ရမှုမရှိဘူးလို့ ယူဆနေကြပါတယ်။ ဒီအောက်မှာတော့ သက်ဆိုင်ရာကုမ္ပဏီတွေဘက်ကနေသူတို့ဆီကနေ ဟက်ကာတွေဘယ်လောက်ခိုးယူသွားခဲ့ပါတယ်လို့ ဝန်ခံခဲ့ကြတာတွေကို အချိန်ကာလနဲ့ ပါဝင်မှုပမာဏကိုလိုက်ပြီးစဉ်ပေးထားတာဖြစ်ပါတယ်။ အင်တာနက်အသုံးပြုသူတွေရဲ့ အနည်းစုလောက်ကသာ လုံခြုံမှုရှိနေကြပါတယ်။ ဆာဗေးကောက်ယူမှုတွေအရ အင်တာနက်အသုံးပြုသူတွေရဲ့ သုံးပုံတစ်ပုံခန့်ကသာ သူတို့ကွန်ပျူတာတွေမှာ anti-virus software တွေကို ထည့်သွင်းအသုံးပြုကြတယ်လို့ဆိုပါတယ်။ အင်တာနက်အသုံးပြုသူတွေရဲ့ ၂၃% ကသာ အခပေးရတဲ့ anti-virus တွေကိုအသုံးပြုကြပြီး၊ အင်တာနက်ပေါ်က တိုက်ခိုက်မှုအများစုကို ကာကွယ်ထားကြပါတယ်။

### USB port မှတဆင့် တိုက်ခိုက်ခြင်း

Black Hat conference မှာ Karsten Nohl နဲ့ Jakob Lell တို့ဟာ USB device ကိုအသုံးပြုပြီးအန္တရာယ်ရှိတဲ့ software တွေကို ဘယ်လိုထည့်သွင်းနိုင်တယ်ဆိုတာကိုပြသခဲ့သလို၊ သူတို့ရဲ့တိုက်ခိုက်မှုဟာဆိုရင် anti-virus system တွေတောင် ဘာမှမတတ်နိုင်အောင် ပြင်ဆင်ထားတဲ့ တိုက်ခိုက်မှုမျိုးဖြစ်ပါတယ်။







## ငွေသားသည်သာလျှင် တကယ်လုံခြုံသည်







အွန်လိုင်းဘဏ်စနစ်ပဲသုံးသုံး၊ Electronic Cash (EC) card တွေပဲသုံးသုံး၊ ဟက်ကာတွေဟာ ပိုက်ဆံနောက်ကို အမြဲတမ်းလိုက်နေတာပါပဲ။ အွန်လိုင်းငွေပေးငွေယူကိစ္စတွေကို ကာကွယ်ပေးဖို့အတွက် mTAN ဆိုတဲ့စနစ်ကို ဘဏ်စနစ်အသုံးပြုသူတွေရဲ့ တစ်ဝက်လောက်က အသုံးပြုနေရပါတယ်။ အခုအချိန်အထိဒီနည်းပညာဟာ စိတ်ချရတယ်လို့ ယူဆထားကြပေမယ့် အွန်လိုင်းဘဏ်စနစ်မှာ log in ဝင်ရာမှာ အသုံးပြုနေတဲ့ authentication method ၂ မျိုးနဲ့ပတ်သက်ပြီး လုံခြုံရေးချိုးဖောက်မှုတွေပြုလုပ်နိုင်မယ့်နည်းစနစ်တွေကို ဟက်ကာတွေအနေနဲ့ ရှာတွေ့ထားတယ်လို့ဆိုပါတယ်။ ဒီအချက်ကို Trend Micro လို့ခေါ်တဲ့လုံခြုံရေးသုတေသနအဖွဲ့ရဲ့ သုတေသနမှူးတွေကရှာတွေ့ခဲ့ပါတယ်။ ပထမအဆင့်မှာ တိုက်ခိုက်မှုဟာ နာမည်ကြီးအွန်လိုင်းလက်လီသမားတွေရဲ့ နာမည်တွေကို ထည့်သွင်းထားတဲ့ အီးမေးလ်အတုတွေထဲက Retefe Trojan ဆိုတာကိုစတင်ပြီး ကွန်ပျူတာထဲထည့်သွင်းပါတယ်။ အဲဒီ malware ဟာ တိုက်ခိုက်ခံရသူရဲ့ ကွန်ပျူတာက DNS setting ကို ပြောင်းပစ်ပြီး SSL certificate ကို install လုပ်လိုက်ပါတယ်။ အဲဒီအချိန်မှာ အတိုက်ခိုက်ခံရသူဟာ သူပုံမှန်သုံးနေကြ ဘဏ်စနစ်ထဲကို အွန်လိုင်းကနေ ဝင်ရောက်မယ်ဆိုရင် မူရင်း site နဲ့ ချွတ်စွပ်တူအောင်ပြုလုပ်ထားတဲ့ site အတုထဲကို ပြောင်းလဲထားတဲ့ DNS setting ကြောင့်ရောက်ရှိသွားမှာပါ။ malware ကထည့်ထားတဲ့ SSL certificate က site အတုဟာ ပြဿနာရှိတယ်ဆိုတာကို browser မှာလာမပေါ်အောင်လုပ်ပေးပါလိမ့်မယ်။ အဲဒီမှာပဲအသုံးပြုသူဟာ site ဟာ အတုဖြစ်တယ်ဆိုတာကို ဘယ်လိုမှမသိနိုင်တော့ပါဘူး။ အဲဒီအချိန်မှာပဲ log in ဝင်လိုက်မယ်ဆိုရင် site အတုကအသုံးပြုသူကို mobile app တစ်ခု install လုပ်ဖို့ပြောပါမယ်။ အဲဒီနောက်မှာတော့ ခင်ဗျားအကောင့်ကသုံးလို့မရသေးပါဘူး။ ဘဏ်ကိုဆက်သွယ်ပါလို့ပြောပါမယ်။ တကယ်လို့ ဘဏ်ကိုဆက်သွယ်လို့ ဘဏ်ဘက်ကနေ SMS ပြန်ပို့တယ်ဆိုရင်အဲဒီ SMS ကို mobile app က ကြားဖြတ်ရယူပြီး၊ အခုနေ site အတုမှာ log in ဝင်ထားတဲ့အချက်အလက်တွေရယ်၊ SMS ထဲက data တွေရယ်ကိုသုံးပြီးတော့ တိုက်ခိုက်ခံရသူရဲ့ အကောင့်ထဲကပိုက်ဆံတွေကိုရယူသွားတော့မှာပါ။ နောက်ထပ် mTAN ကို တိုက်ခိုက်ပုံတစ်ခုကတော့ ဘဏ်ဝန်ဆောင်မှုအသုံးပြုသူတွေအနေနဲ့တိုက်ခိုက်ခံထားရတဲ့မိုဘိုင်းဖုန်းနဲ့ ကွန်ပျူတာတွေအချင်းချင်းအကြား ချိတ်ဆက်မှုကိုအသုံးပြုသွားတာပဲဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးမှာဆိုရင်တိုက်ခိုက်သူဟာ Karsten Nohl နဲ့ Jakob Lell တို့ ရှာတွေ့ခဲ့တဲ့ USB နဲ့ဆိုင်တဲ့လုံခြုံရေးယိုပေါက်လိုမျိုး ယိုပေါက်တွေကိုအသုံးပြုပြီး၊ ကွန်ပျူတာတစ်ခုလုံးကို စောင့်ကြည့်နေနိုင်တဲ့ မိုဘိုင်းဖုန်း software တစ်ခုကို ထည့်သွင်းထားပါမယ်။ အဲဒီကနေမှ login data တွေကိုရယူပြီး PC ကို ထိန်းချုပ်ထားမှာပါ။ အဲဒီလိုထိန်းချုပ်ထားချိန်မှာဘဏ်ရဲ့ site ထဲဝင်ရင်သုံးရတဲ့ username နဲ့ password တွေကိုရယူသွားမှာဖြစ်ပြီး mobile app က SMS တွေကို ကြားဖြတ်ရယူပါလိမ့်မယ်။

### တိုက်ခိုက်ခံထားရတဲ့ payment terminal များ

အွန်လိုင်းဘဏ်စနစ်ကို အသုံးမပြုဘူးဆိုသူတွေမှာတောင်မှ အန္တရာယ်ကရှိနေနိုင်ပါတယ်။ Black Hat conference မှာပဲ Jon Butler ဆိုသူက mobile payment terminal တွေမှာသုံးထားတဲ့ software ရဲ့ bug ကို ထုတ်ပြခဲ့ပါတယ်။ Butler ဟာ credit card မှာသုံးတဲ့ EMC chip ထဲမှာ attack code တွေ ရေးထည့်ပေးလိုက်ပြီး၊ အဲဒီ EMC chip ကို payment terminal က လှမ်းဖတ်လိုက်တယ်ဆိုတာနဲ့ malware program က system ထဲမှာ install လုပ်ပြီးသားဖြစ်သွားမှာပါ။ အဲဒီလိုနဲ့ Butler ဟာ system ကို လုံးလုံးလျားလျားထိန်းချုပ်သွားနိုင်မှာဖြစ်ပြီး၊ terminal အနေနဲ့ ကတ်တွေအပေါ်ဘာမှလေ့လာမှုမရှိဘဲ ငွေသားတွေထုတ်ပေးတော့မှာဖြစ်ပါတယ်။ အဲဒီလိုဆိုရင် အရင်က block လုပ်ထားတဲ့ကတ်တွေနဲ့ ငွေပြန်ထုတ်တာမျိုးတွေ လုပ်လို့ရလာပါလိမ့်မယ်။ EMC chips တွေဟာ အရင်တုန်းကတော့ လုံခြုံမှုရှိတယ်လို့လက်ခံထားခဲ့ကြပေမယ့် အခုအခါမှာတော့ Lucas Zaichkowsky ကနေ ဒီ chip ထဲမှာရှိနေတဲ့ data တွေကို ဘယ်လိုဖတ်ရမယ်၊ encrypted လုပ်ယူရမယ်ဆိုတာကို ရှာတွေ့သွားပြီဖြစ်ပါတယ်။ အဲဒီအတွက် ကတ်ကို hack တာမဟုတ်ဘဲ၊ အဲဒီ EMC chip ကို ဖတ်နိုင်တဲ့စက်တွေကိုတိုက်ခိုက်တာပါ။ RAM scraper ကိုသုံးပြီးတော့ EMC chip reader စက်ရဲ့ memory ထဲကိုဝင်ရောက်ပြီး encrypted လုပ်ပြီးသား chip ရဲ့ အချက်အလက်တွေကို ရယူတာဖြစ်ပါတယ်။ လက်ရှိအသုံးအများဆုံးသော အွန်လိုင်းဘဏ်စနစ်တွေရဲ့ လုံခြုံရေးအစီအမံတွေဟာ ဟက်ကာတွေအတွက် အချက်အလက်တွေခိုးယူနိုင်နေဆဲပဲဖြစ်ပါတယ်။ Customer အများစုဟာ mobile TANs တွေကို အသုံးပြုနေကြပါတယ်။ ဘဏ်တွေရဲ့အဆိုအရ ဒါဟာလုံခြုံတဲ့စနစ်တစ်ခုဖြစ်တယ်ဆိုပေမယ့် အခုအခါမှာတော့ ဟက်ကာတွေအနေနဲ့ ဘယ်လို တိုက်ခိုက်ရမယ်ဆိုတဲ့လမ်းကြောင်းကိုရှာတွေ့သွားပါပြီ။ အသုံးပြုသူအများစုအနေနဲ့ အွန်လိုင်းဘဏ်စနစ်မှာရှိနေတဲ့ အန္တရာယ်ရှိတဲ့အချက်တွေကို နားလည်မှုလွဲမှားနေဆဲပါ။ အွန်လိုင်း ဘဏ်စနစ်အသုံးပြုတွေရဲ့ ၃ ပုံ ၁ ပုံဟာ အိမ်သုံး PC တွေမှာပဲ အန္တရာယ်ရှိတယ်လို့ယူဆနေကြပါတယ်။ တကယ်တမ်းမှာ အွန်လိုင်းဘဏ်စနစ်မှာအသုံးပြုတဲ့ ကွန်ပျူတာတွေကလည်း အချက်အလက်တွေ ခိုးယူနိုင်ဖို့လွယ်ကူလွန်းနေပါတယ်။




### Card-hack

Electronic Cash တွေမှာအသုံးပြုတဲ့ EMC chip တွေဟာ အသုံးပြုသူတွေရဲ့ data တွေကို encrypted လုပ်ပြီး သိမ်းထားပေးပါတယ်။ အခုဆိုရင် ဟက်ကာတွေအနေနဲ့ ဒါကိုဘယ်လိုကျော်လွှားပြီး data တွေ ဖတ်ယူနိုင်တယ်ဆိုတာကို သဘောပေါက်နေပါပြီ။ အင်တာနက်ပေါ်မှာရှိတဲ့ နေရာအနှံ့အပြားကနေ ဟက်ကာတွေဟာ ငွေကြေးဆိုင်ရာအချက်အလက်တွေကို ရယူဖို့ကြိုးစားနေပါတယ်။ Phishing mail တွေဟာ အခုအချိန်အထိ ဆက်လက်တည်ရှိနေပြီး၊ ၂၃% သောအသုံးပြုသူတွေဟာ အဲဒီ email တွေကိုရရှိနေပါတယ်။ ဟက်ကာတွေဟာ ဒီ email တွေကိုသုံးပြီး account data တွေ လက်ထဲရောက်လာအောင် အသုံးချနေကြတာပါ။



## အန္တရာယ်ကြီးကြီးမားမားကျရောက်လာနေတဲ့ စမတ်ဖုန်းတွေ

အွန်လိုင်းလူဆိုးအဖွဲ့တွေဟာ ကျွန်တော်တို့ရဲ့ မိုဘိုင်းဖုန်းတွေထဲကို ဝင်ရောက်နိုင်ဖို့ ကြိုးစားနေပါတယ်။ security updates တွေကို install လုပ်ထားရုံနဲ့တော့ မလုံလောက်တော့ပါဘူး။ အိမ်သုံးကွန်ပျူတာတွေမှာလိုပဲ စမတ်ဖုန်းတွေဟာလည်း anti-virus software app တွေ ထည့်ပေးထားဖို့ လိုအပ်လာနေပါပြီ။ Black Hat hackers conference မှာဆိုရင် IT လုံခြုံရေး ကျွမ်းကျင်သူ Mathew Solnik နဲ့ Marc Blanchoud ဆိုတာ မိုဘိုင်းဖုန်းတွေရဲ့လုံခြုံရေးစနစ် အလုပ်လုပ်ပုံကိုချိုးဖောက်ပြီး စမတ်ဖုန်းတွေနဲ့ tablet တွေပေါ်မှာ malicious code တွေကို ထည့်သွင်းသွားနိုင်ဖို့ ဘယ်လိုလုပ်ဆောင်နိုင်တာဆိုတာကို သရုပ်ပြခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုဟာ iOS၊ Android နဲ့ Windows Phone တွေအားလုံးအပေါ်သက်ရောက်မှုရှိပါတယ်။ ဒါဟာ ဖုန်းရဲ့ OS နဲ့မဆိုင်ဘဲ service provider နဲ့ပိုဆိုင်ပါတယ်။ ဥပမာအားဖြင့် service provider တွေဟာ သူတို့ရဲ့ mobile telephone system profile တွေအပြောင်းအလဲလုပ်ရာမှာ update တွေ install လုပ်ပေးဖို့လိုပါတယ်။ ဒီ update တွေဟာ ဖုန်းရဲ့ပလက်ဖောင်းနဲ့ ဘာမှမပတ်သက်ပါဘူး။ အဲဒီ device တွေကို update လုပ်ပေးရာမှာသုံးတဲ့ security key ကိုရယူထားပြီး တိုက်ခိုက်မှုတွေကိုလုပ်ယူတာပါ။ အဲဒီ security key တွေထဲမှာဆိုရင် အစိတ်အပိုင်း ၂ ခု ပါပါတယ်။ ပထမတစ်ခုက International Mobile Station Equipment Identity လို့ခေါ်တဲ့ IMEI code ဒါမှမဟုတ် MEID (Mobile Equipment Identitier) code နှစ်မျိုးထဲက တစ်မျိုးမျိုးဟာ Device ID အဖြစ်ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ခုကတော့ဖုန်းထုတ်လုပ်သူရဲ့ key တွေပါ။ ဒီနှစ်ခုမှာ ဒုတိယတစ်ခုဟာ အလွန်ရိုးရှင်းတဲ့နည်းနဲ့ encrypt လုပ်ထားတာဖြစ်ပြီး၊ device အားလုံးအတွက် ပုံသေဖြစ်ပါတယ်။ အဲဒီအတွက် တိုက်ခိုက်သူတွေဟာ data တွေကို အလွယ်တကူပဲ လှမ်းယူနိုင်သွားပါတယ်။ မိုဘိုင်းဖုန်းကွန်ရက်တွေပေါ်မှာ encrypt လုပ်မထားပဲ ပေးပို့တာဖြစ်တဲ့အတွက် IMEI တွေနဲ့ MEID တွေကိုလည်း အလွယ်တကူပဲလှမ်းပြီးရယူနိုင်ပါတယ်။ တိုက်ခိုက်မှုတွေလုပ်နိုင်ဖို့ ဟက်ကာတွေအတွက်လိုအပ်နေတာက femtocell လို့ခေါ်တဲ့ mobile radio cell တွေပါ။ ဟက်ကာတွေက ဖန်တီးထားတာဖြစ်တဲ့ အဲဒီ cell အတွင်းမှာ တိုက်ခိုက်ခံရသူဟာ သူ့ဖုန်းကို register သွားလုပ်ပါလိမ့်မယ်။ ဒီ femtocell ကို တည်ဆောက်ရတာကလည်း မခက်ပါဘူး။ လိုအပ်တဲ့ပစ္စည်းကိရိယာတွေကလည်း အင်တာနက်ပေါ်မှာတင်ရနိုင်ပါတယ်။ ready-made device တွေတောင်ရှိပါတယ်။ ဟက်ကာတွေအနေနဲ့ access data တွေလည်းရနေပြီဆိုရင် device နဲ့ဆက်နွယ်နေတဲ့ conversation တွေကို လမ်းကြောင်းလွှဲပေးလိုက်နိုင်သလို၊ မိုဘိုင်းဖုန်းတွေထဲမှာ malicious software တွေကိုလည်း ထည့်သွင်းလိုက်နိုင်ပါတယ်။ access path တွေဟာ အဆင့်အမြင့်ဆုံး highest priority မှာရှိပြီး system ထဲမှာ နက်နက်ရှိုင်းရှိုင်း ငုတ်လျှိုးနေမှာဖြစ်တဲ့အတွက် anti-virus scanner တွေကလည်း ဒါကို ထောက်လှမ်းနိုင်ခြင်းရှိမှာမဟုတ်ပါဘူး။ ထိရောက်တဲ့ကာကွယ်မှုအတွက် service provider တွေကပဲ လုပ်ပေးရပါမယ်။ သူတို့ဘက်ကနေဖုန်းတွေနဲ့ code key တွေကို လုံလုံခြုံခြုံထားပေးနိုင်ဖို့ ကြိုးစားကာကွယ်ရမှာပါ။ လုံခြုံရေးဦးစားပေးမိုဘိုင်းဖုန်းတွေဟာလည်း လုံခြုံမှုမရှိပါဘူး။ သာမန်စမတ်ဖုန်းတွေကို တိုက်ခိုက်ဖို့လွယ်တယ်ဆိုရင် Blackphone လိုမျိုးလုံခြုံရေးကို ဦးစားပေးထားတဲ့ဖုန်းမျိုးတွေကရော တကယ်ပဲလုံခြုံပါရဲ့လား။ Black Hat conference မှာ ဒီဖုန်းအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ Blackphone ရဲ့အဓိကအချက်က သူက special sandbox တွေကို programmer တွေအတွက်ပေးထားပြီး app တွေကို sandbox ထဲမှာပဲ သီးသန့်လည်ပတ်စေပြီး ပြင်ပကအချက်အလက်တွေနဲ့ လုံးဝအဆက်အသွယ်ဖြတ်ထားတဲ့ နည်းကိုသုံးပါတယ်။ နောက်တစ်ခုက encryption software ပါဝင်တဲ့အတွက် message ပေးပို့မှုတွေ၊ ဖုန်းပြောတာတွေကို ကြားဖြတ်နားထောင်တာ၊ ရယူတာတွေလုပ်လို့မရပါဘူး။ ဒါပေမယ့် Justin Case လို့ခေါ်တဲ့ IT ကျွမ်းကျင်သူကတော့အဲဒီဖုန်းကိုငါးမိနစ်အတွင်း crack လုပ်ပြခဲ့ပါတယ်။ Case အနေနဲ့ အဲဒီစမတ်ဖုန်းမှာ အသုံးပြုထားတဲ့ OS ရဲ့အားနည်းချက် သုံးခုလောက်ကို ရှာတွေ့ခဲ့တာပါ။ အဲဒီကနေမှတဆင့် Android Debug Bridge ကိုလှမ်း activate လုပ်ပြီး root-access ကိုယူလိုက်တာဖြစ်ပါတယ်။ နောက်တော့ security certificate မရှိတဲ့ code တွေကို execute လုပ်ယူပါတယ်။ အစပိုင်းမှာ ဖုန်းထုတ်လုပ်သူတွေဘက်က သူတို့ဖုန်းရဲ့ အားနည်းချက်ကို ငြင်းဆန်ခဲ့ပေမယ့်နောက်ပိုင်းမှာ ပြန်လည်အသိအမှတ်ပြုခဲ့ရပြီး ဟက်ကာတွေရဲ့ကြိုးပမ်းအားထုတ်မှုကို ကျေးဇူးတင်ကြောင်း ပြောခဲ့ရပါတယ်။










### မိုဘိုင်း virus တွေအရေအတွက်တိုးလာ

Kaspersky ရဲ့လေ့လာမှုတွေအရ မိုဘိုင်း virus အရေအတွက် ၁ သိန်းခွဲလောက်ရှိပြီး၊ အဲဒီအထဲက ၁ သိန်းက ပြီးခဲ့တဲ့နှစ် အတွင်းမှ ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်။ Kaspersky ရဲ့အဆိုအရဆိုရင် ရှေ့ဆက်ပြီးတော့လည်း ဒီပမာဏဟာ တိုးလာဖို့ရှိနေပြီး၊ လာမယ့်နှစ်မှာလည်း ဒီထက်တိုးပြီးတွေ့ရှိရဖို့ရှိနေပါတယ်။

### အဓိကပစ်မှတ်ဖြစ်နေတဲ့ Android အသုံးပြုသူတွေ

Malware တွေရဲ့ ၉၈% လောက်ဟာ Android ကို ပစ်မှတ်ထားကြပါတယ်။ အခြေအနေအများစုမှာ anti-virus တွေလည်း အကူအညီမပေးနိုင်ပါဘူး။

### မိုဘိုင်းဖုန်းကို တိုက်ခိုက်မှု

Def Con security conference မှာ hacker တွေဟာ Blackphone ရဲ့ လုံခြုံရေးစနစ်ကို ချိုးဖောက်နိုင်ကြောင်း ပြသခဲ့ပါတယ်။ Silent Circle လို့ နာမည်ပေးထားတဲ့ ဖုန်းရဲ့လုံခြုံရေးဆိုင်ရာ အထူး software ဟာ hacker တွေကို မယှဉ်နိုင်ခဲ့ပါဘူး။

### ဟက်ကာတွေ တိုက်ခိုက်နိုင်တဲ့ နယ်ပယ်ပိုကျယ်ဝန်းလာခြင်း

စမတ်ဖုန်းအသုံးပြုသူတွေဟာ နှစ်စဉ်နဲ့အမျှ တိုးပွားနေပြီး အများစုက Android OS သုံးတွေဖြစ်ကြပါတယ်။ ဒါကြောင့် တိုက်ခိုက်မှုဟာ သက်ရောက်မှုပိုကြီးလာနေတာပါ။

